ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဥ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ အဖြစ် ဦးမြညိမ်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၄၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၆၈.၃၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးစံထွန်း၊ ကချင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီး စိုးလင်း၊ တပ်မတော်၊ ဘတ်ဂျက်ပူးပေါင်းအစည်းအဝေး။ ဦးညွှန့်လှိုင်၊ ဧရာဝတီ(၄)၊ ကော်မတီအစည်းအဝေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကော်မတီအစည်းအဝေး။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကော်မတီအစည်းအဝေး။ ဦးအေး၊ မန္တလေး(၇)၊ ကော်မတီအစည်းအဝေး။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ကော်မတီအစည်းအဝေး။ ဦးဌေးမောင်၊ မန္တလေး(၁၂)၊ ဘတ်ဂျက်ပူးပေါင်းအစည်းအဝေး။ ဦးလှသိန်း၊ မကွေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးဝင်းသိန်း၊ တပ်မတော်၊ ဘတ်ဂျက်ပူးပေါင်းအစည်းအဝေး။ ဗိုလ်မှူးချုပ်သက်ထွန်းအောင်၊ တပ်မတော်၊ တာဝန်ထမ်းဆောင်ရန် ရှိပါသည်။ ဗိုလ်မှူးဇဝန၊ တပ်မတော်၊ တာဝန်ထမ်းဆောင်ရန်။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကျန်းမာရေး။ ဦးကျွန်ခဲန်း၊ ချင်း(၁)၊ ကော်မတီ အစည်းအဝေး။ ဒေါက်တာမြင့်လှိုင်၊ စစ်ကိုင်း(၃)၊ ကျန်းမာရေးမကောင်း။ ဦးအောင်ကြည်ညွှန့်၊ မကွေး(၄)၊ ဘတ်ဂျက် အစည်းအဝေး။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကျန်းမာရေးမကောင်း။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနု၊ ရန်ကုန်(၁၀)၊ ကော်မတီအစည်းအဝေး။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ဘတ်ဂျက်အစည်းအဝေး။ ဒေါ်နော်မေးရီယန်၊ ကယား(၄)၊ ကော်မတီအစည်းအဝေး။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ နေမကောင်း။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ဘတ်ဂျက်အစည်းအဝေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ကော်မတီအစည်းအဝေး။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ကော်မတီအစည်းအဝေး။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကော်မတီ အစည်း

အဝေး။ ဗိုလ်မှူးတင်အောင်မိုး၊ တပ်မတော်၊ ကော်မတီအစည်းအဝေး။ ဦးဇော့ယိန်း၊ ချင်း(၁၁)၊ ကော်မတီအစည်းအဝေး။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ်မှာ ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၈)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၆၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ပေါက်တော - စစ်တွေ(ကစ္ဆပနဒီ) မြစ်ဝကူးတံတားကြီးတစ်စင်းနှင့် စစ်တွေ-အင္ဂမော် (ရသေ့တောင်) မေယု မြစ်ဝဖြတ် တံတားကြီးတစ်စင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် က ပေါက်တော - စစ်တွေ(ကစ္ဆပနဒီ) မြစ်ဝကူး တံတားကြီးတစ်စင်းနှင့် စစ်တွေ-အင္ဂမော်(ရသေ့တောင်) မေယု မြစ်ဝဖြတ် တံတားကြီးတစ်စင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်ချီးမြှင့်ပေးကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဒုတိယဝန်ကြီးများနဲ့ ကြွရောက်လာကြတဲ့ ပညာရှင်များခင်ဗျား။

ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကိုမေးဖို့ ရည်ရွယ်ထားတာတော့ကြာပါပြီ။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်လို့ ဦးလှဆွေ အဆိုပြုစဉ်တုန်းကလည်း ဒီမေးခွန်းနဲ့ပတ်သက်လို့ နိမိတ်ဖတ်တဲ့ အစီအစဉ်လေးတွေကို တင်ပြဆွေးနွေးဖူးပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြီးခဲ့တဲ့ကာလတွေမှာ ဘုရင့်နောင်တံတားကြီး၊ နံပါတ်(၂)ကို လှိုင်မြစ်ကိုဖြတ်ပြီးကာမှ အောင်အောင်မြင်မြင် တည်ဆောက်ပြီးတဲ့ နောက်ပိုင်းမှာ ကျွန်တော် ဒီမေးခွန်းကို မေးမှဖြစ်တော့မယ်ဆိုတဲ့သဘော ရလာပါတယ်။ ကျွန်တော်တို့ ပင်လယ်တို့၊ မြစ်တို့၊ ချောင်း တို့ကို ဖြတ်ပြီးကာမှ တံတားတည်ဆောက်တယ်ဆိုတာ ကမ်းနှစ်ဖက်မှာရှိတဲ့ လူထုအတွက် အင်မတန်ကိုမှ အကျိုးကျေးဇူးရှိပါတယ်။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း အဓိကအခြေခံလိုအပ်ချက် ဖြစ်ပါတယ်။ အဲဒါကြောင့်လည်းပဲ ပြီးခဲ့တဲ့အစိုးရအဆက်ဆက်မှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဟာ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း စသည်ဖြင့် မြစ်ကူးတံတားကြီးတွေ ဧရာဝတီမြစ်ဝှမ်း၊ ရန်ကုန်မြစ်ဝှမ်း၊ ပဲခူးမြစ်ဝှမ်းတို့မှ မြစ်ကူးတံတားကြီးတွေကို တည်ဆောက်ထားခဲ့ကြတာကို တွေ့တဲ့အခါမှာ အလွန့်အလွန်မှ ဝမ်းမြောက်ဂုဏ်ယူရပါတယ်။

ပြည်ထောင်စုမှာ ကျွန်တော်တို့ ပြောပြောနေကြတဲ့ ဒို့တာဝန်အရေးသုံးပါးဆိုတဲ့ ကဏ္ဍရဲ့ အခြေခံဟာ ပွင့်ပွင့်လင်းလင်းပြောရလို့ရှိရင် တိုင်းရင်းသားဒေသတွေနဲ့ ကူးလူးဆက်သွယ်မှုရှိတဲ့ Interior Structure ပိုင်းကို ဘယ်လောက်တည်ဆောက်ထားနိုင်သလဲဆိုတဲ့ စေတနာပါမှုဟာ အခရာ ကျပါတယ်။ အဲဒါကြောင့် ပြည်သူ့ဆောက်လုပ်ရေးကဏ္ဍရဲ့ အရေးကြီးမှုကို ဒီနေရာမှာလည်း ဖော်ညွှန်း လိုပါတယ်။ ကျွန်တော်တို့ရဲ့ လူမှုဘဝ ပင်ရင်းအခြေခံဖြစ်တဲ့ ဒီကျန်းမာရေး၊ ပညာရေး၊ အဓိက မြှင့်ဖို့အတွက် ဒီလမ်းတို့၊ လျှပ်စစ်တို့၊ တံတားတို့ ဆိုတာမျိုးဟာ ကုန်သွယ်မှု ပင်မလုပ်ငန်းအတွက် အင်မတန် အခရာကျတဲ့အခါမှာ ဒီ Interior Structure ပိုင်းကို Master Plan တစ်ခုနဲ့ ဘယ်လိုလှမ်း ကွန်ချက်ချိတ်ပြီးကာမှ ပြည်ထောင်စုတစ်ခုလုံးကို ဖြန့်ကြက်ထားမလဲဆိုတဲ့ မဟာဗျူဟာ ဟာ ကျွန်တော်တို့ ပြော

ပြောနေကြတဲ့ ဒို့တာဝန်အရေး(၃)ပါးရဲ့ အခြေခံဖြစ်သလို ကျွန်တော်တို့ရဲ့ တိုင်းရင်းသား ချစ်ကြည်မှု အတွက်လည်း အင်မတန်လိုအပ်ပါတယ်။

တစ်ဆက်တည်းပါ။ ကျွန်တော်တို့ရဲ့ ဒီကုန်းတွင်း ပိတ်လှောင်ထားတဲ့ ဒေသမှာရှိတဲ့ လူနေမှု ဘဝ နိမ့်ကျနေတဲ့ ဒေသတစ်ခုကို ပင်လယ်ထွက်ပေါက်ယူပြီးကာမှ ကမ္ဘာ့ဒေသများစွာနဲ့ ကုန်သွယ်မှု လုပ်နိုင်ခြင်းဟာ ပွင့်ပွင့်လင်းလင်းပြောရလို့ရှိရင် လက်ရှိကာလ၊ အတိတ်ကာလ၊ နောင်ကာလ မှာရှိကြမယ့် အုပ်ချုပ်တဲ့အစိုးရ အဆက်ဆက်ရဲ့ ဥာဏ်အမြော်အမြင်ကြီးမှုကို ဖော်ညွှန်းပါတယ်။

ပင်လယ်ကူးဆိပ်ကမ်းကြီးတွေနဲ့ ဖွံ့ဖြိုးတိုးတက်သွားတဲ့ နိုင်ငံကြီးတွေဟာ ကမ္ဘာမှာ အများကြီး ရှိပါတယ်။ ဒီပင်လယ်ကူးဆိပ်ကမ်းကြီးတွေ ဖွင့်လှစ်တည်ရှိသည့်အခါမှ ဒီအားသာချက်ကို မယူနိုင်ခဲ့ဘူး ဆိုရင် ကျွန်တော်တို့သည်လည်းကောင်း၊ အတိတ်ကအစိုးရသည်လည်းကောင်း၊ နောင်လာလတ္တံ့သော အစိုးရများသည်လည်းကောင်း၊ ပြည်သူလူထုအတွက် တာဝန်မကျေနိုင်ဘူးလို့ ကျွန်တော်တို့သုံးသပ်လို့ရ ပါတယ် ။

ပြည်ထောင်စုရဲ့ ဒေသတစ်ခုသည် ကမ္ဘာကြီးရဲ့ ဆက်စပ်တဲ့ အင်မတန်ကို Start State ကျတဲ့ ဧရိယာတစ်ခုမှာ ရှိတယ်လို့ သတ်မှတ်ယုံကြည်နိုင်တဲ့ အခြေအနေတစ်ခုမှာ အဲဒီဒေသရဲ့ အားသာချက်ကို ပြည်ထောင်စုကြီးရဲ့ အားသာချက်အဖြစ် ကျွန်တော်တို့ အသွင်မပြောင်းနိုင်ခဲ့ရင်လည်းပဲ ကျွန်တော်တို့ရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွန်တော်တို့ရဲ့ ပြည်သူလူထုအတွက် ကျွန်တော်တို့မှာ တစ်စုံတစ်ခု လစ်ဟင်းနေတယ်ဆိုတဲ့ ခံယူချက်ဟာ နိုင်ငံသူ၊ နိုင်ငံသားများနဲ့အတူ အုပ်ချုပ်တဲ့ ပုဂ္ဂိုလ်အားလုံး ကျွန်တော်တို့ရဲ့ နိုင်ငံရေးမိတ်ဆွေတွေ အားလုံးရင်ထဲမှာ ရှိကြမယ်လို့ သုံးသပ်ပါတယ်။

ကျွန်တော်တို့ အထူးသဖြင့် ရခိုင်ဒေသဆိုတာမျိုးက တောင်အာရှ၊ အာရှ၊ အရှေ့တောင်အာရှနဲ့ ဆက်စပ်တဲ့ တထစ်ကို ပထဝီနိုင်ငံရေးရဲ့ဆက်ကျောင်းကြီးပေါ်မှာ တည်ရှိတယ်ဆိုတာကိုတော့ဖြင့် တဖြည်းဖြည်းနဲ့ ကမ္ဘာရဲ့ မဟာဗျူဟာပြောင်းရွှေ့မှုအရ အသိအမှတ်ပြုလာတဲ့အနေအထားမှာ ရောက်ရှိ နေပါပြီ။

အဲဒါကြောင့် ဒီမဟာဗျူဟာ အရေးကြီးတဲ့နေရာကို ကျွန်တော်တို့ ဘယ်လိုထိထိမိမိအသုံးချရ မလဲ။ ဒီဆက်စပ်ဧရိယာရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ယူပြီးမှ ပြည်ထောင်စုတစ်ခုလုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ကျွန်တော်တို့ ဘယ်လိုအသုံးပြုမလဲဆိုတဲ့ ကဏ္ဍဟာ ပွင့်ပွင့်လင်းလင်းပြောလို့ရှိရင် ခုန နိုင်ငံရေးမှာ ပါဝင်နေကြတဲ့ ပုဂ္ဂိုလ်တွေ၊ ပြည်ထောင်စုကြီးရဲ့ ဦးဆောင်ဦးရွက်ပြုနေတဲ့ အစိုးရအဖွဲ့အပါအဝင် အုပ်ချုပ်တဲ့ ယန္တရား အားလုံးအပေါ်မှာ မူတည်တယ်လို့ ကျွန်တော်တို့သုံးသပ်ပါတယ်။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှုဟာ အဲဒီဒေသရဲ့ တည်ငြိမ်အေးချမ်းမှုအပေါ်လည်းတိုက်ရိုက် (သို့မဟုတ်)သွယ်ဝိုက်သောနည်းအားဖြင့် အထောက်အကူပြုပါတယ်။ အဲဒါကြောင့်မိုလို့ လုံခြုံမှု အစီအမံ ကို ကျွန်တော်တို့ပြည့်ပြည့်ဝဝ ထားနိုင်ခဲ့မယ်ဆိုရင် ဖွံ့ဖြိုးမှု Indet ဟာ ကျွန်တော်တို့ရဲ့ဒေသမှာ မြင့်လာနိုင်တယ်လို့ သုံးသပ်ပါတယ်။ အဲဒါကြောင့်လုံခြုံဖွံ့ဖြိုးတိုးတက်တဲ့ ဒေသတစ်ခုဖြစ်ပြီးမှ ကျွန်တော် တို့ရဲ့ ပြည်ထောင်စုနဲ့အတူ လက်တွဲချီတက်သွားနိုင်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ဒေသဟာ လက်ရှိ အခြေ အနေထက် ပိုပြီးတော့ အေးချမ်းလုံခြုံတဲ့ ဒေသတစ်ခုဖြစ်သွားနိုင်တယ်လို့ သုံးသပ်ပါတယ်။

ဒါကြောင့်မို့လို့ အိန္ဒိယ အစိုးရဟာ ကျွန်တော်တို့ရဲ့ အရှေ့မြောက်ဒေသ၊ အိန္ဒိယ ရဲ့ အရှေ့မြောက်ဒေသဖြစ်တဲ့ အာသံ၊ မဏိပူရဖွံ့ဖြိုးတိုးတက်မှုကို အဓိကလမ်းကြောင်းမှာကျနေတဲ့ ကျွန်တော်တို့ရဲ့ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရဲ့ ပင်လယ်ဆိပ်ကမ်းကြီးဖွံ့ဖြိုးဖို့အတွက် သန်းပေါင်းများစွာရင်းနှီးပြီးမှ ကျွန်တော်တို့ ဆိပ်ကမ်းဖွံ့ဖြိုးမှုကို ဆောင်ရွက်နေပါတယ်။

ဒီရခိုင်ပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ ကုလားတန်မြစ်ဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပင်မဖြစ်တဲ့ စစ်တွေပင်လယ်ကူးဆိပ်ကမ်းဖွံ့ဖြိုးမှုရဲ့ အားသာချက်ကို အသုံးပြုပြီး ကျွန်တော်တို့ရဲ့ မြေလတ်ဒေသမှာရှိတဲ့ ဆီထွက်သီးနှံများစွာထွက်တဲ့ မြန်မာပြည်အလယ်ပိုင်းရဲ့ ပိတ်လှောင်နေတဲ့ လူထုရဲ့ ထွက်ပေါက်အဖြစ် တကယ်လို့ အသုံးပြုနိုင်ခဲ့မယ်ဆိုရင် ကျွန်တော်တို့ရဲ့ လမ်းတစ်လျှောက်မှာရှိတဲ့ တိုင်းရင်းသားပြည်သူအားလုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်ချေရှိတယ်လို့လည်း သုံးသပ်ပါတယ်။

အဲသလိုပဲ တကယ် ကျွန်တော်တို့ရဲ့ဒီ ပွင့်ပွင့်လင်းလင်းပြောရလို့ရှိရင် မေယုနယ်ခြားဒေသဆိုတာ ပြီးခဲ့တဲ့ကာလမှာရှိခဲ့တယ်။ အခုလည်းပဲ ဘူးသီးတောင်၊ မောင်တော စတဲ့ဒေသတစ်ခုကို သီးသန့်နယ်မြေဖြစ်အောင် ဖန်တီးနေတဲ့ အင်အားစုတစ်စုဟာ ရှိတယ်လို့ ကျွန်တော်တို့ လုံခြုံမှုအရ သုံးသပ်ပါတယ်။ ဒီနယ်စပ်ဒေသဖြစ်တဲ့ ဒီနယ်ခြားဒေသ သဘောဖြစ်နေတဲ့ မေယုကမ်းခြေဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကိုသာလျှင် ကျွန်တော်တို့ရဲ့ စစ်တွေဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆက်စပ်ပေးနိုင်ခဲ့မယ်ဆိုရင် ဒေသရဲ့ လက်ရှိဖြစ်ပွားနေတဲ့ တည်ငြိမ်အေးချမ်းမှု မေ့တဲ့အခြေအနေ ကနေ စီးပွားဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်း တစ်ခုကို ပုံဖော်ပြီးမှ အလုပ်အကိုင် အခွင့်အလမ်းရမယ်။

မေယုမြစ်ရဲ့ မြစ်ဝှမ်းဒေသဖွံ့ဖြိုးတိုးတက်လာမယ်၊ မေယုမြစ်ရဲ့ တောင်ခြမ်း၊ မြောက်ခြမ်းမှာ အနောက်ခြမ်း၊ အရှေ့ခြမ်းမှာ ရှိတဲ့ လမ်းတွေကို ဆက်သွယ်ပေးနိုင်မယ်ဆိုရင် လုံခြုံမှု အစီအမံအားဖြင့် ပိုပြီးအင်အားတောင့်တင်းပြီးမှ မေယုမြစ်ပြန်လည်တည်ဆောက်၍ မေယုကမ်းခြေ ပြန်လည်တည်ဆောက်ရေးအတွက် အင်မတန်အရာရောက်တယ်လို့ သုံးသပ်ပါတယ်။

အဲသလိုပဲ တကယ်လို့များ စစ်တွေမြို့ ပင်လယ်ကူးဆိပ်ကမ်းနဲ့ မေယုကမ်းခြေဒေသကိုသာ ဆက်စပ်ပေးနိုင်ခဲ့မယ်ဆိုရင် ဖြစ်ထွန်းလာမယ့် အနာဂတ်ကာလမှာ အငူမော် မြို့သစ်တည်ဆောက်ခြင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းကို ပြန်လည်တည်ဆောက်ခြင်း၊ လုံခြုံမှုအစီအမံပြန်လည်ခင်းခြင်းဆိုတဲ့ ဒီခေတ်မဟာဗျူဟာအရ အရေးကြီးတဲ့နေရာမျိုးကို ကျွန်တော်တို့ ဆောင်ကြဉ်းပေးနိုင်မယ်လို့ သုံးသပ်ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ဆက်စပ်တဲ့ မြေလတ်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ပင်လယ်ကူးဆိပ်ကမ်းရဲ့ အားသာချက်ကို အသုံးပြုပြီးမှ တည်ငြိမ်အေးချမ်းတဲ့ ရခိုင်ဒေသကို လုံခြုံမှု အစီအမံကို ထားနိုင်ရေးဆိုတဲ့ ဦးတည်ချက်ကို မူတည်ပြီးမှ မေးခွန်းလေးခုလောက်ကို မေးဖို့ စီစဉ်ထားပါတယ်။

အဲဒီမေးခွန်းကတော့ (က)ရန်ကုန်-မင်းဘူး-အမ်း-မင်းပြား-မြောက်ဦး-ကျောက်တော်-စစ်တွေလမ်း၏အရေးပါသော မိုင်(၈၀)မှ (၁၀၀)ခန့်အား ကျုံ့စေမည့် စစ်တွေပင်လယ်ကူးဆိပ်ကမ်းနှင့် လျင်မြန်စွာ ချိတ်ဆက်နိုင်သော မင်းပြား - ပေါက်တော - စစ်တွေ လမ်းပိုင်း တည်ဆောက်နိုင်ရန် ပေါက်တောမှ စစ်တွေ (သို့မဟုတ်)ပုဏ္ဏားကျွန်း မြို့တွေကိုဖြတ်ပြီးတော့ ကစ္ဆပနဒီမြစ်ကူးတံတားကြီးတစ်စင်းကို တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြေကြားပေးစေလိုပါသည်။

နံပါတ်(၂)က အစီအစဉ်ရှိပါက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ရန်စီမံကိန်းရေးဆွဲထားသည်၊ မရှိပါကလည်း ဘာကြောင့်ဖြစ်သည်တို့ကို ရှင်းပြပေးစေလိုပါသည်။ (၃) ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်း လုံခြုံဖွံ့ဖြိုးစေရေးအတွက် ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ အချိန်နဲ့တစ်ပြေးညီ သွား၊ လာ၊ ကုန်စည်ပို့ဆောင်နိုင်မည့် စစ်တွေ - အငူမော်၊ (ရသေ့တောင်) မေယုမြစ်ဝဖြတ် တံတားကြီးတစ်စင်းကို ပြည်ထောင်စုအစိုးရ၏ အစီအမံဖြင့်သော်လည်းကောင်း၊ နိုင်ငံတကာအစိုးရများ၏ ပဋိပက္ခပြေငြိမ်းရေး ဆောင်ကြဉ်းပေးနေသည့် အစီအစဉ်များအရ သော်လည်းကောင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်။

(၄) အစီအစဉ်ရှိပါက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ Master Plan ၏အစိတ်အပိုင်းတစ်ရပ်အဖြစ် နိုင်ငံတကာ မိတ်ဖက်အစိုးရအဖွဲ့များနှင့် မည်သို့ ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရမှ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပေးရန် စီစဉ်ထားပြီး မည်သည့်ခုနှစ်တွင် စတင်တည်ဆောက်နိုင်မည်၊ မျှော်မှန်းသည်၊ အစီအစဉ်မရှိပါက ဘာကြောင့်ဖြစ်သည်တို့ကို ဖြေကြားရှင်းလင်းပေးစေလိုပါသည် ဆိုတဲ့ မေးခွန်း(၄)ခုကို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စု ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၉။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများအားလုံး သုခမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း၊ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)မှ ကိုယ်စားလှယ်ကြီး ဒေါက်တာအေးမောင် မေးမြန်းထားတဲ့ မေးခွန်း(၄)ခုကို ဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်း(က)နဲ့(ခ)ကတော့ ရန်ကုန်-မင်းဘူး-အမ်း-မင်းပြား-မြောက်ဦး-ကျောက်တော်-စစ်တွေလမ်းရဲ့ အရေးပါတဲ့ မိုင်(၈၀)မှ(၁၀၀)ခန့် ကျုံ့သွားစေနိုင်တဲ့ စစ်တွေပင်လယ်ကူးဆိပ်ကမ်းနဲ့ လျင်မြန်စွာချိတ်ဆက်နိုင်တဲ့ မင်းပြား-ပေါက်တော-စစ်တွေ လမ်းအပိုင်း တည်ဆောက်နိုင်ရန် ပေါက်တောမှ ပုဏ္ဏားကျွန်းမြို့နယ်အထိ ဖြတ်သန်းတည်ဆောက်မယ့် ကစ္ဆပနဒီမြစ်ဝကူးတံတားကြီးတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပြီးတော့ မေးခွန်း(ခ)ကတော့ အစီအစဉ်ရှိပါက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် မည်သည့်ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ရန် စီမံကိန်းရေးဆွဲထားသည်၊ မရှိပါက ဘာကြောင့်ဖြစ်သည်တို့နဲ့ပတ်သက်တဲ့ မေးခွန်းကို ပထမဦးစွာ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မင်းဘူး-အမ်း-မင်းပြား-မြောက်ဦး-စစ်တွေ လမ်းရဲ့ အရေး ပါတဲ့ မိုင်(၈၀)က(၁၀၀)ခန့်အထိ ကျုံ့စေမဲ့ ကစ္ဆပနဒီ မြစ်ဝကူးတံတားရဲ့ စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှု Feasibility Study လုပ်ငန်းဆောင်ရွက်နိုင်ရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပုဏ္ဏားကျွန်း၊ ပေါက်တောလမ်းအပိုင်းအား ကွင်းဆင်း တိုင်းတာဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်နေတဲ့ အချိန်မှာပဲ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးရဲ့ ၃၁-၈-၂၀၁၄ မှ ၃-၉-၂၀၁၄ ရက်နေ့ ရခိုင် ပြည်နယ်ခရီးစဉ်မှာလည်း သံအမတ်ကြီးမှ အဆိုပါ ပုဏ္ဏားကျွန်း၊ ပေါက်တောလမ်း အပိုင်းအား Feasibility Study ပြုလုပ်စေချင်ကြောင်းနဲ့ ဒီအပိုင်းနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်မှုများကို သူ့နိုင်ငံက သက်ဆိုင်ရာ ဝန်ကြီးဌာနကို ပြန်လည်တင်ပြပေးပါမယ်လို့ မေတ္တာရပ်ခံချက်အရ ဆောက်လုပ်ရေးဝန်ကြီး ဌာန မှလည်း အသေးစိတ် ကျွန်တော်တို့ တိုင်းတာဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီမှာ အသေးစိတ်တိုင်းတာ ဆောင်ရွက်လို့ရရှိတဲ့ အပိုင်းနဲ့ ပတ်သက် ပြီးတော့ ကျွန်တော်ပိုမို ရှင်းလင်းစေရန် Power Point နဲ့ ကျွန်တော်တင်ပြပါ့မယ်။ ပထမဦးဆုံး ကျွန်တော်တို့ ရွေးချယ်ထားတဲ့ တံတားလျာထားလမ်းကြောင်း (၁) ဖြစ်ပါတယ်။ အဲဒီ (၁)ကတော့ တစ်ဖက်မှာ ပုဏ္ဏားကျွန်းဘက်မှာ ဦးရစ်တော်တောင် ဆိုတာ ရှိပါတယ်။ အဲဒီတောင်အနီးကနေပြီးတော့ ဒီဘက်တစ်ဖက် ပေါက်တောမြို့ဘက်ခြမ်းမှာ ငဝက်စွေရွာ အထိ ကျွန်တော်တို့ ရွေးချယ်ထားတဲ့ လမ်းကြောင်း ဖြစ်ပြီးတော့ ဒီလမ်းကြောင်းရဲ့ တံတားပေအရှည်ဟာ (၇၇၉၀)ပေ ဖြစ်ပါတယ်။ ပြီးရင် ဒုတိယလျာထားလမ်းကြောင်း အမှတ်(၂)ဖြစ်ပါတယ်။ ဒီအမှတ်(၂)ကတော့ ပုဏ္ဏားကျွန်းဘက်မှာ တန်ဆွေ ကျေးရွာနဲ့ ကျော်ဇံကျေးရွာကြားကနေပြီးတော့ လမ်းကြောင်း ရွေးချယ်ထားပါတယ်။ ပေါက်တောဘက် မှာ လက်ပံပြားကျေးရွာနဲ့ လာရောက်ဆက်တဲ့ လမ်းဖြစ်ပြီးတော့ ဒီတံတားရဲ့အရှည်က(၈၂၅၀)ပေ ဖြစ်ပါတယ်။ ဒီအပြင် အခြားလမ်းကြောင်း နှစ်ခုလည်း ရွေးချယ်ထားပေမယ့် အဲဒီလမ်းကြောင်းတွေက ကမ်းတည်ငြိမ်မှု မရှိတဲ့အတွက် ဦးစားပေးရွေးချယ်တဲ့အထဲမှာ ပါဝင်ခြင်းမရှိဘဲ ဒီလမ်းကြောင်းနှစ်ခု ကိုသာ ရွေးချယ်ထားခြင်း ဖြစ်ပါကြောင်း ဒါ ကျွန်တော် သူတို့ရဲ့ Feasibility Study အရ ရွေးချယ်မှုကို တင်ပြအပ်ပါတယ်။ ဒီတံတားကြီးကို ကျွန်တော်တို့ တည်ဆောက်မယ်ဆိုရင် ဒီတံတားနဲ့ တစ်ဆက်တစ်စပ် တည်းဖြစ်တဲ့ ကားလမ်းအပိုင်းကလည်း တစ်ခါတည်း တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ဒီကားလမ်းအပိုင်း က ဒီမှာ ရှိနေပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ တည်ဆောက်ရမှာ ဖြစ်ပါတယ်။

အကယ်၍ ဒီလမ်းကြောင်း ရွေးရင်တော့ ဒီလမ်းကြောင်းက (၇)မိုင် ရှိပြီးသားဖြစ်ပါတယ်။ ဒီလမ်းကြောင်းဆိုရင်တော့ အသစ်ထပ်မံဖောက်ရမှာ ဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့ဟာ ဒီတံတားကြီး ကို အမှန်တကယ် တည်ဆောက်ဖို့အတွက် လိုအပ်ချက်တွေကို ပြန်သုံးသပ်တဲ့အခါမှာ တိုင်းတာထားတဲ့ တံတားတွေရဲ့ ဟိုဘက်ကမ်း ဒီဘက်ကမ်း ဟိုဘက်က ပေါက်တောဘက်ကမ်းကနေ ဒီဘက်ကမ်း ဒါကတော့ တော်တော်ရှည်လျားတဲ့အတွက် ကျွန်တော်တို့ရွေးချယ်ထားတဲ့ လမ်းကြောင်းနေရာ ဖြစ်ပါတယ်။ ဒါကတော့ (၈၂၀၀)ပေရှည်တဲ့ အပိုင်း ဖြစ်ပါတယ်။ တန်ဆွေကျေးရွာနဲ့ ကျော်ဇံကျေးရွာဘက်မှာတစ်ခု လက်ပံပြားကျေးရွာဘက်မှတစ်ခု ဒါ ရွေးချယ်ထားတဲ့ လမ်းကြောင်းတွေ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီတံတားကြီး တည်ဆောက်ဖို့အတွက် ကျွန်တော်တို့က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ဖို့ အစီအစဉ် လုပ်ထားသော်လည်းပဲ Feasibility Study နဲ့ ဒီဇိုင်းများ သေချာမှုမရှိသေးတဲ့အတွက် ဆောင်ရွက်နိုင်ခြင်းမရှိဘဲနဲ့ ဒီ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်ပြီးတော့ ရန်ပုံငွေလျာထားပြီး

ဆောင်ရွက်ဖို့ စီစဥ်ထားပါတယ်။ ဒီပြင် ပြည်ပနိုင်ငံများ အကူအညီရရှိရင်လည်း အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ဖို့ ရှိပါကြောင်း ပထမ မေးခွန်းနဲ့ပတ်သက်ပြီးတော့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ မေးခွန်း(ဂ) ဖြစ်တဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်း လုံခြုံဖွံ့ဖြိုးစေရေးအတွက် ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ အချိန်နဲ့တစ်ပြေးညီ သွားလာ ကုန်စည်ပို့ဆောင် နိုင်မည့် စစ်တွေ၊ အင်္ဂမော်၊ ရသေ့တောင်၊ မေယုမြစ်ဝဖြတ်တံတားကြီး တစ်စင်းကို ပြည်ထောင်စုအစိုးရရဲ့ အစီအမံဖြင့်သော်လည်းကောင်း၊ နိုင်ငံတကာအစိုးရရဲ့ ပဋိပက္ခ ပြေငြိမ်းရေး ဆောင်ရွက်ပေးနေတဲ့ အစီအစဥ်များအရ သော်လည်းကောင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုတဲ့မေးခွန်းနဲ့ မေးခွန်း (ဃ) မှာ အစီအစဥ် ရှိပါက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး Master Plan ရဲ့ အစိတ်အပိုင်းတစ်ရပ် အဖြစ် နိုင်ငံတကာ မိတ်ဖက်အစိုးရအဖွဲ့များနဲ့ မည်သို့ ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရမှ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် တည်ဆောက်ပေးရန် စီစဥ်ထားသည်၊ မည်သည့်နှစ်တွင် စတင်တည်ဆောက် နိုင်မည် မျှော်မှန်းသည် အစီအစဥ် မရှိပါက ဘာကြောင့် ဖြစ်သည်တို့ကို ရှင်းလင်း ဖြေကြားပေးရန် မေးခွန်းနဲ့ပတ်သက်ပြီးတော့ တင်ပြမှာ ဖြစ်ပါတယ်။

မေယုမြစ်ဝတံတား တည်ဆောက်မယ့် ခန့်မှန်းနေရာကို ကျွန်တော်တို့ ဒီမှာ ပြန်လည်ပြီးတော့ တိုင်းတာတဲ့အခါမှာ ဒါ မေယုမြစ်ဝ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာအေးမောင် တင်ပြသွားတဲ့အတိုင်း စစ်တွေကနေပြီးတော့ အလယ်သံကျော်ထိ သွားတဲ့လမ်းပိုင်း ဖြစ်ပါတယ်။ ဒီလမ်းမှာ ကျွန်တော်တို့က မေယုမြစ်ဝမှာ ဒီတံတားကြီးကို ကျွန်တော်တို့ တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ဒီတံတား ကြီးကို တည်ဆောက်ဖို့ ကျွန်တော်တို့က ပဏာမ တိုင်းတာလိုက်တဲ့အခါမှာ မေယုမြစ်က (၂၁၅၀) Bank to bank တစ်ဖက်ကမ်းနားအလိုက်က (၂၁၅၀) ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့က ဒီမြစ်ကြီးက အရမ်းကျယ်တဲ့အတွက် တစ်ဖက်ကို နောက်ထက် ချဥ်းကပ်တံတားအနေနဲ့ တစ်ဖက်ကို ပေ (၂၀၀၀) ထည့်လိုက်ရင် အားလုံး ပေ(၄၀၀၀)ပေါင်းလိုက်တဲ့အတွက် (၂၅၅၀၀)ပေ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီတံတားကြီးကို ဆောင်ရွက်ဖို့အတွက် ဒါကို သံမဏိသံဘောင်နဲ့လည်း ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ကုန်ကျမယ့် ငွေကို အကြမ်းဖျင်း ခန့်မှန်းလိုက်တဲ့ အခါမှာ မြန်မာငွေနဲ့ဆိုရင် ကျပ်ဘီလီယံ (၁၁၄.၇၅)ဘီလီယံ ကုန်ကျမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အနေနဲ့ ဒီမြစ်ဝနဲ့ပတ်သက်ပြီးတော့ ပြန်လည်သုံးသပ်တဲ့ အခါမှာ ရေတက်ရေကျကလည်း ရှိတယ်။ ပင်လယ်နဲ့လည်း အလွန်နီးကပ်နေတယ်။ လှိုင်းလေလည်း ထန်တယ်။ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်တဲ့အခါမှာ ဒီလိုအချက်အလက်တွေကို များစွာ ထည့်သွင်းစဥ်းစားရပါတယ်။ ဒီအပြင် ကျွန်တော်တို့က လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း မဖြစ်မနေလိုအပ်တဲ့ဟာ တစ်ခုဖြစ်နေ တဲ့အတွက် တံတားမတည်ဆောက်နိုင်သေးတဲ့ ကာလမှာတောင် ဇက်ရေယာဥ်နဲ့ စီစဥ်ထားဖို့ လိုအပ်တယ် ဆိုတာလေးကို ကျွန်တော်တို့ သုံးသပ်ရရှိပါတယ်။ ဒီတံတားကြီးကို နောင်တစ်ချိန်မှာ တည်ဆောက်မယ် ဆိုလို့ရှိရင်လည်း ပင်လယ်ပြင်နဲ့ နီးကပ်စွာ တည်ရှိတဲ့အတွက် ကျွမ်းကျင်တဲ့ အင်ဂျင်နီယာတွေ၊ ကျွမ်းကျင်တဲ့ လုပ်သားတွေ၊ ခေတ်မီစက်ယန္တရားတွေနဲ့ တည်ဆောက်ရေးပစ္စည်းများ အဆင့်မြင့်ပညာနဲ့ နိုင်ငံတကာအကူအညီ ငွေကြေးများကို နိုင်ငံတော်မှ ခွင့်ပြုနိုင်တဲ့ ရန်ပုံငွေနဲ့ ပေါင်းစပ် ပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတဲ့ဟာကို သုံးသပ်ရရှိပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိအနေအထားအရ မေယုမြစ်ဝဖြတ်တံတားကြီးကို တည်ဆောက်ပေးရန် အစီအစဥ် မရှိပါကြောင်းနဲ့

နိုင်ငံတကာ အဖွဲ့အစည်းများရဲ့ အကူအညီ ရရှိစေရေး ဆက်လက်တင်ပြသွားပါမယ်။ ဒီဟာကလည်း ကျွန်တော်တို့အနေနဲ့ ရခိုင်ပြည်နယ်ကြီး တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းကွန်ရက် စီမံကိန်းထဲမှာ ပါဝင်နေတာ ဖြစ်တဲ့အတွက် ဒါဟာ တစ်ချိန်မှာ မဖြစ်မနေ ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့လည်း ဒီဟာ ဖြစ်မြောက်ရေးအတွက် ဆက်လက်ကူညီ ဆောင်ရွက်သွားပါမယ်ဆိုတဲ့ အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မက်မန်းမြို့နယ်အတွင်းရှိ မူလတန်း(လွန်) ကျောင်း(၄)ကျောင်းကို အလယ်တန်းကျောင်း(ခွဲ) အဆင့်သို့ လည်းကောင်း၊ မူလတန်းကျောင်း(ခွဲ) (၅)ကျောင်းကို မူလတန်းကျောင်းအဆင့်သို့လည်းကောင်း တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်က မက်မန်းမြို့နယ်အတွင်းရှိ မူလတန်း(လွန်) ကျောင်း(၄)ကျောင်းကို အလယ်တန်းကျောင်း(ခွဲ) အဆင့်သို့လည်းကောင်း၊ မူလတန်းကျောင်း(ခွဲ)(၅)ကျောင်းကို မူလတန်းကျောင်းအဆင့်သို့လည်းကောင်း တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်က ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ တကွ ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနဲ့ ပြည်ထောင်စုဝန်ကြီး၊ ကြွရောက်လာတဲ့ ဧည့်သည်တော်များ အားလုံးကို လေးစားပါကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို ကျွန်တော့်အနေနဲ့ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အတွက် တကယ်ပဲ လက်တွေ့လတ်တလော လိုအပ်တဲ့ ပညာရေးအခြေအနေကို တင်ပြပြီး ပြည်ထောင်စုဝန်ကြီးအားတစ်ဆင့် နိုးဆော်ပေးဖို့ တင်ပြခွင့်ရရှိတဲ့အတွက်ကြောင့် အထူးပဲ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံး ကျွန်တော်ရဲ့ တင်ပြလိုတဲ့အချက် မတင်ပြမီ ကျွန်တော်တို့ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရဲ့ အနေအထားကို သိရှိမှသာလျှင် ပိုပြီး ဒီကိစ္စကို အရေးယူဆောင်ရွက်တဲ့နေရာမှာ ထိရောက်မှုရှိမယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်မိတဲ့ အတွက်ကြောင့် အခုလို ပထမဦးဆုံး 'ဝ'နယ်ရဲ့ သမိုင်းနောက်ကြောင်း အနည်းငယ် ကျွန်တော် တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဟာ အင်မတန် ကျယ်ပြန့်သော တောင်ပေါ်ဒေသ

တည်ရှိတဲ့ ကုန်းမြေတစ်ခု ဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဟု သတ်မှတ်တဲ့ နေရာဟာ ရှေးအင်္ဂလိပ်လက်ထက်ကတည်းက Wa State လို့ သတ်မှတ်ထားပါတယ်။ အဲဒီ State မှာလည်းပဲ အုပ်ချုပ်ရေးအရ လွယ်ကူမှုရှိအောင် ထိရောက်မှုရှိအောင်ဆိုပြီး အင်္ဂလိပ်က အပိုင်းနှစ်ပိုင်းကို ခွဲခြားပြီးတော့ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု လုပ်ငန်းများ လုပ်ကိုင်ခဲ့ကြပါတယ်။ အဲဒီတော့ အဲဒီအချိန်တုန်းက ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကို Northern Wa state ၊ Southern Wa state တောင်နဲ့မြောက် Wa State ဆိုပြီးမှ သတ်မှတ်ခေါ်ဝေါ်ခဲ့ပါတယ်။ အဲဒီတော့ ဒီလို သတ်မှတ်ရတဲ့ အကြောင်းရင်းက နယ်မြေကလည်း အင်မတန် ကျယ်ပြန့်ပြီးတော့ လူဦးရေကလည်း အလွန်ထူထပ်ပါတယ်။ သို့သော် ဒီတိုင်းတစ်ခုလုံးဟာ တကယ့် သူ့ရဲ့အခြေအနေကို တင်ပြရမယ်ဆိုရင် ၁၉၈၉ ခုနှစ်အထိ သက္ကရာဇ် အနေအထားအတိုင်း တကယ်ပြောမယ်ဆိုရင် ပညာမျက်စိအလင်းလုံးဝမရှိဘူးဆိုတာကိုလည်း ကျွန်တော် ဤနေရာမှ တင်ပြလိုပါတယ်။ ၁၉၈၉ ခုနှစ် နောက်ပိုင်းမှာ ဒီ ‘ဝ’ ဒေသက န.ဝ.တ အစိုးရက အရှိန်အဟုန်နဲ့ ဆောင်ရွက်လာတဲ့အချိန်မှာ ကျွန်တော်တို့သည် ပညာရေးများတွေကို အဲဒီ နယ်သူ/နယ်သားတွေက လေ့လာခွင့်၊ သင်ကြား ဆည်းပူးခွင့် ရရှိခဲ့တယ်ဆိုတာကိုလည်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးသိရှိအောင် ကျွန်တော် တင်ပြလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ ၁၉၈၉ ခုနှစ် မတိုင်မီတုန်းက အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ‘ဝ’နယ်မှာ အစိုးရက ဦးစီးဦးဆောင်တဲ့ မူလတန်းကျောင်းအဆင့်ပင် တစ်ကျောင်းမျှမရှိဘူး ဆိုတာကိုလည်း ကျွန်တော် တင်ပြလိုပါတယ်။ ၁၉၈၉ ခုနှစ် နောက်ပိုင်းမှာ န.ဝ.တ အစိုးရက အရှိန်အဟုန်နဲ့ ဆောင်ရွက်လာတဲ့အချိန်မှာ ဒီနေ့ အတိုင်းအတာထိ တိုးတက်မှု အနေအထားကို ကျွန်တော် တင်ပြရမယ်ဆိုရင် ‘ဝ’နယ်မှာ အထက်တန်းကျောင်း၊ ဒီနေ့ ကျွန်တော် သိရတဲ့အခြေအနေ အထိ ဆိုလို့ရှိရင်တော့ (၅)ကျောင်း ရှိပါတယ်။ မြောက်ပိုင်းမှာ (၄)ကျောင်းလောက်ရှိပြီးတော့ တောင်ပိုင်းမှာ တောင်ပိုင်းဆိုတဲ့ ဥစ္စာက မက်မန်းမြို့နယ် အပိုင်းမှာ (၁)ကျောင်းလောက်ပဲ ရှိပါတယ်။ မူလတန်းကျောင်းတွေကလည်း အတော်ကို မြောက်ပိုင်းမှာရော များပြားလာပါတယ်။ တောင်ပိုင်းမှာ ဆိုလာတဲ့အချိန်မှာ ကျွန်တော်တို့ မက်မန်းဒေသမှာဆိုရင် အထက်တန်း ကျောင်းတစ်ကျောင်းကလည်းပဲ အထက်တန်းကျောင်းအဆင့် ရှိနေပေမယ့်လည်း နှစ်တိုင်းလိုလိုပဲ ကျောင်းဆရာတွေက လုံလောက်မှုမရှိဘူး။ ဒီနေ့အထိ ပြောမယ်ဆိုရင်တော့ အထက်တန်းကျောင်းမှာ ပညာသင်ကြားပေးတဲ့ အထက်တန်းဆရာ (၈)ဦးသာလျှင် ရှိပါတယ်။ အဲဒီလို ဝေးလံခေါင်းပါးတဲ့နေရာ ဒေသမှာ ကျူရှင်ယူလို့ မရတဲ့နေရာမှာ ဆရာတွေရဲ့ မလုံလောက်မှု အနေအထားသိပ်ပြီးတော့ အရှိန်အဟုန်နဲ့ တိုးတက်မှု မရှိဘူး။ အလားတူ မူလတန်းကျောင်းမှာ အဲဒီမက်မန်းမြို့နယ်တစ်ခုလုံးမှာ အားလုံး စုစုပေါင်း (၃၅)ကျောင်းလောက်ပဲ ရှိပါတယ်။ မူလတန်းကျောင်း (၃၅)ကျောင်းထဲမှာလည်း ဆရာတွေက အလုံအလောက်မရှိဘူး။ တချို့ကျောင်းမှာ ဆိုလို့ရှိရင်တော့ ဆရာ လုံးဝပင် မရှိဘူး။ အခြားကျောင်းနဲ့ တွဲဖက်ပြီးမှ လာသင်ကြားခိုင်းတာတွေတော့ တွေ့ရှိရပါတယ်။

အဲဒီတော့ တင်ပြလိုတာက ဒီလိုဖြစ်နေရတဲ့ အခြေအနေဟာ အထက်ပိုင်း မြောက်ပိုင်းဒေသမှာရှိတဲ့ ‘ဝ’နယ်က န.ဝ.တအစိုးရက အရှိန်အဟုန်နဲ့ ဆောင်ရွက်ပြီးတဲ့နောက်ပိုင်းမှာ ဒီနှစ်အစိတ် အတောအတွင်းမှာ ကျောင်းသားတွေက ဦးရေ အများကြီး တိုးတက်လာပြီးတော့ ဒီကနေ့ "ဝ"နယ်ဒေသမှာရှိတဲ့ ကျောင်းသူ/ကျောင်းသားတွေက တော်တော်လေး များပြားတယ်။ အထက်တန်းပညာတင် မကဘူး။

တက္ကသိုလ်ပညာ သင်ကြားလာခဲ့ကြပြီးတော့ အခုလို ကျွန်တော့်လို တက္ကသိုလ်ပညာသင်လာတဲ့ ကျောင်းသူ/ကျောင်းသား များပြားတဲ့အတွက်ကြောင့် နိုင်ငံတော်အစိုးရရဲ့ လုပ်ငန်းမှာလည်းပဲ အများကြီးပဲ အထောက်အကူပြုပြီးတော့ ဝင်ရောက် အလုပ်ကျွေး ပြုနေတာကို တွေ့ရှိရတယ်။ အဲဒီတော့ ကျွန်တော်တို့တောင်ပိုင်းမှာ ဆိုလာတဲ့အချိန်မှာ ဆိုလို့ရှိရင်တော့ ဒီလို ကျောင်းပညာ အရှိန်အဟုန် မရှိတဲ့အတွက်ကြောင့် အင်မတန် ခေတ်နောက်ကျ ပြီးတော့ ဒီနေ့အထိ ရုံးကနားတွေမှာ စာရေးစာချီ ကလွဲရင် ဒီလို ဌာနအကြီးအကဲ ပုံစံနဲ့ တာဝန်ထမ်းဆောင်တဲ့ လူငယ်တွေ မရှိဘူး။ တစ်နည်းအားဖြင့် တက္ကသိုလ် ပညာဆည်းပူးတဲ့လူတွေ မရှိဘူး။ အဲဒီလို မရှိတဲ့ အကြောင်းရင်းကို လေ့လာကြည့်တဲ့အချိန်မှာ ကျွန်တော်တို့သည် မက်မန်းမှာရှိတဲ့ အထက်တန်းကျောင်း တစ်ကျောင်းလေးနဲ့ ဒီပညာသင်ကြားမှုက အခက်အခဲ ဖြစ်တယ်။

ဥပမာ ခုန မူလတန်းကျောင်း (၃၅)ကျောင်းမှာ မူလတန်း အောင်လို့ရှိရင် လေးတန်းလောက် အောင်ကြပြီး ပညာဆက်ပြီးသင်ကြားဖို့ အခြေအနေ လုံးဝ မရှိတော့ဘူး။ အဲဒီတော့ ကျောင်းသားတွေ မူလတန်းကျောင်းတစ်ကျောင်းမှာ ဥပမာ (၁၀)ယောက်၊ (၁၅)ယောက်လောက် အောင်မြင်တယ်ဆိုရင် ဒီ (၁၀)ယောက်၊ (၁၅)ယောက်လုံးက လေးတန်းအောင်တာနဲ့ အပြင်ကို ထွက်ပြီးတော့ နွားပြန်ကျောင်း ရတာရယ်၊ နောက်ပြီးတော့ လယ်ပြန်လုပ်နေရတာရယ် နောက်တခြား အဖွဲ့အစည်းမှာ ရောက်ရှိသွားတဲ့ အနေအထားလေးတွေက ဖြစ်ပေါ်လာတာကို တွေ့ရှိရပါတယ်။ အဲဒါ အကြောင်းရင်းတစ်ချက်ကတော့ ဆက်လက်ပြီးတော့ ပညာသင်ကြားဖို့ အခြေအနေက မရှိဘူး။ ကျွန်တော်တို့သည် အလယ်တန်းက ကျောင်းဖွင့်လှစ်ထားခြင်း မရှိတဲ့အတွက်ကြောင့် ဒီကျောင်းပညာကို ဆက်ပေးဖို့ အခက်အခဲ ဖြစ်ပါတယ်။ မက်မန်းမှာ ဒီကနေ့ အနေအထားပြောမယ်ဆိုရင် အလယ်တန်းကျောင်းက အခု ဖွင့်ထားတဲ့ အထက်တန်း ကျောင်းတစ်ကျောင်းမှာ အလယ်တန်းအဆင့် ပညာကို သင်ကြားခွင့် ရရှိတာကလွဲရင် တခြားနေရာမှာ မရှိဘူး။ အဲဒီတော့ မက်မန်းမြို့နယ်ရဲ့အနေအထားကို ပြောမယ်ဆိုရင်လည်း အင်မတန် ကျယ်ပြန့်ပြီးတော့ တစ်နေရာနဲ့တစ်နေရာ ဝေးလံခေါင်းပါးပြီးတော့ သွားလာရေး အခက်အခဲရှိပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် အားလျော်စွာ မက်မန်း မြို့နယ်ဘက်မှာ မူလတန်း(လွန်) ကျောင်းတွေရှိတယ်။ အဲဒီမှာ လေးတန်းလောက် အောင်ပြီးတဲ့ ကျောင်းသားတွေ ရှိတယ်။

ဆက်လက်ပြီးတော့ ပညာမသင်ကြားနိုင်တဲ့ အတွက်ကြောင့် ဒီပညာတွေကို ဆက်လက်ပြီး တော့ သင်ကြားနိုင်ဖို့ ကျွန်တော်တို့ မြို့နယ်အတွင်းမှာရှိတဲ့ ကွန်ဟောင်းကျေးရွာ မူလတန်းကျောင်းကို အလယ်တန်းအဆင့် တိုးမြှင့်ပေးဖို့၊ နောက်ပြီးတော့ ဆွတ်ဝိုးကျေးရွာ မူလတန်းကျောင်းကိုလည်း အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ပေးဖို့၊ ဝမ်စလောင်းကျေးရွာ မူလတန်းကျောင်းကိုလည်း အလယ်တန်း ကျောင်းအဆင့် တိုးမြှင့်ပေးဖို့၊ နောက် ရောင်အူကျေးရွာမှာ ရှိတဲ့ မူလတန်းကျောင်းကိုလည်း အလယ်တန်း ကျောင်းအဆင့်အထိ တိုးမြှင့်ပေးဖို့ တင်ပြလိုပါတယ်။ အဲဒီတော့ ဒီဒေသကြီး (၄)ခုက ဥပမာ ကွန်ဟောင်း ဆိုတဲ့ ကျေးရွာက ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်ရဲ့ မြောက်ပိုင်းအရပ်မှာ တည်ရှိပြီးတော့ ဆွတ်ဝိုးဟာ အလယ်ပိုင်းဒေသမှာ ရှိတယ်။ ဝမ်စလောင်းက တောင်ပိုင်းဒေသမှာ ရှိတယ်။ အဲဒီတော့ ရောင်အူကျေးရွာက အရှေ့ပိုင်းဒေသလောက်မှာ သွားကျတယ်။ အဲဒီနေရာမှာလည်းပဲ ကျေးရွာအုပ်စု တစ်စုစီ ဖြစ်တဲ့အတွက်ကြောင့် ကျေးရွာပေါင်း လေးငါးဆယ်ရွာ စုပေါင်းပြီးတော့ အားကိုးတဲ့နေရာ ဖြစ်သလို ဒီကျေးရွာမှာလည်းပဲ တကယ်ပဲ လူဦးရေ ထူထပ်တဲ့နေရာဒေသလည်း ဖြစ်တယ်။ ဥပမာ အခု

ကျွန်တော်တို့ အလယ်တန်း ပညာအဆင့် တိုးမြှင့်ပေးဖို့ ဒီကနေ့ ပညာရေးဌာနက သတ်မှတ်ထားတဲ့ စံချိန်စံနှုန်းအတိုင်း မပြည့်မီလို့ မဖွင့်ပေးဘူးဆိုရင် ဒါ ကျွန်တော်တို့ အနေအထားအရ ခုန မြောက်ပိုင်းမှာလည်း အဲဒီလို မပြည့်မစုံ ဖြစ်လာခဲ့တဲ့ အချိန်မှာ ဒီလို ကျောင်းအဆင့်တွေကို တိုးမြှင့်ပြီး ဖွင့်လှစ်လာတဲ့အချိန်မှာ ကျောင်းသူ/ကျောင်းသားတွေက ဆက်လက်ပြီးတော့ ပညာသင်ကြားတယ်။ ဒီကနေ့ နိုင်ငံတော်ဝန်ထမ်းမှာ ပါဝင်ကြတဲ့ မြောက်ပိုင်း 'ဝ' အမျိုးသားတွေဟာဆိုရင် ထောင်နဲ့ချီပြီးတော့ ရှိနေပြီး ဖြစ်ပါတယ်။ ဥပမာ ဒီနှစ်ဆိုလို့ရှိရင်တော့ (၄)ဘာသာဂုဏ်ထူး၊ (၅)ဘာသာဂုဏ်ထူး၊ (၆)ဘာသာဂုဏ်ထူးတွေ 'ဝ'တိုင်းရင်းသားထဲက (၄၊ ၅) ယောက်လောက် ထွက်လာတာကို လေ့လာတွေ့ရှိရတယ်။ တောင်ပိုင်းကျတော့ ဒီနှစ် (၁၀)တန်း တစ်ယောက်မျှပင် မအောင်ပါဘူး။ အဲဒီလို မက်မန်းမြို့မှာ သွားပြီးတော့ ခက်ခက်ခဲခဲ သင်ကြားရတယ်။ နောက်တစ်ခုက ခုန လူအင်အား အင်မတန်နည်းတယ်။ အထက်တန်းရောက်ဖို့ လူတွေကလည်း နည်းတယ်။ နည်းရတဲ့ အကြောင်းရင်းက ဆင်းရဲကြတဲ့အတွက်ကြောင့် ဒီအလယ်တန်းပညာကို ဆက်လက်သင်ကြားနိုင်ခြင်း မရှိတဲ့အတွက်ကြောင့် ကျောင်းသားဦးရေ က နည်းလှပါတယ်။

ဒါကြောင့်မို့လို့ ဒီကျောင်း (၄)ကျောင်းကို အကယ်၍များ အဆင့် စံချိန်စံညွှန်း မမီသော်ငြားလည်းပဲ နိုင်ငံတော်အစိုးရ သက်ဆိုင်ရာ ဝန်ကြီးဌာနက မေတ္တာကရုဏာနဲ့ သနားညှာတာမှု၊ ထောက်ထားမှုနဲ့ အရင်းပြုပြီးမှ စာနာဆောင်ရွက်ပေးမယ်ဆိုရင် ဒီတောင်ပိုင်းဒေသကလည်းပဲ ဒီလိုပဲ တစ်ဆင့် တစ်ဆင့်တိုးပြီးတော့ စံချိန်စံညွှန်း မမီသော်လည်းပဲ ဆောင်ရွက်ပေးမယ်ဆိုလို့ ရှိရင်တော့ ဒီတောင်ပိုင်းဒေသရဲ့ ပညာရေး သင်ကြားလေ့လာခွင့် ပိုမိုရရှိမယ်လို့ အလေးအနက် ယုံကြည်ပါတယ်။

အဲဒီတော့ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး အစိုးရဌာနကို တိုက်တွန်းလိုတာကတော့ ကျွန်တော်တို့ မက်မန်းမြို့နယ် ပညာအဆင့် တိုးမြှင့်ပေးနိုင်ဖို့ ကွန်ပောင်းကျေးရွာကြီးမှာ မူလတန်းကျောင်းမှ အလယ်တန်းကျောင်း ဆွတ်ဝိုး၊ ဝမ်စလောင်း၊ ရောင်အူကြီး စတဲ့ဒေသကို အလယ်တန်းအဆင့် တိုးမြှင့်ပေးပြီးမှ ကျန်တဲ့ဒေသမှာ မူလတန်း ကျောင်းခွဲလေးတွေရှိတယ်။ အဲဒီကျောင်းခွဲလေးတွေကိုလည်းပဲ မူလတန်းပတ်ကားအဆင့်ထိ တိုးမြှင့်ဆောင်ရွက်ပေးဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုက်တွန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လောင်းလုံမြို့နယ်၊ ကဒက်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၁။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်မြင့် က လောင်းလုံမြို့နယ်၊ ကဒက်ကြီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ)အဖြစ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနဲ့ ကိုယ်စားလှယ်တော်အပေါင်းတို့ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ်အတွင်းမှာရှိတဲ့ ကဒက်ကြီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအား လာမည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့အချိန်ဟာ ကျွန်တော်တို့နိုင်ငံမှာ လူသားအရင်းအမြစ် ဖွံ့ဖြိုးပြီး ကျန်းမာကြံ့ခိုင်ပြီး ပညာရည် မြင့်မားလာစေရေးအတွက် ပညာရေး၊ ကျန်းမာရေးအသုံးစရိတ်တွေကို အခြားသော ဝန်ကြီးဌာန များထက် ပိုမိုတိုးမြှင့်သုံးစွဲနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှလည်း ပညာရေး အသုံးစရိတ်များကို တိုးမြှင့်ချထားပေးမှုကြောင့် ဝန်ကြီးဌာနက နှစ်အလိုက် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနဲ့အညီ ဆရာများကို တိုးချဲ့ခန့်ထားခြင်း၊ ကျောင်းအဆောက်အဦများကို တိုးချဲ့ဆောက်လုပ်ခြင်း၊ ကျောင်းအဆင့်တိုးမြှင့်ခြင်းစတဲ့ လုပ်ငန်းများကို ဦးစားပေးလိုအပ်ချက်အရ အစီအစဉ်များ ချမှတ်ပြီး လုပ်ဆောင်နေကြောင်းကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ကျောင်းအဆင့်တိုးမြှင့်ခြင်းနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးမြန်းချက်များအပေါ် ဝန်ကြီးဌာနက အင်္ဂါရပ်နှင့်ညီညွတ်သော ကျောင်းများအား သတ်မှတ်ချက်နှင့်အညီ ဦးစားပေးအစီအစဉ်ဖြင့် တန်းစီနေရာချထားပြီး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။ သို့ပါသော်လည်း ယခု ကျွန်တော် တင်ပြတဲ့ကျောင်းဟာ ဒေသခံများရဲ့ တင်ပြချက်အရ၊ လိုအပ်ချက်အရ တင်ပြရခြင်း ဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် ကဒက်ကြီးကျေးရွာဟာ ကျေးရွာကြီးတစ်ရွာဖြစ်ပြီးတော့ အိမ်ခြေ(၅၀၀)ကျော်ခန့်ရှိပါတယ်။ ပတ်ဝန်းကျင် အ.မ.ကကျောင်းများ (၅)ကျောင်းရှိပါတယ်။ သွားလာရေး လွယ်ကူပါတယ်။ ပညာရေး စိတ်ပါဝင်စားသူများ များပြားပါတယ်။ သူငယ်တန်းကျောင်းဝင်နှုန်း ရာနှုန်းပြည့်ရှိတဲ့ ကျေးရွာလည်း ဖြစ်ပါတယ်။ အထက်တန်းကျောင်းရှိရာ ရေဖြူကျေးရွာနဲ့ (၄)မိုင်ခန့် ဝေးပါတယ်။ ကားလမ်းအဆက်အသွယ် ကောင်းပေမယ့်လည်း မိုးတွင်းကာလ ကားလမ်းရေကျော်မှုများကြောင့် မိုးတွင်း သွားလာရေး အခက်အခဲ ကြုံကြရပါတယ်။ ကဒက်ကြီးကျေးရွာမှာ (၃)မိုင်ခန့်အကွာမှာ လေကြောင်းရန် ကာကွယ်ရေးတပ်နယ်မြေရှိပြီး တပ်မိသားစုတို့ အထက်တန်းပညာ သင်ယူရာမှာ အဆင်ပြေစေရေး၊ အလယ်တန်းပညာပြီးဆုံးပြီး အထက်တန်းပညာ သင်ယူလိုသော ဆင်းရဲသားမိသားစုများ ပညာဆက်လက်သင်ကြားနိုင်ရေးတို့အတွက် အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)ရရှိရေးကို အထူးလိုလားလျက်ရှိကြပါတယ်။

လက်ရှိ ကဒက်ကြီးအခြေခံပညာ အလယ်တန်းကျောင်းမှာ အလယ်တန်းကျောင်းသား (၂၆၈)ဦး၊ မူလတန်းကျောင်းသား (၂၈၆)ဦး စုစုပေါင်း(၅၅၄)ဦး သင်ကြားလျက်ရှိပါတယ်။ အဌမတန်းမှာ

လက်ရှိ ကျောင်းသား(၅၅)ဦး သင်ကြားနေတာကို တွေ့ရပါတယ်။ ဆရာ/ဆရာမပေါင်း(၂၅)ဦးရှိပြီး ကျောင်းရဲ့ သင်ကြားသင်ယူမှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေတာကိုလည်း တွေ့ရပါတယ်။

ကျောင်းအဆောက်အဦ၊ ပရိဘောဂများကိုလည်း ရွာသူရွာသားများက ကိုယ့်အားကိုယ်ကိုးဖြင့် တည်ဆောက်ထားကြပါတယ်။ လက်ရှိမှာ(၁၄၀ ပေ x ၃၀ ပေ x ၂၀ ပေ) RC နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်၊ (၆၀ ပေ x ၃၀ ပေ x ၂၀ ပေ) RC နှစ်ထပ် ကျောင်းဆောင် တစ်ဆောင်နှင့် ဆောက်လုပ်ဆဲဖြစ်တဲ့ (၆၀ ပေ x ၃၀ ပေ x ၂၀ ပေ) RC နှစ်ထပ် ကျောင်းဆောင် တစ်ဆောင်တို့ရှိကြပါတယ်။ ဒီကျောင်းဆောင်တွေ အားလုံးကို ကျေးရွာမိဘများကနေပြီးတော့ ကိုယ့်အားကိုယ်ကိုးဖြင့် တည်ဆောက်ထားကြခြင်းဖြစ်ပါတယ်။ ကျောင်းအတွက် လိုအပ်တဲ့ကိစ္စအဝဝတို့ကိုလည်း ကျောင်းအကျိုးတော် ဆောင်အဖွဲ့နှင့် ဒေသခံပြည်သူများမှ ပြည့်စုံအောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်။ ထိုသို့ ပညာရေးမှာ စိတ်ပါဝင်စားပြီး အဆင့်တိုးမြှင့် သင်ကြားလိုသော မိဘပြည်သူများရဲ့ တောင်းဆိုချက်အရ အောက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ်အတွင်းရှိ ကဒက်ကြီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအား လာမယ့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အဖြစ် တိုးမြှင့်ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိနဲ့ မည်သည့်အချိန်မှာ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရှားတောမြို့နယ် မြို့နယ်ပညာရေးမှူးရုံးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လျာထားတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဌေးရယ် က ရှားတောမြို့နယ် မြို့နယ်ပညာရေးမှူးရုံးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လျာထားတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးဌေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးရယ် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီမေးခွန်း မေးမြန်းရခြင်းဟာ ရှားတောမြို့နယ် ပညာရေးမှူးရုံးကို အရင်တုန်းကလည်း မရှိခဲ့ဖူးဘူး။ အခုလည်းပဲ စုပေါင်းရုံးခန်းမှာ အခန်းတစ်ခန်းအဖြစ်နဲ့ ဖွင့်လှစ်ပြီးတော့ ရုံးလုပ်ငန်းတွေကို ဆောင်ရွက်နေရလို့ အခန်း မလုံလောက်တဲ့အပြင် ပညာရေးဌာနအနေနဲ့က အခြားဌာနများနဲ့မတူဘဲ တစ်မြို့နယ်လုံးမှာရှိနေတဲ့ ကျောင်းဆရာ/ဆရာမများနဲ့ ဝန်ထမ်းတွေကို ကြီးကြပ်ကွပ်ကဲရတဲ့ဌာန ဖြစ်တာနဲ့အညီ လုံလောက်တဲ့နေရာနဲ့ သီးသန့် အစည်းအဝေးခန်းမ လိုအပ်နေလို့ ဖြစ်တဲ့အပြင် ဝန်ထမ်း(၁၂)ဦး ရှိနေတဲ့အတွက်လည်း ရုံးခန်းတစ်ခန်းတည်းနဲ့ လုံလောက်မှု မရှိကြောင်း

တွေ့ရှိရပါတယ်။ ရုံးတည်ဆောက်ရာ မြေနေရာလည်း လျာထားရှိနေပြီးဖြစ်နေတဲ့ အတွက်ကြောင့်မို့လို့ တောင်းဆိုရခြင်း ဖြစ်ပါတယ်။

နောက်ပြီးတော့ ကျွန်တော်တို့ ကယားပြည်နယ် (၇)မြို့နယ်မှာ ရှားတောမြို့နယ်တစ်မြို့တည်းသာ ပညာရေးမှူးရုံးမရှိသေးတာကို လေ့လာတွေ့ရှိရပါတယ်။ သို့အတွက်ကြောင့် မေးမြန်းလိုသည်မှာ ရှားတောမြို့နယ် ပညာရေးမှူးရုံးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ကြိုတင် တင်ပြတောင်းဆိုခဲ့သော်လည်း လျာထားခြင်း မရှိသေးကြောင်း လေ့လာတွေ့ရှိရတဲ့အတွက်ကြောင့် ဘာကြောင့်လျာထားမပေးသည်ကို သိရှိလိုပါကြောင်းနှင့် ပြန်လည်လျာထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ မရှိပါကလည်း မည်သည့်ဘဏ္ဍာရေးနှစ်မှာ ပြန်လည်လျာထား ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မြိတ်မြို့နယ်၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် (၃)ထပ်စာသင်ဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန်နှင့် နှစ်ထပ်စာသင်ဆောင်(သဇင်ဆောင်)ကို အမိုးနှင့်အခင်း ပြုပြင်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမိုးမြင့် က မြိတ်မြို့နယ်၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် (၃)ထပ်စာသင်ဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန်နှင့် နှစ်ထပ်စာသင်ဆောင်(သဇင်ဆောင်)ကို အမိုးနှင့်အခင်း ပြုပြင်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးမိုးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မြိတ်မြို့နယ်၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိတဲ့ (၃)ထပ်စာသင်ဆောင် သစ်တစ်ဆောင် ဆောက်လုပ်ပေးရန်နှင့် နှစ်ထပ် စာသင်ဆောင်တစ်ဆောင် ပြုပြင်ပေးရန်နှင့်ကိစ္စနဲ့ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြိတ်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းဟာ နှစ်စဉ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းမှာ ကျောင်းဝင်နှုန်း တိုးတက်လျက်ရှိတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာလည်း ကျောင်းသားပေါင်း (၄၀၃၉)ဦး၊ ဆရာ/ဆရာမ (၁၁၇)ဦးနဲ့ နှစ်သုတ်တက်ကျောင်းအဖြစ် သင်ကြားပို့ချနေရတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ ပြီးတော့ စာသင်ဆောင်(၁၀)ဆောင်လည်း ဆောက်လုပ်ထားပြီး ဖြစ်တဲ့အတွက် နေ့စဉ်တိုးတက်ဝင်ရောက်လာသော ကျောင်းသားများ သင်ကြားပို့ချဖို့ ကျောင်းဆောင်များ လိုအပ်လျက်ရှိဆဲ ဖြစ်ပါတယ်။ ဒါကြောင့် တစ်ထပ်ကျောင်းဆောင်များ ချပေးမည့်အစား သုံးထပ်စာသင်ဆောင် ဆောက်လုပ်ပေးနိုင်ပါက ကျောင်းဝင်းအတွင်းမှာရှိတဲ့ မြေတွေကိုလည်း အကျိုးရှိစွာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

အဲဒီ သုံးထပ် စာသင်ဆောင်ဆောက်လုပ်နိုင်ရန်အတွက် အဆောက်အဦပုံစံနှင့် ခန့်မှန်းခြေတွက်ချက်မှုကို ၂၄-၉-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁၂၈/အဆအ ဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူးရုံးကိုလည်း ပေးပို့ထားပြီး ဖြစ်ပါတယ်။ ထို့အပြင် အမှတ်(၁)ကျောင်းမှာရှိတဲ့ နှစ်ထပ်စာသင်ဆောင် (သဇင်ဆောင်)ကိုလည်း လွန်ခဲ့သောနှစ်(၃၀)ကျော်က ဆောက်လုပ်ထားတဲ့အဆောက်အဦဖြစ်တဲ့အတွက် အမိုး၊ အခင်း၊ အကာတွေအားလုံးဟာ ဆွေးမြည့်ပျက်စီးနေပြီ ဖြစ်တဲ့အတွက် ပြန်လည်ပြင်ဆင်ပေးဖို့ လိုအပ်နေကြောင်းကို ခန့်မှန်းတွက်ချက်မှုစာရင်းကို ၁၅-၈-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၅၉၆/အဆအ ဖြင့် တိုင်းဒေသကြီး ပညာရေး ညွှန်ကြားရေးမှူးရုံးသို့ လည်း ပေးပို့ထားတဲ့အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ လူမှုရေးဝန်ကြီးတို့ကလည်း လာရောက်စစ်ဆေးပြီး ဖြစ်ပါတယ်။

အဲဒီနှစ်ထပ် စာသင်ဆောင်ဟာ လက်ရှိအခြေအနေမှာ အန္တရာယ်ရှိနေတဲ့အတွက် ရန်ပုံငွေချမှတ်ခြင်း မပြုသေးမီ ကျောင်းအကျိုးတော်ဆောင်များက စိုက်ထုတ်ပြီးတော့ ကျပ်သိန်း (၆၁၇)သိန်းကျော် ကုန်ကျခံပြီးတော့ ပြုပြင်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ အလားတူ သုံးထပ်သံကူကွန်ကရစ်ကျောင်းကြီးကိုလည်း ကျပ်သိန်း (၃)ထောင်ကျော်ခန့် ခန့်မှန်းထားပြီးတော့ လက်ရှိ အခြေအနေမှာ ဖောင်ဒေးရှင်း ချပြီးတဲ့ အခြေအနေကို ရောက်ရှိနေပြီဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် မြိတ်မြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိတဲ့ သုံးထပ်စာသင်ဆောင်သစ် တစ်ဆောင် ဆောက်လုပ်ခြင်းနဲ့ နှစ်ထပ်စာသင်ဆောင် ပြုပြင်ခြင်းအတွက် ကုန်ကျစရိတ်များကို မည်ကဲ့သို့ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၅၃။**

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၃။**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဇော်မင်းအောင်က ဒီလွှတ်တော်ကိုယ်စားလှယ်ကြီး (၄)ဦးရဲ့ မေးခွန်းများကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံးအနေနဲ့တော့ ရှမ်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဆိုင်ပေါင်းနပ် ရဲ့ မက်မန်းမြို့နယ်အတွင်းရှိ မူလတန်း(လွန်)ကျောင်း(၄)ကျောင်းကို အလယ်တန်းကျောင်း(ခွဲ)အဆင့်သို့လည်းကောင်း၊ မူလတန်းကျောင်းခွဲ(၅)ကျောင်းကို မူလတန်းကျောင်း

အဆင့်သို့လည်းကောင်း တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမြို့နယ်မှာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာ အထက်တန်းကျောင်း(၁)ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း (၄)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း(၂၅)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း(ခွဲ) (၅)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း(၃၅)ကျောင်းတို့အား ဖွင့်လှစ်ခဲ့ပြီး ဖြစ်တယ်လို့လည်း ဒါလွှတ်တော်ကိုယ်စားလှယ်ကြီးက တင်ပြထားတာ မှန်ပါတယ်ခင်ဗျား။ အဲဒီတော့ မက်မန်းမြို့နယ်၊ ကွန်ဟောင်းကြီး အခြေခံပညာ မူလတန်းလွန်ကျောင်းမှာ ပဋ္ဌမတန်း(၆)ဦးသာရှိပြီးတော့ ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်း ကျောင်းသားများ မရှိတဲ့အတွက် အလယ်တန်းအဆင့် ပညာသင် ကျောင်းသား ဟာ (၆)ဦးသာရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဆွတ်ဝိုးအခြေခံပညာ မူလတန်းလွန်ကျောင်းမှာတော့ ပဋ္ဌမတန်း(၉)ဦး၊ ဆဋ္ဌမတန်း(၈)ဦးသာ ရှိပြီးတော့ သတ္တမတန်းနှင့် အဋ္ဌမတန်း ကျောင်းသားများ မရှိတဲ့ အတွက် စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသား(၁၇)ဦးသာ ရှိပါတယ်။

ဝမ်စလောင်း အခြေခံပညာ မူလတန်းလွန်ကျောင်းမှာ ပဋ္ဌမတန်း(၇)ဦး၊ ဆဋ္ဌမတန်း(၁၁) ဦးသာ ရှိပြီးတော့ သတ္တမတန်းနှင့် အဋ္ဌမတန်းကျောင်းသားများ မရှိတဲ့အတွက် စုစုပေါင်း အလယ်တန်း အဆင့်သင် ကျောင်းသား(၁၈)ဦးမျှသာရှိကြောင်း စိစစ်တွေ့ရပါတယ်။ ရောင်အူကြီး အခြေခံပညာ မူလတန်းလွန် ကျောင်းမှာလည်း ပဋ္ဌမတန်း(၁၉)ဦး၊ ဆဋ္ဌမတန်းကျောင်းသား(၁၀)ဦးသာ ရှိပြီးတော့ သတ္တမတန်းနှင့် အဋ္ဌမတန်းကျောင်းသားများမရှိတဲ့အတွက် စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသား (၂၉)ဦးသာ ရှိကြောင်း တွေ့ရှိရပါတယ်။

ဒီလိုပဲ မက်မန်းမြို့နယ်၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ)များဖြစ်တဲ့ အွန်တောင်ကျောင်းမှာ သူငယ်တန်း(၄)ဦး၊ ပထမတန်း(၅)ဦး၊ ဒုတိယတန်း(၉)ဦး၊ တတိယတန်း(၅)ဦးနှင့် စတုတ္ထတန်း(၇)ဦး၊ စုစုပေါင်း မူလတန်းအဆင့်သင် ကျောင်းသား(၃၀)ဦးခန့်သာ ရှိပါတယ်။ နောင်ဝမှာ သူငယ်တန်း(၁၃)ဦး၊ ပထမတန်း(၇)ဦးသာ ရှိပါတယ်။ ဒုတိယတန်း၊ တတိယတန်းနှင့် စတုတ္ထတန်းသင် ကျောင်းသားများ မရှိပါဘူး။ ဒါကြောင့်မိုလို့ စုစုပေါင်း မူလတန်းအဆင့်သင် ကျောင်းသား(၂၀)ဦးခန့်သာ ရှိပါတယ်။ ပတ်လုံ့မှာ သူငယ်တန်း(၄၀)ဦး ဒါပဲရှိတဲ့အတွက် စုစုပေါင်းမူလတန်းအဆင့်သင် ကျောင်းသား (၄၀)ဦး ခန့်သာ ရှိပါတယ်။ ကျန်သောအတန်းများမှ ကျောင်းသားမရှိတာကို စိစစ်တွေ့ရှိရပါတယ်။ အန်ကော မှာလည်း သူငယ်တန်း(၁၁)ဦး၊ ပထမတန်း (၁)ဦးသာရှိပြီးတော့ ကျန်တဲ့အတန်းတွေမှာ ကျောင်းသား မရှိတဲ့အတွက် မူလတန်းအဆင့်သင် ကျောင်းသားဟာ စုစုပေါင်း တစ်ကျောင်းလုံးမှာ (၁၂)ဦးသာ ရှိကြောင်း တွေ့ရှိရပါတယ်။ ယောင်ခွန်မှာ သူငယ်တန်း(၂၂)ဦး၊ ပထမတန်းမရှိပါဘူး။ ဒုတိယတန်း(၁)ဦးပဲ ရှိတဲ့အတွက် စုစုပေါင်းမူလတန်း အဆင့်သင်ကျောင်းသား (၂၃)ဦးသာရှိကြောင်း တွေ့ရပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းအဆင့်တိုးမြှင့်တဲ့ မူတွေ ရှိပါတယ်။ များသောအား ဖြင့်ကတော့ ကျောင်းသားဦးရေ ပြည့်မီခြင်း ရှိ/မရှိ၊ ကျောင်းအဆောက်အဦ ပရိဘောဂပြည့်စုံမှု ရှိ/မရှိ တို့အပေါ်မှာ ထည့်သွင်းစဉ်းစားပါတယ်။ အဲဒီအပြင် ကျောင်းအဆောက်အဦမြေနေရာ ရှိ/မရှိ၊ လမ်းပန်း ဆက်သွယ်ရေးခက်ခဲမှု၊ ဒေသဋ္ဌာရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစတဲ့ လိုအပ်ချက်များ အပေါ်

မူတည်ပြီးတော့ သတ်မှတ်ထားတဲ့ မူဝါဒတွေကိုလည်း အထူးကိစ္စအဖြစ် ဖြေလျှော့ပြီး ကျောင်းအဆင့် တိုးမြှင့်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒီနေရာမှာ ဖြည့်စွက်တင်ပြလိုတာကတော့ ကိုယ်စားလှယ်တော်ကြီးက ဆရာ/ဆရာမများ အချို့နေရာတွေမှာ ဒါလုံလောက်စွာ မရှိသေးဘူးဆိုတာကို တင်ပြတာလည်း တွေ့ရပါတယ်။ မေးခွန်း ထဲမှာ မပါသော်လည်းပဲ ကျောင်းဆရာ/ဆရာမ ဖြည့်တင်းရေးကိုလည်း ကျွန်တော်တို့ စိစစ်ဆောင်ရွက် ပေးသွားမှာဖြစ်ပါကြောင်း ဒီနေရာကနေ ဖြည့်စွက်တင်ပြလိုပါတယ်။

ဒါကြောင့်မို့လို့ အခု ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ကျောင်းတွေဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါတယ်။ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးရေး၊ တိုးတက်ရေး စတဲ့ လိုအပ်ချက်များအပေါ် မူတည်ပြီးတော့ ကျွန်တော်တို့က ကျောင်းသားဦးရေ သတ်မှတ်ချက်မူဝါဒကို ဖြေလျှော့ပြီးတော့ စဉ်းစား ဆောင်ရွက်ပေးနိုင်ပါတယ်။ သို့သော်လည်းပဲ အဲဒီစဉ်းစားဆောင်ရွက်ပေးနိုင်ဖို့အတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ အဆင့်တိုးမြှင့်ပေးဖို့အတွက် ကျွန်တော်တို့ သဘောထားမှတ်ချက် ပြုလာလို့ရှိရင်တော့ ကျွန်တော်တို့ကျောင်းအဆင့်တိုး တန်းစီဇယားမှာ ထည့်သွင်းလျာထားပေးသွားနိုင်မှာ ဖြစ်ပါတယ်။ လောလောဆယ်တော့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းအနေနဲ့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးတင်မောင်မြင့် ရဲ့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံ မြို့နယ်၊ ကဒက်ကြီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)အဖြစ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ဆက်လက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ တနင်္သာရီတိုင်း၊ လောင်းလုံမြို့နယ်မှာ ၂၀၁၄-၂၀၁၅ ပညာသင် နှစ်အထိ အခြေခံပညာ အထက်တန်းကျောင်း(၄)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)(၅) ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(၉)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)(၄) ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း(၂၆)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း(၁၀၃) ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း(ခွဲ)(၁)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၁၅၂)ကျောင်း တို့အားကျွန်တော်တို့ ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။

လောင်းလုံမြို့နယ်၊ ကဒက်ကြီးကျေးရွာမှာ အခြေခံပညာအလယ်တန်းကျောင်းမှာ သင်ကြား သင်ယူနေတဲ့ ကျောင်းသားဦးရေ စိစစ်ချက်ကို တင်ပြခွင့်ပြုပါ။ ပဉ္စမတန်းမှာ (၅၇)ဦး၊ ဆဋ္ဌမတန်းမှာ (၇၂)ဦး၊ သတ္တမတန်းမှာ(၆၇)ဦး၊ အဋ္ဌမတန်း (၅၅)ဦး၊ စုစုပေါင်း အလယ်တန်းအဆင့် ကျောင်းသား ပေါင်း(၂၆၉)ဦးရှိကြောင်း ကျွန်တော်တို့ ဒါ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း စိစစ်တွေ့ရှိ ရပါတယ်။ အဲဒီတော့ ပညာရေးဝန်ကြီးဌာနရဲ့ ကျောင်းအဆင့်တိုးရင် သတ်မှတ်ချက်မူတွေ ရှိခဲ့တယ်လို့ ကျွန်တော် ပထမမေးခွန်းမှာလည်း ပြောခဲ့ပါတယ် ခင်ဗျား။ သို့သော်လည်းပဲ ဒေသန္တရ အခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်မှု စတဲ့လိုအပ်ချက်အပေါ်မှာ မူတည်ပြီးတော့မှ ကျွန်တော်တို့ မူဝါဒတွေကို အထူး ကိစ္စအဖြစ် ဖြေလျှော့ပေးပြီးတော့ ကျောင်းအဆင့်တိုးမြှင့်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဲဒီတော့ပညာရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်တဲ့နေရာမှာတော့ တိုင်းဒေသကြီး/ပြည်နယ် အားလုံးမှာရှိတဲ့ ကျောင်းတွေကို အဆင့်တိုးပေးရတာဖြစ်တဲ့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ ဦးစားပေးအစီအစဉ်၊ သဘောထားမှတ်ချက်တွေလည်း လိုပါတယ်။ အဲဒီသဘောထားမှတ်ချက်တွေနဲ့အညီ ကျွန်တော်တို့က ယခုတင်ပြထားတဲ့ ကျောင်းကို၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ အဆင့်တိုး ဆောင်ရွက်တဲ့အခါမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဦးစားပေးအလိုက် တန်းစီဇယားအရ သတ်မှတ်ပြီးတော့ စိစစ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနဲ့ လောလောဆယ်တော့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ တတိယမြောက်မေးခွန်းဖြစ်တဲ့ ဦးဒွေးရယ် ရဲ့ ရှားတောမြို့နယ် မြို့နယ်ပညာရေးမှူးရုံးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျာထားတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ကယားပြည်နယ် အမှတ်(၇) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးဒွေးရယ် ရဲ့ တင်ပြချက်ကို အခု ကျွန်တော် ရှင်းလင်းဖြေကြားရမယ်ဆိုရင် ပညာရေးဝန်ကြီးဌာနအနေနဲ့တော့ ကျောင်းဆောင်များ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်ခြင်းလုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ ကျောင်းဆောက်လုပ်ပြီးစီးတဲ့ သက်တမ်းကြာမြင့်ပြီး အန္တရာယ်ရှိတဲ့ အခြေအနေ လုပ်ထုံး လုပ်နည်းများအရလည်းကောင်း၊ မြို့နယ်ဦးစားပေး အစီအစဉ် ကျောင်းအလိုက် တန်းစီဇယားမှာ ထည့်သွင်း လျာထားခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီတော့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းဆိုတာကတော့ ကျွန်တော်တို့က ငွေလုံးငွေရင်းဆိုရင်တော့ ကြိုတင်လျာထားဆောင်ရွက်ရတဲ့ အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းအရ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဒါ ငွေလုံးငွေရင်းဆိုရင်တော့ ထပ်မံလျာထားတင်ပြရတဲ့အတွက် မြို့နယ်ဦးစားပေးအစီအစဉ် ကျောင်းအလိုက်တန်းစီဇယား အစီအစဉ်တွေအရ ရှားတောမြို့နယ်မှာ ကျွန်တော်တို့က မူကြိုကျောင်းဆောင်(၃)ကျောင်းအတွက် ရန်ပုံငွေကျပ်(၆၄.၈၀) သန်း အပါအဝင် ကယားပြည်နယ်မှာ အန္တရာယ်ရှိတဲ့ကျောင်း(၁၃)ကျောင်း၊ သိပ္ပံကျောင်းဆောင်(၁) ကျောင်း၊ မူကြိုကျောင်းဆောင်(၄၀)ကျောင်း၊ မြို့နယ်မှတင်ပြလာသောကျောင်းများ လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြခဲ့တဲ့ ကျောင်းများနဲ့ ဌာနဆိုင်ရာ ကွင်းဆင်းစစ်ဆေးချက်အရ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် လိုအပ်တဲ့ (၁၇)ကျောင်း၊ နိုင်ငံခြားထောက်ပံ့ကျောင်း (၁၂)ကျောင်း စုစုပေါင်း အခြေခံပညာသင်ကျောင်း (၈၃)ကျောင်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဉ်အောက်မှာ ငွေကျပ်(၂၄၂၅.၈)သန်းကို လျာထားတင်ပြပြီးဖြစ်တဲ့အပြင် မြို့နယ်အလိုက် စုပေါင်းရုံးများ တည်ဆောက်ရန် စီမံကိန်းများရှိတဲ့အတွက် ရှားတောမြို့နယ်မှာ မြို့နယ်ပညာရေးမှူးရုံးဆောက်လုပ်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ စတုတ္ထမြောက် မေးခွန်းအနေနဲ့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၇) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမိုးမြင့် ရဲ့ မြိတ်မြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှာ (၃)ထပ်စာသင်ဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန်နှင့် အမိုးနှင့်အခင်း ပြုပြင်ပေးရန် လိုအပ်လျက်ရှိတဲ့ နှစ်ထပ်စာသင်ဆောင်(သဇင်ဆောင်) တို့ကို ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းဆောင်များ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်ခြင်းလုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း ကျောင်းဆောင်လုပ်ပြီးစီးတဲ့ သက်တမ်းကြာမြင့်ပြီးတော့ အန္တရာယ်ရှိမှုအခြေအနေ လုပ်ထုံးလုပ်နည်းများအရနဲ့ မြို့နယ်ဦးစားပေး အစီအစဉ် ကျောင်းများအလိုက် တန်းစီဇယားမှာ ထည့်သွင်းလျာထားခြင်းဖြင့်လည်းကောင်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ မြို့နယ်ဦးစားပေးအစီအစဉ် ကျောင်းအလိုက် တန်းစီဇယားအရ မြိတ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှာ (၁၂၀ x ၃၀) ပေ၊ RC (၁)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ် ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဉ်အောက်မှာ ငွေကျပ်(၆၄.၈၀)သန်းကို ခွဲဝေခွင့်ပြုပြီး ဖြစ်ပါတယ်။ အဆိုပါ ကျောင်းမှာရှိတဲ့ သဇင်ဆောင်ဟာလည်း အမှန်တကယ် ပြင်ဆင်ရန်လိုအပ်တဲ့အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ် ရန်ပုံငွေ ခေါင်းစဉ် အောက်မှ စိစစ်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမြန်လမ်းမကြီး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၀၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမြန်လမ်းမကြီး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်က ထောက်ခံခြင်း ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က) အရ အမြန်လမ်းမကြီး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အမျိုးသား လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူရေးဆွဲခဲ့တဲ့ အမြန်လမ်းမကြီး ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေး စဉ်းစားပေးနိုင်ရန် အဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ခဲ့တဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဟာ အရှည်မိုင်(၃၆၆)မိုင် (၃)ဖာလုံကို ၂၀၁၉ ခုနှစ်အတွင်းမှာ စတင်ဖွင့်လှစ်ပေးခဲ့ပြီးတော့ ဒီလိုဖွင့်လှစ်နိုင်တဲ့အတွက် နိုင်ငံနဲ့အဝှမ်း အထက်အောက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တိုးတက်လာပြီးတော့ အလွယ်တကူ သွားလာနိုင်ကြတဲ့အပြင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုခဲ့ပါတယ်။

ယခင်ရှိခဲ့ပြီး အဝေးပြေးလမ်းမကြီးများအပြင် ယခုကဲ့သို့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး တည်ဆောက်ခြင်းနဲ့အတူ ဆက်လက်ပြီးလည်း နိုင်ငံအတွက်လိုအပ်မယ့် အမြန်လမ်းမကြီးများ ထပ်မံ တည်ဆောက်ခြင်း၊ အာရှဒေသအတွင်း နိုင်ငံများရဲ့ အမြန်လမ်းမကြီးများနဲ့ ကွန်ရက်ချိတ်ဆက်သွား လာနိုင်ရေးတို့အတွက် ရေရှည်အစီအမံများနဲ့ ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ထားရှိပြီးလည်းဖြစ်ပါ တယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အမြန်လမ်းမကြီးဟာ အခြားသော အဝေးပြေးလမ်းမကြီးများနဲ့ သဘောသဘာဝခြင်း ကွာခြားမှုရှိခြင်း၊ အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်သည့် စည်းကမ်းများ လိုက်နာပြီး မောင်းနှင်သည့် မော်တော်ယာဉ်၊ ယာဉ်မောင်းများကို ဥပဒေနဲ့အညီ အကာအကွယ်ပေးနိုင်ရန် လိုအပ်ခြင်း၊ အမြန်လမ်းမကြီး အသုံးပြုသူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လမ်းလုံခြုံမှုနှင့် ဆိုင်သော ကိစ္စရပ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ရန်နဲ့ အမြန်လမ်းမကြီးများ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ မော်တော်ယာဉ်များ သွားလာမှုကို စနစ်တကျ စီမံခန့်ခွဲ ကြီးကြပ် ကွပ်ကဲနိုင်ဖို့အပြင် နိုင်ငံတကာမှာလည်း အမြန်လမ်းမကြီးများနဲ့ပတ်သက်လို့ သီးခြား ဥပဒေများ ပြဋ္ဌာန်းပြီး ဆောင်ရွက်ကြတာဖြစ်တဲ့အတွက် ယခုလို အမြန်လမ်းမကြီး ဥပဒေမူကြမ်းကို ရေးဆွဲတင်ပြ ခဲ့ခြင်း ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ အမြန်လမ်းမကြီး ဥပဒေမူကြမ်းကို ရေးဆွဲခဲ့ရာမှာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၀၊ ပုဒ်မခွဲ(က)မှာ ပါတဲ့အတိုင်း ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ပါဝင်သော လမ်းမကြီးများနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ဝန်ကြီးဌာနမှ စီမံခန့်ခွဲရတဲ့အတွက် သတ်မှတ် ထားတဲ့ နည်းလမ်းများနဲ့အညီ ယခုလို ရေးဆွဲတင်သွင်းရခြင်း ဖြစ်ပါတယ်။ ဒီလိုရေးဆွဲရာမှာ ပြည်တွင်း မှာ ကျင့်သုံးလျက်ရှိတဲ့ တည်ဆဲဥပဒေ(၈)ခုနဲ့အတူ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ အိန္ဒိယနိုင်ငံ များမှ အမြန်လမ်းမကြီးဆိုင်ရာ ဥပဒေများကို လေ့လာကိုးကားခြင်း၊ ဥပဒေရေးရာ ကျွမ်းကျင်သူများ အမြန် လမ်းမကြီးဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများနဲ့ တိုင်ပင်ဆွေးနွေးခြင်းများ ပြုလုပ်ပြီး ရေးဆွဲ ခဲ့ခြင်း ဖြစ်ပါတယ်။ ရေးဆွဲခဲ့တဲ့ အမြန်လမ်းမကြီး ဥပဒေမူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ (၃)ကြိမ် တင်ပြ၍ သဘောထားမှတ်ချက် တောင်းခံပြင်ဆင်ခြင်း၊ နိုင်ငံတော်သမ္မတရုံး ဥပဒေ အကြံပေး အဖွဲ့နဲ့ လုံခြုံရေးနှင့် တည်ငြိမ်ရေးဆပ်ကော်မတီသို့ တင်ပြအကြံပြုချက်များ ရယူကာ ပြင်ဆင် ဖြည့်စွက် ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် ၂၂-၁-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ရှေ့မှောက် မှာလည်း တင်ပြစိစစ်ခြင်း ခံယူခဲ့ပြီး ကော်မတီရဲ့ အကြံပြုချက်များနဲ့အတိုင်း ပြင်ဆင် ဖြည့်စွက်မှု များကိုလည်း ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တင်ပြခဲ့တဲ့ အတိုင်း အမြန် လမ်းမကြီး ဥပဒေမူကြမ်းဟာ နိုင်ငံတော်ရဲ့ ပြည်သူလူထုအကျိုးစီးပွားအတွက် ပြဋ္ဌာန်းသင့်တဲ့ ဥပဒေ တစ်ရပ်ဖြစ်တဲ့အတွက် အဆိုပါ အမြန်လမ်းမကြီးဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်တွင် စဉ်းစား ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် လေးစားစွာဖြင့် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးက အမြန်လမ်းမကြီး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းအား ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖိုးဇော် မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမြန်လမ်းမကြီး ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် အမြန်လမ်းမကြီးဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့်ကို အမျိုးသားလွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပါမယ်။

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက အမြန်လမ်းမကြီး ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အမြန်လမ်းမကြီး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

အမြန်လမ်းမကြီး ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန်

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမြန်လမ်းမကြီး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က အမြန်လမ်းမကြီး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၁၁။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမြန်လမ်းမကြီး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၁။**

**ဗိုလ်မှူးချုပ်ကျော်ဦးလွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်လူကြီးများ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းသအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသာလွှတ်တော် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင် ဖြစ်ပါတယ်။ အမျိုးသာလွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ အမြန်လမ်းမကြီး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ ကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
အမြန်လမ်းမကြီးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၅-၅၃
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က အမြန်လမ်းမကြီး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင် ဆွေးနွေးနိုင်ပါရန် ၅-၁-၂၀၁၅ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းကို အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၂-၁-၂၀၁၅ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမြန်လမ်းမကြီးဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ဆ)တွင် ဖော်ပြထားသော လမ်းတာပေါင် အကျယ် တွင် ဆိုသည့်စကားရပ်ကို လမ်းတာပေါင်တွင် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အမြန်လမ်းမကြီး၏ အင်္ဂါရပ်များ ပိုမိုပြည့်စုံမှုရှိစေရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ည)တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အမြန်လမ်းမကြီး အင်္ဂါရပ်များဆိုသည်မှာ အမြန်လမ်းမကြီးပေါ်တွင် ဖွဲ့စည်းပါဝင်သည့် လမ်းကွန်ရက်၊ ကူးပြောင်းလမ်း၊ လမ်းတာပေါင်၊ တံတား၊ ရေထုတ်ပြွန်၊ ယာဉ်သွားလမ်း၊ လမ်းပုခုံး၊ လမ်းလယ်ကျွန်း၊ ရေမြောင်း၊ မိုင်တိုင် သို့မဟုတ် ကီလိုမီတာတိုင်၊ လမ်းနယ်တိုင်၊ လမ်းဆိုင်းဘုတ်၊ သတိပေး ခြင်းဆိုင်ရာ အီလက်ထရောနစ် ကိရိယာ၊ ယာဉ်ရပ်နား စခန်း၊ ဆက်သွယ်ရေးလမ်း သို့မဟုတ် ကုန်ထုတ်လမ်း၊ အကာအကွယ်၊ လမ်းအသုံး ပြုခ ကောက်ခံရေးစခန်း၊ အုပ်ချုပ်မှုနှင့် ထိန်းသိမ်းရေးစခန်းတို့ ပါဝင်သည့် အစုအဖွဲ့ ကိုဆိုသည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်ရန်နှင့် အပိုဒ် ၂၊ အပိုဒ်ခွဲ(ဌ)၏အောက်တွင် အပိုဒ်ခွဲ(ဍ) ကို အောက်ပါအတိုင်း အသစ် ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၂။(၃) အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီ ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ထားသည့် အတိုင်း ဖွဲ့စည်းပြီး အမြန်လမ်းမကြီးနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ပိုင်ခွင့်ရှိသည့်အဖွဲ့ကို ဆိုသည်။

(ခ) မူလဥပဒေကြမ်း အပိုဒ် ၃၊ အပိုဒ်ခွဲ(ဂ) တွင် ဖော်ပြထားသော စကားရပ်များအစား အမြန်လမ်းမကြီးများကို အသုံးပြု၍ ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ် သက်သာကာ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းဆိုသည့်စကားရပ်ကို အစိုးရဌာနအဖွဲ့အစည်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အရေးအသားကျစ်လစ်မှု ရှိစေရန်အတွက် အပိုဒ် ၅၊ အပိုဒ်ခွဲ(င)တွင် ဖော်ပြထားသော စကားရပ်များအစား အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းတို့နှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ ပြည်တွင်းပြည်ပစီးပွားရေး အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပဋိညာဉ်ချုပ်ဆို၍ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅(စ)တွင် ဖော်ပြထားသော တည်ဆဲဥပဒေများနှင့် အညီဆောင်ရွက်ခြင်း ဆိုသည့်စကားရပ်ကို တည်ဆဲ ဥပဒေများနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် (၅)၊ အပိုဒ်ခွဲ (ဈ)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်နှင့် လူမှုရေးသက်ရောက်မှုများ ဆိုသည့် စကားရပ်ကို ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး သက်ရောက်မှုများဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ည)တွင် ဖော်ပြထားသော စကားရပ်များအစား အမြန်လမ်းမကြီးဆိုင်ရာ ကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာ အဆင့်တို့တွင် ပူးပေါင်းဆောင်ရွက်ခြင်းဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုး သင့်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

(ဂ) မူလဥပဒေကြမ်း အပိုဒ် ၇၊ အပိုဒ်ခွဲ (၃)တွင် ဖော်ပြထားသော ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း ဆိုသည့်စကားရပ်ကိုဝန်ကြီးဌာနသို့ တင်ပြခြင်း ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၇၊ အပိုဒ်ခွဲ(ဃ) တွင် ဖော်ပြထားသော ယာဉ်မောင်းသက်တမ်းကို ဆိုသည့်စကားရပ်ကို ယာဉ်မောင်းသက်တမ်းနှင့် ကျွမ်းကျင်မှုအဆင့်ကို ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(င)တွင် ပါရှိသော ဝန်ကြီးဌာန၊ အမြန်လမ်းမကြီး အုပ်ချုပ်မှုကော်မတီ ဆိုသည့် စကားရပ်ကို အမြန်လမ်းမကြီး အုပ်ချုပ်မှုကော်မတီ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၉၊ အပိုဒ်ခွဲ(က)တွင် ပါရှိသော သတ်မှတ်သည့်အများဆုံး သို့မဟုတ် အနည်းဆုံး အမြန်နှုန်းအတွင်းသာ မောင်းနှင်ရမည် ဆိုသည့်စကားရပ်ကို သတ်မှတ်သည့် အမြန်နှုန်းအတွင်းသာ မောင်းနှင်ရမည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးပြင်ဆင် ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) မူလဥပဒေကြမ်း အပိုဒ် ၁ဝ ခြေဆင်းတွင် ဖော်ပြထားသော အမြန်လမ်းမကြီး နယ်နိမိတ်အတွင်းတွင် ဆိုသည့်စကားရပ်ကို အမြန်လမ်းမကြီး နယ်နိမိတ်နှင့် ဆက်စပ်ဧရိယာ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁ဝ၊ အပိုဒ်ခွဲ(ခ) တွင် ဖော်ပြထားသော လိုအပ်သည်ဟု ယူဆသော ဆိုသည့်စကားရပ်ကို လိုအပ်သည့် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁ဝ၊ အပိုဒ်ခွဲ(ဂ) တွင်ဖော်ပြထားသော အိမ်များ ဆိုသည့် စကားရပ်ကို အိမ်ရာများ ဆိုသည့်စကားရပ်လည်းကောင်း၊ အပိုဒ် ၁၁ တွင် ဖော်ပြထားသော သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရန်အတွက် ပြည်ထောင်စုနယ်မြေကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) မူလဥပဒေကြမ်း အပိုဒ် ၁၃ တွင် ဖော်ပြထားသော စကားရပ်များအစား တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်ခွင့်မပြုသည့် မော်တော်ယာဉ်၊ လှည်းနှင့် ဖြတ်သန်းသွားလာခွင့်မပြုသည့် အခြားယာဉ်များ မောင်းနှင်ခြင်း သို့မဟုတ် ရပ်နားခြင်း၊ လူ၊ တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်းကြောင့် လူနှင့်ပစ္စည်း ထိခိုက်မှု သို့မဟုတ် သေဆုံးမှုဖြစ်ပေါ်ပါက ဥပဒေနှင့်အညီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာ၍ မောင်းနှင်သည့် မော်တော်ယာဉ်၏ ယာဉ်မောင်းတွင် တာဝန် မရှိစေရ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၅ ခြေဆင်းတွင် ဖော်ပြထားသော မည်သူမျှအောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို တမင်မပြုလုပ်ရ ဆိုသည့် စကားရပ်ကို ဥပဒေရေးထုံးနှင့်ညီညွတ်စေရန်အတွက် မည်သူမျှ အောက်ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို မပြုလုပ်ရ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၈(ဂ)ကို အပိုဒ် ၁၇(ဂ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း အမြန်လမ်းမကြီး အုပ်ချုပ်မှုကော်မတီနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ သစ်ပင်သီးနှံ စိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသော သစ်ပင်များကို ရှင်းလင်းခြင်းနှင့် လမ်းတိုးချဲ့ရန်အတွက် သစ်ပင်များကို ရှင်းလင်းရာတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၉ ကို အပိုဒ် ၁၈ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြ ထားသော စကားရပ်များအစား မည်သူမျှ ဤဥပဒေပါ စည်းကမ်းချက်နှင့် ကန့်သတ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ခြင်း မပြုလုပ်ရ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင် ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(စ) မူလဥပဒေကြမ်း အပိုဒ် ၂၂ ကို အပိုဒ် ၂၁ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော အနည်းဆုံးကျပ် ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း (၃ဝ) အထိ

ငွေဒဏ်ဖြစ်စေ ဆိုသည့် စကားရပ်ကို အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံးကျပ်သိန်း (၂၀) အထိ ငွေဒဏ်ဖြစ်စေ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၇ ကို အပိုဒ် ၂၅ အဖြစ်ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ ဆိုသည့်စကားရပ်ကို ကျပ်တစ် ဆယ်သိန်း အထိ ငွေဒဏ်ဖြစ်စေ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၃ ကို အပိုဒ် ၃၀ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်အစား ပြည်သူ့ဆောက်လုပ် ရေးလုပ်ငန်းသည် အမြန်လမ်းမကြီး အုပ်ချုပ်မှု ကော်မတီကို တာဝန်ခံရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၃၄ ကို အပိုဒ် ၃၁ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော ဤဥပဒေပါ လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သော အမြန်လမ်းမကြီး အုပ်ချုပ်မှုကော်မတီဝင်၊ အမြန်လမ်းမကြီး ပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဝင် ဆိုသည့် စကားရပ်ကို ဤဥပဒေ ပါ လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သော အမြန်လမ်းမကြီးအုပ်ချုပ်မှု ကော်မတီဝင် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဆ) မူလဥပဒေကြမ်းအပိုဒ် ၁၆၊ အပိုဒ် ၂၃၊ အပိုဒ် ၂၈ တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း နှင့် မူလဥပဒေကြမ်းအပိုဒ် ၃၅ ကို အပိုဒ် ၃၂ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇ (က) နှင့် ညီညွတ်မှုရှိစေရန်အတွက် အောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းသည် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ဇ) မြန်မာစာ စာလုံးပေါင်းသတ်ပုံနှင့် အရေးအသားအသုံးအနှုန်း မှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှု ရှိစေရန်အတွက်လည်းကောင်း၊ ပုဒ်မစဉ်များနှင့် အညွှန်းပုဒ်မများကိုပါ အစီအစဉ်ကျနမှု ရှိစေရန်အတွက်လည်းကောင်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမြန်လမ်းမကြီး ဥပဒေကြမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး အပါအဝင် တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း၍

သဘောတူညီချက်များအရ ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်မှ အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက အမြန်လမ်းမကြီး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၂၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမြန်လမ်းမကြီး ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေး လိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၆-၂-၂၀၁၅ (သောကြာနေ့) ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်း နိုင်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခန့်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၂၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၄၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့် ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ဆိပ်ကမ်းအာဏာ

ပိုင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဥပဒေ

( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်         ။ )

၁၃၇၆ ခုနှစ်၊                    လ           ရက်

( ၂၀၁၅ ခုနှစ်၊                    လ         ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို  သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အပိုဒ် ၂(က)၊ အပိုဒ် ၃(က)(ခ)(ဃ)(စ)(ဇ)(ဍ)(ဏ)(တ)(ပ)

၂။ ဤဥပဒေသည် -

(က) ပုဒ်မ ၅၊ ပုဒ်မခွဲ(က)အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော ဆိပ်ကမ်း နယ်နိမိတ်အတွင်းရှိ ဆိပ်ကမ်းများနှင့် သက်ဆိုင်စေရမည် ဟု ပြင်ဆင်ထားပါတယ်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) နိုင်ငံတော် ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်ဟု ဖြည့်စွက်ထားပါတယ်။

(ဓ) ဆိပ်ကမ်း ဆိုသည်မှာ ပုဒ်မ ၅၊ ပုဒ်မခွဲ(က) အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော ဆိပ်ကမ်းနယ်နိမိတ်အတွင်းရှိ ဆိပ်ကမ်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဆိပ်ကမ်းနယ်နိမိတ်အတွင်းရှိ ရေလမ်းကြောင်း၊ မြစ်ကြောင်းနှင့် ကမ်းနားနယ်တို့လည်း ပါဝင်သည်။

(ဃ) အဓိကဆိပ်ကမ်း ဆိုသည်မှာ ပုဒ်မခွဲ(ခ) တွင် အဓိပ္ပာယ် ဖော်ပြထားသည့် ဆိပ်ကမ်းများအနက်မှ အပြည်ပြည်ဆိုင်ရာ ရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် အချက်အချာကျသော ဆိပ်ကမ်းအဖြစ် ဝန်ကြီး ဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော ဆိပ်ကမ်းတစ်ခုခုကို ဆိုသည်။

(စ) ကမ်းနားနယ် ဆိုသည်မှာ ခရီးသည်များ ဆင်းတက်ခြင်းနှင့် ကုန်စည်များ အတင်အချပြုလုပ်ခြင်းတို့အတွက် ရေယာဉ်များ ဆိုက်ကပ်ရပ်နားရန် ဆိပ်ကမ်း နယ်နိမိတ်အဖြစ် သီးခြားသတ်မှတ်ထားခြင်း မရှိလျှင် ကမ်းပါးနယ်နှင့်ဆက်စပ်ပြီး ရေအမြင့်ဆုံးတက်ရောက်သည့် ရေပြည့်မျဉ်းအမှတ်မှ ကုန်းတွင်းပိုင်းသို့ ကိုက် (၅၀) အထိ ရှိသည့် ကမ်းနားနယ်နိမိတ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ပုဂ္ဂလိကပိုင်ပစ္စည်း ဆိုင်ရာ အခွင့်အရေးအရ တည်ရှိသည့် မြေများမပါဝင်။

(ဆ) ရေယာဉ် ဆိုက်ကပ်ရန်နေရာ ဆိုသည်မှာ ရေယာဉ်များမှ ကုန်စည်တင်ခြင်း၊ ချခြင်း ပြုလုပ်ရာနေရာ၊ ဆိပ်ကမ်းတံတား၊ သိုလှောင်ရုံနှင့် သင်္ဘောကျင်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ဆိုက်ကပ်ရန် နေရာနှင့် စပ်ဆိုင်သော အခြားအဆောက်အအုံ များလည်း ပါဝင်သည်။

(ဇ) ရေယာဉ် ဆိုသည်မှာ ခရီးသည် သို့မဟုတ် ကုန်စည်များကို ရေလမ်းဖြင့် သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသော သင်္ဘော၊ လှေ၊ သမ္ဗန် ၊ သစ်ဖောင်၊ ဝါးဖောင် အပါအဝင် စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ်တစ်မျိုးမျိုး ကို ဆိုသည်။

(ဈ) ဆိပ်ကမ်းဝန်ဆောင်ခ ဆိုသည်မှာ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော ဆိပ်ကမ်းဝန်ဆောင်ခများကို ဆိုသည်။

(ည) ဝန်ဆောင်မှုလုပ်ငန်းဆိုသည်မှာ အခကြေးငွေ၊ အဖိုးစားနား သို့မဟုတ် ကတိနှင့် ညီညွတ်ချက်ဖြင့် ဆောင်ရွက်ပေးသော လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်များ ဆိပ်ကမ်းအတွင်းသို့ ဝင်ရောက်ခြင်း၊ ဆိုက်ကပ်ခြင်း၊ အသုံးပြုခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ပုံမှန်ကူးသန်းသွားလာခြင်းတို့အတွက် ဆောင်ရွက်ပေးသည့် လုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း နှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ဝန်ဆောင်မှုလုပ်ငန်း ဖြစ်သည် ဟု အခါအားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ပ) ရေကြောင်းပြမှူးကြီး ဆိုသည်မှာ ဆိပ်ကမ်းနယ်နိမိတ် အတွင်း ရေယာဉ်များကို ရေကြောင်းပြရန် မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်က လုပ်ငန်းလိုင်စင် ထုတ်ပေး ထားသောသူကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(က)၊ အပိုဒ် ၃ (က)(ခ)(ဃ)(စ)(ဇ) (ဍ)(ဏ)(တ)(ပ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(က)၊ အပိုဒ် ၃(က)(ခ)(ဃ)(စ)(ဇ)(ဍ)(ဏ)(တ)(ပ)သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အပိုဒ် ၄(က)(င)

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်၏ ဆိပ်ကမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နှင့် စီးပွားရေးပိုမိုဖွံ့ဖြိုး တိုးတက်စေရန် ဟု ပြင်ဆင်ထားပါတယ်။

(င) ဆိပ်ကမ်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်ပနိုင်ငံများနှင့် လည်းကောင်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄(က)(င) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(က)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၅(ဂ)(င)၊ အပိုဒ် ၆၊ အပိုဒ် ၇(င)

၅။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(ဂ) ပုဒ်မခွဲ(က) အရ ဆိပ်ကမ်းများ သတ်မှတ်ရာတွင် ဆိပ်ကမ်း တံတား၊ ဆိပ်ခံတံတား၊ ဇောတံတား၊ ရေဆိပ်၊ လှေဆိပ်၊ သင်္ဘောကျင်းနှင့် သိုလှောင်ရုံများကိုလည်းကောင်း၊ ရေယာဉ်များသွားလာမှု လွယ်ကူ အဆင်ပြေရေး၊ ရေယာဉ်များ လုံခြုံရေး၊ ဆိပ်ကမ်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးတို့အတွက် အခြားလုပ်ငန်းခွင် များကိုလည်းကောင်း ကမ်းနားနယ်အတွင်း ထည့်သွင်းသတ်မှတ်နိုင်သည်။

(င) ဆိပ်ကမ်းများကို သတ်မှတ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြောင်းလဲခြင်းနှင့် ပြင်ဆင်ခြင်းတို့ ပြုလုပ် ရာတွင် ပုဂ္ဂလိကပိုင်မြေနှင့် ပစ္စည်းများရှိပါက ထိုမြေနှင့် ပစ္စည်းများ၏ ပိုင်ဆိုင်ခွင့် ရှိသူများနှင့် ညှိနှိုင်း၍ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၆။ ဆိပ်ကမ်းများ အက်ဥပဒေ၊ ရန်ကုန်ဆိပ်ကမ်း အက်ဥပဒေနှင့် ပြင်ပဆိပ်ကမ်းများ အက်ဥပဒေ တစ်ရပ်ရပ်အရ သတ်မှတ်ခဲ့သော ဆိပ်ကမ်းများ၊ ရန်ကုန်ဆိပ်ကမ်းနှင့် ပြင်ပဆိပ်ကမ်းများကို ဤဥပဒေ နှင့်အညီ တိုးချဲ့ခြင်း၊ လျှော့ချခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း မပြုသမျှ ပုဒ်မ ၅၊ ပုဒ်မခွဲ(က)အရ သတ်မှတ်သော ဆိပ်ကမ်းများ ဖြစ်သည် ဟု မှတ်ယူရမည်။

၇။ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်သည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း -

(င) ဘေးအန္တရာယ်ရှိ ကုန်စည်များ သယ်ဆောင်လာသော ရေယာဉ်များ ကျောက်ချ ရပ်နားရန် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်းနှင့် နေရာသတ်မှတ်ပေးခြင်းများ ဆောင်ရွက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅(ဂ)(င)၊ အပိုဒ် ၆၊ အပိုဒ် ၇(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅(ဂ)(င)၊ အပိုဒ် ၆၊ အပိုဒ် ၇(င) သည် ဤဥပဒေ ကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၉၊ အပိုဒ် ၁၀(ဂ)

၉။ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်သည် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ပအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ နိုင်ငံကိုယ်စားပြုအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ရမည်။

၁၀။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(ဂ) အထူးကိစ္စရပ် တစ်ခုခုအတွက် အများပြည်သူ အကျိုးငှာ ဆိပ်ကမ်းဝန်ဆောင်ခများကို ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် လျှော့ပေါ့ခြင်းပြုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉၊ အပိုဒ် ၁၀(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉၊ အပိုဒ် ၁၀(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အပိုဒ် ၁၁(က)၊ အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၃(က)(ခ)(ဂ)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅(ဂ)၊ အပိုဒ် ၁၆

၁၁။ (က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သည် နိုင်ငံတော်ပိုင် အဖွဲ့အစည်းတစ်ခုဖြစ်သဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ က အတည်ပြုသည့် ဖွဲ့စည်းပုံအတိုင်း တည်ထောင်ရမည်။

၁၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(ခ) မိမိနှင့် အစိုးရအဖွဲ့အစည်းများ၊ ပြင်ပပုဂ္ဂလိက အဖွဲ့အစည်းများအကြား လုပ်ငန်းသဘောတူစာချုပ်များ ချုပ်ဆိုခြင်း၊ အခြားစာချုပ်များ ချုပ်ဆိုရာတွင် အမှုဆောင်အရာရှိချုပ်က ကိုယ်တိုင်ဖြစ်စေ၊ ၎င်းက အခွင့်အာဏာ ပေးအပ်ထားသည့် အရာရှိက ဖြစ်စေ လက်မှတ်ရေးထိုးရမည်။

၁၃။ (က) ဤဥပဒေ အာဏာမတည်မီက ဖွဲ့စည်းခဲ့သည့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများသည် ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ လွှဲပြောင်းတာဝန် ထမ်းဆောင်သည့်အခါ ယင်းတို့ တာဝန်

ထမ်းဆောင်ခဲ့စဉ်က ရရှိခဲ့သည့် ရာထူးတာဝန်နှင့် ရပိုင်ခွင့်ထက် လျော့နည်းခြင်း မရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ခ) ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်တွင် တာဝန်ထမ်းဆောင်သော ဝန်ထမ်းများ၏ လုပ်သက်ကို ယခင် လုပ်သက်နှင့်တစ်ဆက်တည်း မှတ်ယူပြီး ၎င်းတို့ အငြိမ်းစားယူချိန်တွင် ခံစားရမည့် အငြိမ်းစားလစာနှင့် အငြိမ်းစားယူမှု ဆိုင်ရာ ကိစ္စရပ်များကို တွက်ချက်သည့်အခါ ထည့်သွင်းတွက်ချက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

(ဂ) အငြိမ်းစားယူခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည် ဟု ဖြည့်စွက်ထားပါတယ်။

၁၄။ ဝန်ကြီးဌာနသည် ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်သို့ ပြောင်းရွှေ့ တာဝန် ထမ်းဆောင်သော ဝန်ထမ်းများအတွက် ကရုဏာကြေး၊ ချီးမြှင့်ငွေ၊ အငြိမ်းစားလစာ၊ အငြိမ်းစား ယူမှုဆိုင်ရာကိစ္စရပ်များကို ယင်းတို့ တာဝန်ထမ်းဆောင်ခဲ့သော အချိန်ကာလအတိုင်း တွက်ချက်၍ ၎င်း၏ အသုံးစရိတ်ခေါင်းစဉ်မှ ကျခံခွင့်ပြုပေးရမည်။

၁၅။ (ဂ) ပုဒ်မခွဲ(ခ) ပါ အရာထမ်း၊ အမှုထမ်းများ အသက် (၆၀) နှစ် ပြည့်ပါက သက်ပြည့် အငြိမ်းစားယူခွင့် ပေးနိုင်သည်။ သို့သော် လုပ်ငန်းလိုအပ်ချက်အရသော် လည်းကောင်း၊ ကာယကံရှင်၏ ကျန်းမာရေးအခြေအနေအရ သော်လည်းကောင်း ဆက်လက်တာဝန် ထမ်းဆောင်လိုသော အဆိုပါ ပုဂ္ဂိုလ်များအား တစ်နှစ်လျှင် တစ်ကြိမ်စီ သက်တမ်း တိုးမြှင့်၍ ဆောင်ရွက်ခွင့် ပြုနိုင်ခြင်း။

၁၆။ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ဝန်ထမ်း များအား စည်းကမ်းချက် များနှင့်အညီ အခါအားလျော်စွာ ခန့်အပ်ခြင်းနှင့် ကြီးကြပ်ခြင်း ပြုနိုင်သည်။ လိုအပ်ပါက မိမိကိုယ်စား ဆောင်ရွက်နိုင်ရန် စည်းကမ်းချက်များ သတ်မှတ်၍ ကိုယ်စား တာဝန် ပေးအပ်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁(က)၊ အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၃(က)(ခ)(ဂ)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅(ဂ)၊ အပိုဒ် ၁၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁(က)၊ အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၃(က)(ခ)(ဂ)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅(ဂ)၊ အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အပိုဒ် ၁၇(ဆ)(ဇ)၊ အပိုဒ် ၁၈(ဂ)၊ အပိုဒ် ၂၀(ခ)၊ အပိုဒ် ၂၁(က)(၃)၊

အပိုဒ် ၂၂(ခ)၊ အပိုဒ် ၂၃(ဂ)၊ အပိုဒ် ၂၄(ခ)(စ)၊

အပိုဒ် ၂၆(က)(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၂၇(ခ)(၃)

၁၇။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(ဆ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ပင်လယ်ကူးရေယာဉ်များ အတွက်စက်သုံးဆီနှင့် အခြား လိုအပ်ချက်များ ထောက်ပံ့ ပေးရန် စီမံခန့်ခွဲနိုင်သည်။ ယင်းလုပ်ငန်းများအတွက် လုပ်ငန်းရှင်များအား လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်းနှင့် စည်းကမ်းဖောက်ဖျက်သူများကို စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်းတို့ ပြုနိုင်သည်။

(ဇ) ပုဂ္ဂလိက တွဲရေယာဉ်များ၊ တွန်းရေယာဉ်များ၊ သောင်တူး ရေယာဉ်များနှင့် ဆယ်ယူရေး ရေယာဉ်များအားလုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့်စည်းကမ်း ဖောက်ဖျက်သူများကို စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်းတို့ ပြုနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

၁၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(ဂ) မိမိပိုင်ဆိုင်သော အသုံးမလိုတော့သည့် ရေယာဉ်၊ ယာဉ်၊ စက်ကိရိယာနှင့် အခြား ပစ္စည်းများအား ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်းတို့ ဆောင်ရွက်ပိုင်ခွင့် ရှိသည်ဟု ဖြည့်စွက် ထားပါတယ်။

၂၀။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(ခ) ပုဒ်မခွဲ(က)အရ ညွှန်ကြားပြီးနောက် ပထမဆုံးအကြိမ် ဖြစ်ပေါ်သည့် ရေတက်ရေကျချိန်တွင် အဆိုပါရေယာဉ်သည် သတ်မှတ်ချိန်အတွင်း ထွက်ခွာခြင်းမရှိပါက ဆိပ်ကမ်းတံတားတွင် ဆိုက်ကပ်လျက် ရှိနေသမျှ သတ်မှတ်ထားသည့် ဒဏ်ကြေးကို စည်းကြပ်နိုင်သည်။

၂၁။ (က) (၃) ရေယာဉ်၏ ရေကြောင်းသွားလာမှု ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဖြစ်စေ၊ ရေကြောင်း ပို့ဆောင်ရေး လွယ်ကူအဆင်ပြေစေရေးအတွက် ဖြစ်စေ၊ ဆိပ်ကမ်း နယ်နိမိတ်၌ စီမံထားရှိသော အထောက်အကူပြု ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်း၊ ဝန်ဆောင်မှုများကို ဆိုးရွားစွာ ဝင်ရောက်နှောင့်ယှက်ခြင်း သို့မဟုတ် ထိခိုက်ပျက်စီးစေခြင်း၊

၂၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(ခ) အကြမ်းဖက်မှု တားဆီးနှိမ်နင်းရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ နိုင်ငံများနှင့် ပူးပေါင်း ညှိနှိုင်း၍ သတင်းအချက်အလက်များ ပေးပို့ဖလှယ်နိုင်ရေးအတွက် သက်ဆိုင်ရာ ရေယာဉ်

ပိုင်ရှင်နှင့် ရေယာဥ်ကုမ္ပဏီများ၊ ရေယာဥ်မှူးများနှင့် ဆိပ်ကမ်းမှ တာဝန်ရှိသူများအား ညွှန်ကြားရမည်။

၂၃။ (ဂ) ပုဒ်မခွဲ(ခ)ပါ ဆီနှင့် ဓာတုပစ္စည်း ယိုဖိတ်မှုများ ဖြစ်ပေါ်လာပါက ရေထုညစ်ညမ်းမှု မရှိစေရေး၊ ရှင်းလင်းဖယ်ရှားပေးရေးနှင့် သန့်စင်ရေးတို့အတွက် ကျွမ်းကျင်သူများနှင့် ညှိနှိုင်းပြီး စီစဥ်ဆောင်ရွက်ခြင်း ပြုရမည်။ ထိုသို့ ပြုလုပ်ရာ၌ ကုန်ကျစရိတ်ကို တာဝန်ရှိသူထံမှသတ်မှတ်ချက်များနှင့်အညီ ပြန်လည် တောင်းခံနိုင်သည်။

၂၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(ခ) ခေတ္တအပ်နှံသည့်ကုန်စည်ကို မိမိ၏ ကုန်စည်ကဲ့သို့ သဘောထားပြီး အတတ်နိုင်ဆုံး ထိန်းသိမ်း စောင့်ရှောက်ရန် တာဝန်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

(စ) ပုပ်သိုးပျက်စီးလွယ်သည့် ကုန်စည်ဖြစ်လျှင် အဆိုပါကုန်စည်ကို ရေယာဥ်မှ ချပြီးနောက် (၂၄) နာရီကျော်လွန်ပါက လေလံတင်ရောင်းချနိုင်သည်ဟု ဖြည့်စွက်ထားပါတယ်။

၂၆။ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်သည် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တည်ဆဲ ဥပဒေများနှင့်အညီ အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်နိုင်သည် -

(က) မိမိစီမံခန့်ခွဲသော ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတို့နှင့် သဘောတူ စာချုပ်ချုပ်ဆိုပြီး ငှားရမ်းလုပ်ကိုင် ခွင့်ပြုနိုင်ခြင်း၊

(ခ) ဆိပ်ကမ်းဆိုင်ရာ လုပ်ငန်းများကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတို့နှင့် သီးခြား သဘောတူစာချုပ် ချုပ်ဆို၍ နှစ်ဘက်သဘောတူ စနစ်တစ်ခုခုဖြင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(ဂ) မိမိစီမံခန့်ခွဲသော အစိုးရပိုင် ဆိပ်ကမ်းဆိုင်ရာ လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတို့အား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုခြင်း၊ အစိုးရနှင့်ပုဂ္ဂလိကတို့ အစုစပ်လုပ်ငန်းအဖြစ် လုပ်ကိုင်ခြင်း၊

(ဃ) ဆိပ်ကမ်းဆိုင်ရာ လုပ်ငန်းများကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတို့နှင့် သီးခြား ဖက်စပ်လုပ်ငန်း သဘောတူစာချုပ် ချုပ်ဆို၍ ဖက်စပ်ကုမ္ပဏီ တည်ထောင်ပြီး လုပ်ကိုင်ခြင်း၊

(င) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ မတည်ငွေရင်းများ၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတို့၏ အစုရှယ်ယာထည့်ဝင်ငွေများဖြင့် အများနှင့်မသက်ဆိုင်သော ဆိပ်ကမ်းလုပ်ငန်း ကုမ္ပဏီ သို့မဟုတ် ဆိပ်ကမ်းလုပ်ငန်း ကော်ပိုရေးရှင်း တည်ထောင်ပြီး ဆိပ်ကမ်းဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်ခြင်း၊

(စ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ မတည်ငွေရင်းများနှင့် အများပြည်သူတို့၏ အစုရှယ်ယာများ ဖိတ်ခေါ် ထည့်ဝင်စေ၍ အများနှင့်သက်ဆိုင်သော ဆိပ်ကမ်း လုပ်ငန်း

ကုမ္ပဏီ သို့မဟုတ် ဆိပ်ကမ်းလုပ်ငန်း ကော်ပိုရေးရှင်း တည်ထောင်ပြီး ဆိပ်ကမ်းဆိုင်ရာ လုပ်ငန်းများလုပ်ကိုင် ဆောင်ရွက်ခြင်း၊

၂၇။ (ခ) ခန့်အပ်တာဝန်ပေးထားသော အရာထမ်း၊ အမှုထမ်းများအား ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ဝန်ထမ်းစည်းကမ်း ဖောက်ဖျက်သူများအား ဌာနဆိုင်ရာ အရေးယူအပြစ်ပေးခြင်း၊ ထုတ်ပယ်ခြင်း၊ ခွင့်ပေးခြင်း၊ အငြိမ်းစားပေးခြင်း၊ ရပိုင်ခွင့်များကို ရရှိစေခြင်း၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ ဆုကြေးငွေချီးမြှင့်ခြင်း၊

(ဍ) ရေလမ်းကြောင်းများ ထာဝစဉ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၇(ဆ)(ဈ)၊ အပိုဒ် ၁၈(ဂ)၊ အပိုဒ် ၂၀(ခ)၊ အပိုဒ် ၂၁(က)(၃)၊ အပိုဒ် ၂၂(ခ)၊ အပိုဒ် ၂၃(ဂ)၊ အပိုဒ် ၂၄(ခ)(စ)၊ အပိုဒ် ၂၆(က)(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၂၇(ခ)(ဍ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇(ဆ)(ဈ)၊ အပိုဒ် ၁၈(ဂ)၊ အပိုဒ် ၂၀(ခ)၊ အပိုဒ် ၂၁(က)(၃)၊ အပိုဒ် ၂၂(ခ)၊ အပိုဒ် ၂၃(ဂ)၊ အပိုဒ် ၂၄(ခ)(စ)၊ အပိုဒ် ၂၆(က)(ခ) (ဂ)(ဃ)(င)(စ)၊ အပိုဒ် ၂၇(ခ)(ဍ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အပိုဒ် ၂၈(က)(ခ)(၁)(၂)၊ အပိုဒ် ၂၉(က)(ခ)(ဂ)(ဃ)(င)၊

အပိုဒ် ၃၁(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄

၂၈။ (က) ဝန်ကြီးဌာနသည် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဦးရေ အများဆုံး ကိုးဦးအထိ ပါဝင်သော အုပ်ချုပ်မှုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(ခ) (၁) အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌက ခန့်အပ်သူ တစ်ဦးဦးကို အတွင်းရေးမှူး အဖြစ် သတ်မှတ်တာဝန်ပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

(၂) အုပ်ချုပ်မှုအဖွဲ့၏ အစည်းအဝေးများကို သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်ဟု ဖြည့်စွက်ထားပါတယ်။

၂၉။ (က) အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် စတင်ခန့်အပ်သည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်။

(ခ) ယင်းရာထူးသက်တမ်း ကုန်ဆုံးသည့်အခါ ဝန်ကြီးဌာနက အသစ်ဖွဲ့စည်း တာဝန်ပေးအပ်ပြီးသည့် အချိန်အထိ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

(ဂ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မပြုရ။

(ဃ) အကြောင်းတစ်ရပ်ရပ်ကြောင့် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်ရာထူးနေရာ လစ်လပ်သည့်အတွက် အစားထိုးခန့်ထားပါက ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် မူလရာထူး၏ ကျန်ရှိသည့် သက်တမ်းကုန်ဆုံးသည်အထိသာ ဖြစ်ရမည်။

(င) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ကြားဖြတ်တာဝန်ယူရသည့် ကာလကို ရာထူးသက်တမ်း တစ်ခုဟု မသတ်မှတ်ရ။

၃၀။ (က) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးသည် ယင်းအား မခန့်ထားမီကာလက ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်လုပ်ငန်းတာဝန် ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့် ငွေရေး ကြေးရေး အကျိုးခံစားခွင့် သို့မဟုတ် အခြားအကျိုး သက်ဆိုင်ခွင့်များနှင့် ကင်းရှင်းသူဖြစ်ရမည်။

(ခ) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် အုပ်ချုပ်မှုအဖွဲ့က ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန် ကြံရွယ်သည့် ပဋိညာဉ်တွင်သော်လည်းကောင်း၊ ရောင်းမှု၊ ဝယ်ယူမှု သို့မဟုတ် ငှားရမ်းမှု တစ်ခုခုတွင် သော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်နေပါက မိမိမည်သို့ အကျိုးသက်ဆိုင်ကြောင်းကို အဖွဲ့၏ အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ထုတ်ဖော်ပြောဆိုချက်ကို အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေး မှတ်တမ်းများတွင် ရေးမှတ်ထားရမည်ဖြစ်ပြီး သက်ဆိုင်သည့် အဖွဲ့ဝင်သည် ယင်း ပဋိညာဉ်နှင့် သော်လည်းကောင်း ရောင်းမှုဝယ်မှု သို့မဟုတ် ငှားရမ်းမှုနှင့်သော်လည်းကောင်း စပ်လျဉ်း၍ အုပ်ချုပ်မှုအဖွဲ့က ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းပြုရာ တွင် မပါဝင်ရ။

(ဃ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးဦးမှာ ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြားအကျိုး သက်ဆိုင်ခွင့် ရှိ မရှိဆုံးဖြတ်ရန် အကြောင်းပေါ်ပေါက်လျှင် အုပ်ချုပ်မှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည် ဖြစ်သည်။

၃၁။ အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် အောက်ပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ပါက ရာထူးမှ ရပ်စဲခြင်း ခံရမည်။

၃၃။ အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် တစ်ဦးဦးသည် ပုဒ်မ ၃၂ အရ ရာထူးတာဝန်မှ ရပ်စဲသောကြောင့် လစ်လပ်သည့် ရာထူးနေရာတို့၌ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်အစားထိုး ခန့်အပ် တာဝန်ပေးရမည်။

၃၄။ ပုဒ်မ ၃၂ အရ ရာထူးမှ ရပ်စဲခံရခြင်းကြောင့် အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး ရာထူးနေရာလစ်လပ်ပါက ဝန်ကြီးဌာနသည် လစ်လပ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဖြည့်စွက်ခန့်ထားရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၈(က)(ခ)(၁)(၂)၊ အပိုဒ် ၂၉(က)(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၃၁(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၈(က)(ခ)(၁)(၂)၊ အပိုဒ် ၂၉(က)(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၃၁(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**အချိန်၊ ၁၂း၁၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ နေ့လည်စာစားဖို့ အစည်းအဝေးကို (၁)နာရီ ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၂း၁၃ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၁၃ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၃း၁၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၁၇။**

**ဒုတိယဥက္ကဋ္ဌ**။ ။ နေ့လည်ပိုင်းခွင့် လျှောက်ထားသူများ စာရင်းကို တင်ပြခွင့်ပြုချက် တောင်းပါ့မယ်။ တော်တော်တော့ အားရှိစရာပဲ။ ဝန်ကြီးလာလို့ ထင်တယ်။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကော်မတီ အစည်းအဝေး ဖြစ်ပါတယ်။ ဒေါက်တာဝင်းမြင့်အောင်၊ အစည်းအဝေးဖြစ်ပါတယ်။ ဦးတင်ရှန်၊ ၎င်းအတိုင်းဖြစ်ပါတယ်။ ဒေါက်တာခင်မောင်လေး၊ ၎င်းအတိုင်းဖြစ်ပါတယ်။ ဦးခင်မောင်ငွေ။ ဦးစိုင်းကျော်ဇောသန်း။ ဦးဥာဏ်လင်း။ ဒေါက်တာငွေးဝင်း။ ဗိုလ်မှူးကျော်နိုင်ငွေး။ ဗိုလ်မှူးသိန်းဘိုဘိုထွေး။ ဦးတင်ယု။ ဦးတင်မြ။ ဦးကျော်ကျော်။ ဦးမိုးမြင့်။ ဦးဝင်းနိုင်ရှိန်။ ဦးခင်မောင်လတ်။ ဗိုလ်မှူးကြီးခင်စိုး။ ဦးဇုန်လှယ်ထန်း။ ဗိုလ်မှူးရဲဝင့်စိုး။ ဦးဂျေယောဝူ။ ဗိုလ်မှူးအောင်ကိုမင်း။ ဦးစောတော်ပလဲ။ ဦးဆိုင်ပေါင်းနပ်။ ဦးဝင်းနောင်။ ပူးပေါင်းအစည်းအဝေးတွေ ဖြစ်ပါတယ်။ ဦးစိုင်းစံမင်း။ ဦးဇော်မြင့်ဖေ။ ဦးမျိုးမြင့်။ ဦးဂမ်ဆိုင်း။ ဦးဆားရယ်။ ဦးစောသန်းထွန်း။ ဦးစောအောင်ကျော်နိုင်။ ဒေါ်ရီရီမြင့်။ ဦးသိန်းဝင်း စုစုပေါင်း (၃၄)ယောက် ဖြစ်ပါတယ်။

လွှတ်တော်က ခွင့်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က ခွင့်ပြုပါသည်။]

လွှတ်တော်က ခွင့်ပြုတဲ့အတွက် ခွင့်လျှောက်ထားသူများအားလုံးကို ခွင့်ပြုပါတယ်။

**အချိန်၊ ၁၃း၁၉။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနဲ့ ပတ်သက်လို့ ဆက်လက် ဆောင်ရွက်ပါ့မယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၃၅(ဂ)(င)

၃၅။ အုပ်ချုပ်မှုအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(ဂ) ပုဒ်မခွဲ(ခ)အရ ခန့်အပ်သော အရာထမ်းသည် အသက် (၆၀) နှစ်ပြည့်ပါက သက်ပြည့် အငြိမ်းစားယူခွင့်ပေးခြင်း သို့မဟုတ် လုပ်ငန်းလိုအပ်ချက်အရ သော်လည်းကောင်း၊ ကာယကံရှင်၏ ကျန်းမာရေး အခြေအနေအရသော်လည်းကောင်း ဆက်လက်တာဝန် ထမ်းဆောင်လိုသော အဆိုပါအရာထမ်းကို တစ်နှစ်လျှင် တစ်ကြိမ်စီသက်တမ်းတိုးမြှင့်၍ ဆောင်ရွက်ခွင့်ပြုခြင်း၊

(င) ပင်လယ်ကူး ရေယာဉ်များနှင့် သက်ဆိုင်သော ကုန်စည်အတင်အချ ကိုင်တွယ် ဆောင်ရွက်ရာတွင် မြန်ဆန်သွက်လက် ချောမွေ့စေရေး၊ ဘေးကင်း လုံခြုံရေးနှင့် ကျန်းမာရေးအတွက်လည်းကောင်း၊ ကုန်သည်ရေယာဉ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ ဆိပ်ကမ်းပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် လည်းကောင်း နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများက လက်တွေ့ကျင့်သုံးဆောင်ရွက်သည့် စံချိန်စံညွှန်းများနှင့် လိုက်လျောညီထွေရှိစေရန် စီမံဆောင်ရွက်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို  သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၅(ဂ)(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၅(ဂ)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၃၇(က)(ဂ)

၃၇။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) ဤဥပဒေအရပေးဆောင်ရန် သတ်မှတ်ထားသော ဆိပ်ကမ်းဝန်ဆောင်ခများ၊ ကုန်ကျစရိတ်များ၊ ဒဏ်ကြေးများနှင့် လျော်ကြေးများကိုပေးဆောင်ရန် ပျက်ကွက်သူ အပေါ် တည်ဆဲအခွန်အခဆိုင်ရာ ဥပဒေများနှင့်အညီ  တောင်းခံခွင့် ရှိသည်။

( ဂ ) ဤဥပဒေအရ ပေးဆောင်ရန် သတ်မှတ်ထားသော ဆိပ်ကမ်း ဝန်ဆောင်ခများ၊ ကုန်ကျစရိတ်များ သို့မဟုတ် လျော်ကြေးများကို ပေးဆောင်ရန် ပျက်ကွက်သည့် ကာလအတွင်းတွင် လည်းကောင်း၊ ထိုပျက်ကွက်သူအပေါ် တည်ဆဲအခွန်အခဆိုင်ရာ ဥပဒေများနှင့်အညီ အရ ကောက်ခံနေသည့် ကာလ အတွင်းတွင်လည်းကောင်း သက်ဆိုင်ရာ ရေယာဉ်ကို ဆိပ်ကမ်းမှ ထွက်ခွာခွင့်လက်မှတ် ထုတ်ပေးခြင်း မပြုရန် သက်ဆိုင်ရာ အရာရှိ အား ညွှန်ကြားရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို  သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၇(က)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၇(က)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၃၉၊ အပိုဒ် ၄၃(က)(ခ)(ဂ)(ဃ)(င)

၃၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လွှဲပြောင်းရယူမည့် နိုင်ငံတော်ပိုင် ပုံသေပိုင်ပစ္စည်းများကို နှစ်ဘက်ညှိနှိုင်း သတ်မှတ်ထားသော တန်ဖိုးဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ တန်ဖိုးတွက်ချက် သတ်မှတ်၍ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် ဖော်ပြရမည်။

၄၃။ (က) ဝန်ထမ်းအင်အားစာရင်း၊

(ခ) ငွေသားအခြေအနေ၊

(ဂ) ကုန်ပစ္စည်းထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့် စာရင်း၊

(ဃ) အရှုံး၊ အမြတ်စာရင်း၊

(င) လက်ကျန်ရှင်းတမ်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၉၊ အပိုဒ် ၄၃ (က)(ခ)(ဂ)(ဃ)(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၉၊ အပိုဒ် ၄၃ (က)(ခ)(ဂ)(ဃ)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၄၈(က)၊ အပိုဒ် ၄၉

၄၈။ ဆိပ်ကမ်းသို့ ဝင်ရောက်သော သို့မဟုတ် ဆိပ်ကမ်းမှ ထွက်ခွာသော ရေယာဉ်နှင့် ကုန်ပါ လုံးပေါင်းတန်ချိန် ၅၀၀ နှင့် အထက်ရှိသော ရေယာဉ်၏ ရေယာဉ်မှူး သည် -

(က) ရေကြောင်းပြမှူးကြီး မပါဘဲ ဝင်ထွက်ခွင့် တောင်းခံ ရယူနိုင်ရန် ရေကြောင်းဌာနက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် မညီပါက ရေကြောင်းပြ မှူးကြီး၏ အကူအညီကို မဖြစ်မနေ တောင်းခံ ရယူပြီး ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ဆိပ်ကမ်းနယ်နိမိတ်အတွင်း နေရာရွှေ့ပြောင်း ခြင်း ပြုရမည်။

၄၉။ ရေယာဉ်ကို ကြီးကြပ်လာသော ရေကြောင်းပြမှူးကြီး၏ ဥပဒေနှင့်အညီ အကြံပေးချက်ကို ရေယာဉ်မှူးက ငြင်းဆိုလျှင် ဘေးကင်းစွာ ကျောက်ချရပ်နားနိုင်သော ပထမဆုံးနေရာသို့ ရောက်ရှိသည့်အခါ ကျောက်ချပြီး ရေကြောင်းပြလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခြင်း မပြုနိုင်ကြောင်း ရေကြောင်းပြမှူးကြီး က ငြင်းဆိုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၈(က)၊ အပိုဒ် ၄၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၈(က)၊ အပိုဒ် ၄၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၅၁(စ)(ဈ)၊ အပိုဒ် ၅၃(ဃ)၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅

၅၁။ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်သည် ကိုယ်တိုင်ဖြစ်စေ၊ ပုဒ်မ ၅၀ အရ ခန့်အပ်တာဝန်ပေးသော ကျန်းမာရေးအရာရှိကို လွှဲအပ်၍ဖြစ်စေ ပင်လယ်ကူး ရေယာဉ် ဆိုက်ကပ်ရပ်နားသည့် ဆိပ်ကမ်း နယ်နိမိတ်အတွင်းကူးစက်ရောဂါ ကာကွယ်ရေး၊ နာမကျန်းသူများ ကျန်းမာရေးတို့နှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ရမည် -

(စ) ကူးစက်ရောဂါ ဖြစ်ပွားနေသည် သို့မဟုတ် ဖြစ်ပွား နေကြောင်း သံသယရှိသည့် ရေယာဉ်ပေါ်ရှိ မည်သည့် ပုဂ္ဂိုလ်ကိုမဆို ကျန်းမာရေးအရာရှိက ညွှန်ကြားသည့် ဆေးရုံ၊ ဆေးခန်းတစ်ခုခုသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူစေခြင်းနှင့် အဆိုပါ ရေယာဉ်ကို ထိန်းသိမ်းထားခြင်း၊

(ဈ) ကူးစက်ရောဂါပြန့်ပွားမှု မရှိစေရေးအတွက် လိုအပ်သည်များ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ၎င်းမှတစ်ဆင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ အကြောင်း ကြားခြင်း။

၅၃။ (ဃ) ပုဒ်မခွဲ(က)၊ (ခ) နှင့် (ဂ) တို့အရ ဆောင်ရွက်ရာတွင် ရေယာဉ်ပေါ်ရှိ မည်သူ့ကိုမဆို ခေါ်ယူမေးမြန်းခွင့် နှင့် မေးခွန်းကို မှန်ကန်စွာ ဖြေဆိုရန် တောင်းဆိုခွင့်၊

၅၄။ ကျန်းမာရေးအရာရှိသည် တာဝန်ကျ ဆိပ်ကမ်းနယ်နိမိတ်အတွင်းသို့ ဝင်ရောက်ဆိုက်ကပ် သော ပင်လယ်ကူး ရေယာဉ်များပေါ်တွင် ပုဒ်မ ၅၃ ပါ လုပ်ပိုင်ခွင့်များနှင့်အညီ တက်ရောက် စစ်ဆေးပြီး

ထိုရေယာဉ်တွင် ကူးစက်ရောဂါကာကွယ်ပြီးကြောင်း နှင့် ကူးစက်ရောဂါ ကင်းရှင်းကြောင်း သက်ဆိုင်ရာ ရေယာဉ်မှူး နှင့် တာဝန်ရှိသူများအား ထောက်ခံချက် သက်သေခံလက်မှတ် ထုတ်ပေးရမည်။

၅၅။ ကျန်းမာရေးအရာရှိသည် ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးခြင်း၊ ကူးစက်ရောဂါ ကာကွယ်ခြင်းနှင့် ကူးစက်ရောဂါ ကင်းရှင်းကြောင်း ထောက်ခံချက် သက်သေခံလက်မှတ် ထုတ်ပေးခြင်း တို့အတွက် အခကြေးငွေ တောင်းဆိုခြင်း မပြုရ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅၁(စ)(ဈ)၊ အပိုဒ် ၅၃(ဃ)၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ၅၁(စ)(ဈ)၊ အပိုဒ် ၅၃(ဃ)၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅ သည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အပိုဒ် ၅၆(ဇ)(ည)(ဋ)၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈(က)(ခ)(ဆ)၊

အပိုဒ် ၅၉(ခ)(၄)၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁

၅၆။ (ဇ) လုပ်ငန်းလိုအပ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ရေယာဉ်ပေါ်သို့ သတ်မှတ်ထားသော နေရာမှသာ ခရီးသည်များ အတက်အဆင်း ပြုလုပ်ရန် လိုအပ်သလို စီမံဆောင်ရွက်ရမည်။

(ည) ရေယာဉ် ဆိုက်ကပ်ရန် နေရာများ၊ ဆိပ်ကမ်း တံတားများ၊ ဆင်းတက်ရန် နေရာများ၊ တံတားများ၊ ကုန်းတက်ရန် နေရာများ၊ ရထားသံလမ်းများ၊ ကုန်လှောင်ရုံများ၏ အတွင်း၌ဖြစ်စေ၊ ယင်းတို့နှင့် ဆက်စပ်ဒေသများတွင် ဖြစ်စေ တည်ဆောက်ထား သည့် အခြားလုပ်ငန်းများကို ဘေးအန္တရာယ် ကင်းရှင်းစွာ လွယ်လင့်တကူ အသုံးပြုနိုင်ရေး အတွက် စီမံဆောင်ရွက်ရမည်။

(ဋ) မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က ပိုင်ဆိုင်သည့် အဆောက်အအုံ၊ မြေ၊ ပရိဝုဏ်အတွင်း ကုန်စည် များကို လက်ခံခြင်း၊ ရွှေ့ပြောင်းသယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ရေယာဉ်မှ မချမီ ကုန်စည်များ ပျက်စီးနေခြင်း သို့မဟုတ် ယင်းသို့ ပျက်စီးနေသည်ဟု အဆိုပြု ထားခြင်းခံရသော ကုန်စည်များကို လက်ခံရာ၌ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း များကို သတ်မှတ် ပေးရမည်။

၅၇။ ဆိပ်ကမ်းထိန်းသိမ်း စောင့်ရှောက်သူသည် ဆိပ်ကမ်း အတွင်းရှိ မည်သည့်ရေယာဉ်ကိုမဆို ဘေးအန္တရာယ် ကင်းရှင်းရေး၊ လုံခြုံရေးနှင့် စည်းကမ်းတကျရှိရေးတို့အတွက် အမိန့်ထုတ်ဆင့်၍ ညွှန်ကြားနိုင်သည်။

၅၈။ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူသည် -

(က) ဆိပ်ကမ်းတွင် ဘေးအန္တရာယ် တစ်စုံတစ်ရာ ကျရောက်သဖြင့် ရေယာဉ်များကို ချက်ချင်း ဖယ်ရှားရန် လိုအပ်သည့်အခါ ၎င်းတို့ကို ချည်နှောင် ထားသည့်ကြိုး သို့မဟုတ် ကျောက်ကြိုး စသည် တို့ကို ဖြတ်တောက်ခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန် သင့်လျော်သော တစ်ဦးဦးအား ဆောင်ရွက်စေနိုင်သည်။

(ခ) ရေယာဉ်များ လွတ်လပ်စွာ သွားလာမှုကိုဖြစ်စေ၊ ရေယာဉ် ဆိုက်ကပ်ရန် နေရာ၊ ဆိပ်ကမ်းတံတား၊ ကုန်ချရန်နေရာ၊ ကျောက်ချရန် နေရာတစ်ခုခု အသုံးပြုမှုကိုဖြစ်စေ အတားအဆီး ဖြစ်စေသော သစ်ဖောင်၊ ဝါးဖောင် သို့မဟုတ် ရေကြောင်း သွားလာရေးကို အနှောင့်အယှက် ဖြစ်စေသော မည်သည့် အခြားအရာဝတ္ထုကိုမဆို ဖယ်ရှားခြင်းကို သော် လည်းကောင်း၊ ရေယာဉ် အပျက်အစီး၊ သောင်တင်ရေယာဉ် သို့မဟုတ် နစ်မြုပ်ရေယာဉ်ကို ဖော်ယူခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်ဆီးပစ်ခြင်းကိုသော်လည်းကောင်း ပြုနိုင်သည်။ ထိုသို့ ပြုလုပ်ရာ၌ ကုန်ကျစရိတ်ငွေနှင့် ထိုငွေ၏ (၂၀)ရာခိုင်နှုန်း တို့ကို ထပ်ဆောင်းပြီး သက်ဆိုင်ရာ ကုန်စည်ပိုင်ရှင်ထံမှ တောင်းခံနိုင်သည်။ ထိုသို့တောင်းခံ၍ မရပါကအဆိုပါ ကုန်စည်များအား မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ထုခွဲရောင်းချပြီး အဆိုပါ ကုန်ကျစရိတ်ကို ရယူနိုင်သည်။ ထုခွဲရောင်းချငွေသည် ကုန်ကျစရိတ်နှင့် လုံလောက်မှုမရှိပါက တည်ဆဲ အခွန်အခဆိုင်ရာ ဥပဒေများနှင့်အညီ အရတောင်းခံနိုင်သည်။

(ဂ) ဆိပ်ကမ်းသို့ အဝင်အထွက်ပြုလုပ်မည့် ရေယာဉ်များ၏ ကုန်စည်နှင့် ခန့်မှန်းကြာမြင့်ချိန်တို့ကို ရှင်းလင်းစွာ သိရှိရန်လိုအပ်သည် ဟု ယူဆပါက ဆိပ်ကမ်းအတွင်း အဝင်အထွက် မပြုလုပ်မီနှင့် ဆိပ်ကမ်းအတွင်း အဝင်အထွက်ပြုလုပ်မည့် အဆိုပါ ရေယာဉ်၏ ပိုင်ရှင်၊ ကိုယ်စားလှယ် သို့မဟုတ် ရေယာဉ်မှူးများအား သတင်းအချက်အလက်ပေးရန် ညွှန်ကြားမှုပြုနိုင်သည်။

၅၉။ (ခ) (၄) ရေယာဉ်အမှုထမ်းများစာရင်း၊

၆၀။ ဤဥပဒေအရ သတ်မှတ်သော ဆိပ်ကမ်းတစ်ခုခုမှ ဆိပ်ကမ်းထိန်းသိမ်း စောင့်ရှောက်သူ သို့မဟုတ် ရေကြောင်းပြမှူးကြီး၏ လုပ်ဆောင်မှု၊ ပေါ့ဆမှု သို့မဟုတ် ပျက်ကွက်မှု တစ်စုံတစ်ရာ အတွက်လည်းကောင်း၊ ရေယာဉ်က အသုံးပြုသည့် ကျောက်စွဲကိရိယာ၊ ရေယာဉ်ကြိုးနှင့် အခြားပစ္စည်းတစ်ခုခု၏ တစ်စုံတစ်ရာ ချွတ်ယွင်းခြင်းကြောင့် ဖြစ်ပေါ်လာသော ရေယာဉ်ပျက်စီးမှုတစ်စုံတစ်ရာ အတွက်လည်းကောင်း လျော်ကြေးပေးရန် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၌ တာဝန်မရှိစေရ ဟု ပြင်ဆင်ထားပါသည်။

၆၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် က ဆောင်ရွက်သည့် လုပ်ဆောင်မှု တစ်စုံတစ်ရာအတွက်လည်းကောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က အတိအလင်း ထုတ်ပြန်သည့် အမိန့် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သည့် လုပ်ဆောင်မှု တစ်စုံတစ်ရာအတွက်လည်းကောင်း၊ အထက်ပုဒ်မပါ မည်သည့် ပြဋ္ဌာန်းချက်ကမှ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အပေါ် တရားမမှု စွဲဆိုခြင်းကို တားဆီးပိုင်ခွင့် မရှိစေရ ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅၆(ဇ)(ည)(ဠ)၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈(က)(ခ)(ဆ)၊ အပိုဒ် ၅၉(ခ)(၄)၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၆ (ဇ)(ည)(ဠ)၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈ (က)(ခ)(ဆ)၊ အပိုဒ် ၅၉(ခ)(၄)၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၆၂၊ အပိုဒ် ၆၃၊ အပိုဒ် ၆၄(ခ)၊ အပိုဒ် ၆၅

၆၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များ လွယ်ကူအဆင်ပြေစွာ ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်းနှင့် ထွက်ခွာခြင်းပြုနိုင်ရေးအတွက် လည်းကောင်း၊ ခရီးသည် အတက်အဆင်းနှင့် ကုန်စည်များ အတင်အချ ပြုလုပ်နိုင်ရေးအတွက်လည်းကောင်း လိုအပ်သော ဆိပ်ကမ်းတံတားများကို တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့ ပြုရမည်။

၆၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပြည်တွင်းပြည်ပသွား ရေယာဉ်များ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းအတွက် လိုအပ်သော သင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း၊ လွန်းလမ်းရေယာဉ်များ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းတို့အတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများနှင့် ကျွမ်းကျင်သူ အင်ဂျင်နီယာ များကို စီစဉ်ထားရှိရမည်။

၆၄။ (ခ) မြန်မာ့ဆိပ်ကမ်း အာဏာပိုင်သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၆၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပုဒ်မ ၆၄၊ ပုဒ်မခွဲ(ခ) အရ လုပ်ငန်းလိုင်စင် ရရှိသူက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများနှင့် အမိန့်တို့ပါ တားမြစ်ချက်

တစ်ရပ်ရပ်ကိုလည်းကောင်း၊ ဤဥပဒေအရ ခွင့်ပြုထားသည့် လိုက်နာရမည့် လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကိုလည်းကောင်း ဖောက်ဖျက်ပါက ထိုဖောက်ဖျက်သူအား သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရေး နည်းလမ်းအရ ဒဏ်ကြေး ပေးဆောင်စေခြင်း၊ လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းတို့ ပြုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၆၂၊ အပိုဒ် ၆၃၊ အပိုဒ် ၆၄(ခ)၊ အပိုဒ် ၆၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၂၊ အပိုဒ် ၆၃၊ အပိုဒ် ၆၄(ခ)၊ အပိုဒ် ၆၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၆၆၊ အပိုဒ် ၆၇(က)၊ အပိုဒ် ၆၈(ခ)၊ အပိုဒ် ၇၀(က)(ခ)(ဂ)၊

အပိုဒ် ၇၁(က)(ဃ)(ဇ)၊ အပိုဒ် ၇၂၊ အပိုဒ် ၇၃(က)

၆၆။ လုပ်ငန်းလိုင်စင်မရှိဘဲ မည်သူမျှ ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆိပ်ကမ်းတံတား တစ်မျိုးမျိုးကို သော်လည်းကောင်း၊ သင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်းနှင့် လွန်းလမ်းတစ်မျိုးမျိုးကို သော်လည်းကောင်း တည်ဆောက်ခြင်း သို့မဟုတ် လုပ်ကိုင်ခြင်း မပြုရ။

၆၇။ မည်သည့် ရေယာဉ်မှူးမျှ -

(က) ရေယာဉ်နှင့် ကုန်ပါလုံးပေါင်း တန်ချိန်(၅၀၀)နှင့်အထက်ရှိသော ရေယာဉ်တစ်မျိုးမျိုးကို ရေကြောင်းပြမှူးကြီး၏ အကူအညီမယူဘဲ သတ်မှတ်ထားသော ဆိပ်ကမ်းတစ်ခုခုသို့ ဝင်ရောက်ခြင်း၊ ဆိုက်ကပ်ခြင်း၊ ဆိပ်ကမ်းတစ်ခုခုမှ ထွက်ခွာခြင်း သို့မဟုတ် ဆိပ်ကမ်းအတွင်း နေရာပြောင်းရွှေ့ခြင်း မပြုလုပ်ရ။

၆၈။ မည်သည့် ရေယာဉ်မှူးမျှ -

(ခ) ဆိပ်ကမ်း တစ်ခုခုတွင် ဆိပ်ကမ်းထိန်းသိမ်း စောင့်ရှောက်သူက လုပ်ငန်းလိုအပ်ချက်အရ အခြား ရေယာဉ်တစ်စီးစီးအတွက် မိမိရေယာဉ်တွင် ချည်နှောင်ခွင့် တောင်းဆိုလျှင် လိုက်နာဆောင်ရွက်ရန် ငြင်းဆိုခြင်း သို့မဟုတ် ချည်နှောင်ထားသည့် ကြိုးကိုဖြတ်ရန် အကြောင်းကြားချက် မရမီအတွင်း အဆိုပါ ကြိုးကို ဖြတ်ခြင်း မပြုရ။

၇၀။ မည်သူမျှ ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဤဥပဒေအရ ခွင့်ပြုထားသည့် လုပ်ငန်းလိုင်စင်မရှိဘဲ -

(က) ပုဂ္ဂလိကရေယာဉ် လုပ်ငန်းရှင်က ပင်လယ်ကူး ရေယာဉ်များအား စက်သုံးဆီနှင့် အခြားထောက်ပံ့ရေး လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခြင်းမပြုရ။

(ခ) ပုဂ္ဂလိက လုပ်ငန်းရှင်က တွဲဆွဲခြင်း၊ ရေယာဉ် တွန်းခြင်း၊ သောင်တူးခြင်း၊ သို့မဟုတ် ရေယာဉ် ဆယ်ယူခြင်း လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

(ဂ) ရေယာဉ်နှင့် ကုန်ပါ လုံးပေါင်းတန်ချိန် (၅၀၀) နှင့် အထက်ရှိသော ရေယာဉ်များအတွက် ရေကြောင်းပြ မှူးကြီးအဖြစ် လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

၇၁။ မည်သူမျှ -

(က) ဆိပ်ကမ်းတစ်ခုခု၌ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က ဖြစ်စေ၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ အမိန့်အရ ဖြစ်စေ စိုက်ထူထားသော သို့မဟုတ် စီမံချထားသော ဗော်ယာ၊ ကျောက်စွဲကိရိယာ သို့မဟုတ် အမှတ်အသား တစ်ခုခုကို ဖယ်ရှားခြင်း၊ ဖော်ခြင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ ကြိုးလျှော့ခြင်း၊ ရေတွင် မျှောခြင်း သို့မဟုတ် ခိုးယူခြင်း မပြုရ။

(ဃ) ဆိပ်ကမ်း နယ်နိမိတ်အတွင်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ ခွင့်ပြုချက်မရှိဘဲ ရေလမ်းကြောင်းကို အတားအဆီး ဖြစ်စေမည့် မည်သည့်ဆောင်ရွက် ချက်ကိုမဆို ပြုလုပ်ခြင်း မပြုရ။

(ဇ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ကျောက်ချဆိုက်ကပ် ရပ်နားထားသော ရေယာဉ်ကို ဆိပ်ကမ်းထိန်းသိမ်း စောင့်ရှောက်သူ၏ ခွင့်ပြုချက်မရှိဘဲ ကျောက်ကြိုးကို ဖြေလျှော့ခြင်း မပြုရ။

၇၂။ မည်သူမျှ ရေထုညစ်ညမ်းမှုများ သို့မဟုတ် သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်စေရန် -

၇၃။ မည်သူမျှ -

(က) ဆိပ်ကမ်း တစ်ခုခုအတွင်း ဆိပ်ကမ်း ထိန်းသိမ်း စောင့်ရှောက်သူ၏ ညွှန်ကြားချက်နှင့် ဆန့်ကျင်၍ ဖြစ်စေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ တားမြစ်ချက်နှင့် ဆန့်ကျင်၍ ဖြစ်စေ မည်သည့်ရေယာဉ်ကိုမဆို ကမ်းထိုးတင်ခြင်း၊ မီးမြှိုက်ခြင်း သို့မဟုတ် မှိုင်းတိုက်ခြင်း မပြုရ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆၆၊ အပိုဒ် ၆၇(က)၊ အပိုဒ် ၆၈(ခ)၊ အပိုဒ် ၇၀ (က)(ခ)(ဂ)၊ အပိုဒ် ၇၁ (က)(ဃ)(ဇ)၊ အပိုဒ် ၇၂၊ အပိုဒ် ၇၃(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၆၊ အပိုဒ် ၆၇(က)၊ အပိုဒ် ၆၈(ခ)၊ အပိုဒ် ၇၀ (က)(ခ)(ဂ)၊ အပိုဒ် ၇၁ (က)(ဃ)(ဇ)၊ အပိုဒ် ၇၂၊ အပိုဒ် ၇၃(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၇၅၊ အပိုဒ် ၇၆၊ အပိုဒ် ၇၇၊ အပိုဒ် ၇၈၊ အပိုဒ် ၇၉

၇၅။ မည်သူမဆို ပုဒ်မ ၆၆ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံး နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသိန်း နှင့် အများဆုံး ကျပ်သိန်း (၅၀၀) အထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၆။ မည်သည့် ရေယာဉ်မှူးမဆို ပုဒ်မ ၆၇၊ ၆၈ သို့မဟုတ် ၆၉ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် သုံးသိန်းမှ အများဆုံး သိန်း(၃၀)အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၇၇။ မည်သူမဆို ပုဒ်မ ၇၀ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို တစ် နှစ် ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်(၁၀)သိန်းမှ အများဆုံး ကျပ် သိန်း(၁၀၀) အထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၇၈။ မည်သူမဆို ပုဒ်မ ၇၁ သို့မဟုတ် ၇၃ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ခြောက်လ ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် ငါးသောင်းမှ အများဆုံး ကျပ် ငါးသိန်း အထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၇၉။ ပုဒ်မ ၇၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို နှစ် နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်(၁၀)သိန်းမှ အများဆုံး ကျပ် သိန်း(၂၀၀)အထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇၅၊ အပိုဒ် ၇၆၊ အပိုဒ် ၇၇၊ အပိုဒ် ၇၈၊ အပိုဒ် ၇၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇၅၊ အပိုဒ် ၇၆၊ အပိုဒ် ၇၇၊ အပိုဒ် ၇၈၊ အပိုဒ် ၇၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၈၃(က)(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၈၅၊ အပိုဒ် ၈၈၊ အပိုဒ် ၉၁၊ အပိုဒ် ၉၂(က)၊ အပိုဒ် ၉၃(က)(ခ)

၈၃။ ဆုကြေးငွေချီးမြှင့်ရာတွင် ဆုကြေးရန်ပုံငွေထဲမှ သတ်မှတ်ထားသော ရာခိုင်နှုန်းအချိုးအရ ဝန်ထမ်းများကို ဆုကြေးများခွဲဝေ သတ်မှတ်ပေးပြီးနောက် ကျန်ရှိသော ဆုကြေးရန်ပုံငွေထဲမှ တစ်ဦးချင်းသော်လည်းကောင်း အဖွဲ့အလိုက်သော်လည်းကောင်း အောက်ပါ အခြေခံမူများအပေါ် မူတည်၍ စွမ်းဆောင်ရည် မြင့်မားမှု ဆုကြေး ထပ်မံချီးမြှင့်နိုင်သည် -

(က) သတ်မှတ်ထားသော စံနှုန်းထက်တိုး၍ ထုတ်လုပ်ဆောင်ရွက်နိုင်ခြင်း၊ ဝန်ဆောင်မှုပေးနိုင်ခြင်း၊

(ခ) ထုတ်လုပ်မှု၊ ဝန်ဆောင်မှု နည်းစနစ်သစ်များ တီထွင်နိုင်ခြင်း၊

(ဂ) တီထွင်ထုတ်လုပ်နိုင်မှုရှိခြင်း၊ ထုတ်လုပ်သည့် ကုန်ပစ္စည်း အရည်အသွေး စံချိန်မီခြင်း၊

(ဃ) ကုန်ကြမ်းသုံးစွဲမှု စံသတ်မှတ်ချက်များနှင့်အညီ စနစ်တကျ သုံးစွဲနိုင်ခြင်း၊

(င) လေလွင့်၊ ပျက်စီးဆုံးရှုံးမှု လျော့နည်းခြင်း။

၈၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဤဥပဒေအရ လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခွင့်ပြုခြင်း နှင့် စပ်လျဉ်း၍ လိုင်စင်သက်တမ်း၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်း တိုးမြှင့်ကြေးနှင့် အခြား ဝန်ဆောင်ခများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။

၈၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဖွဲ့ဝင်များ၊ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဆိပ်ကမ်း ထိန်းသိမ်းစောင့်ရှောက်သူများနှင့် ဝန်ထမ်းများသည် ဤဥပဒေအရ ပေးအပ်သော တာဝန်ကို ထမ်းဆောင်ချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်း ဖြစ်သည် ဟု မှတ်ယူရမည်။

၉၁။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ရန်ကုန် ဆိပ်ကမ်း အက်ဥပဒေနှင့် ပြင်ပဆိပ်ကမ်းများ အက်ဥပဒေ တစ်ရပ်ရပ်အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၉၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၉၃။ အောက်ပါ အက်ဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် -

(က) The Yangon Port Act (Act No.IV of 1905)

(ခ) The Outports Act (Act No. II of 1914) ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈၃(က)(ခ)(ဂ) (ဃ)(င)၊ အပိုဒ် ၈၅၊ အပိုဒ် ၈၈၊ အပိုဒ် ၉၁၊ အပိုဒ် ၉၂(က)၊ အပိုဒ် ၉၃(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈၃(က)(ခ)(ဂ) (ဃ)(င)၊ အပိုဒ် ၈၅၊ အပိုဒ် ၈၈၊ အပိုဒ် ၉၁၊ အပိုဒ် ၉၂(က)၊ အပိုဒ် ၉၃(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏

အပိုဒ် ၁၀(ဃ)၊ အပိုဒ် ၁၃(ခ)၊ အပိုဒ် ၂၀(ဂ)၊

အပိုဒ် ၂၇(ခ)(၂)(၃)(၄)၊ အပိုဒ် ၃၄(ဆ)၊ အပိုဒ် ၃၉၊

အပိုဒ် ၄၀(က)(၄)(၅)(၆)(၇)(၈)(၀)၊

အပိုဒ် ၄၂(က)(ခ)(ဂ)(ဃ)၊

အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊

အပိုဒ် ၅၁(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃(က)(ခ)၊

အပိုဒ် ၅၄၊ အပိုဒ် ၈၃(က)(ခ)၊ အပိုဒ် ၉၀၊ အပိုဒ် ၉၄၊ အပိုဒ် ၉၆၊

အပိုဒ် ၁၀၅(ခ) တို့ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၂(ခ) နှင့် အမှတ်စဉ် ပြောင်းလဲထားသည့်

အပိုဒ် ၃(ဂ)(င)(ဆ)(ဈ)(ည)(ဋ)(ဌ)(ပ)(ထ)(ဒ)(ဓ)(န)(ဖ)(ဗ)၊

အပိုဒ် ၄(ခ)(ဂ)(ဃ)၊ အပိုဒ် ၅(က)(ခ)(ဃ)၊

အပိုဒ် ၇(က)(ခ)(ဂ)(ဃ)(စ)၊ အပိုဒ် ၈(က)(ခ)(ဂ)၊

အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၁(ခ)၊

အပိုဒ် ၁၂(က)(ဂ)(ဃ)၊ အပိုဒ် ၁၅(က)(ခ)၊

အပိုဒ် ၁၇(က)(ခ)(ဂ)(ဃ)(င)(စ)(ဈ)(ည)(ဋ)(ဌ)(ဍ)(ပ)(ဏ)၊

အပိုဒ် ၁၈(က)(ခ)၊ အပိုဒ် ၁၉(က)(ခ)၊ အပိုဒ် ၂၀(က)(ဂ)၊

အပိုဒ် ၂၁(က)(၁)(၂)(၄)(၅)(၆)(ခ)၊ အပိုဒ် ၂၂(က)၊

အပိုဒ် ၂၃(က)(ခ)၊ အပိုဒ် ၂၄(က)(ဂ)(ဃ)(င)၊

အပိုဒ် ၂၅(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)၊

အပိုဒ် ၂၇(က)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)(ည)(ဌ)(ဍ)၊

အပိုဒ် ၂၈(က)(၁)(၂)(၃)(၄)(၅)(၆)(၇)(၈)၊ အပိုဒ် ၃၀၊

အပိုဒ် ၃၂(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၃၅(က)(ခ)(ဃ)(စ)(ဆ)(ဇ)၊

အခန်း(၁၀)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၆(က)(ခ)(ဂ)၊

အပိုဒ် ၃၇(ခ)၊ အပိုဒ် ၃၈၊

အပိုဒ် ၄၀(က)(၁)(၂)(၃)(၄)(ခ)၊ အပိုဒ် ၄၁၊

အပိုဒ် ၄၂(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊

အပိုဒ် ၄၆(က)(ခ)(ဂ)၊ အပိုဒ် ၄၇၊

အပိုဒ် ၄၈(ခ)(ဂ)(ဃ)၊ အပိုဒ် ၅၀၊

အပိုဒ် ၅၁(က)(ခ)(ဂ)(ဃ)(င)(ဆ)(ဇ)(ည)၊ အပိုဒ် ၅၂၊

အပိုဒ် ၅၃(က)(ခ)(ဂ)(င)၊

အပိုဒ် ၅၆(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဈ)၊

အပိုဒ် ၅၈(ဂ)(ဃ)(င)(စ)(ဇ)၊

အပိုဒ် ၅၉(က)(ခ)(၁)(၂)(၃)(၅)(၆)၊

အပိုဒ် ၆၄(က)(ဂ)၊ အပိုဒ် ၆၇(ခ)၊

အပိုဒ် ၆၈(က)(ဂ)(ဃ)၊ အပိုဒ် ၆၉(က)(ခ)(ဂ)၊

အပိုဒ် ၇၁(ခ)(ဂ)(င)(စ)(ဆ)(ဈ)၊

အပိုဒ် ၇၂(က)(ခ)(ဂ)(ဃ)၊

အပိုဒ် ၇၃(ခ)(ဂ)(ဃ)(င)(စ)(ဆ)၊

အပိုဒ် ၇၄၊ အပိုဒ် ၈၀၊ အပိုဒ် ၈၁၊ အပိုဒ် ၈၂၊ အပိုဒ် ၈၄၊

အပိုဒ် ၈၆၊ အပိုဒ် ၈၇၊ အပိုဒ် ၈၉၊ အပိုဒ် ၉၀၊ အပိုဒ် ၉၂(ခ)(ဂ) တို့ကို အတည်ပြုရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် အပိုဒ် ၁၂(င)၊ အပိုဒ် ၁၄(ဃ)၊ အပိုဒ် ၃၆(ဃ) တို့ကို ပြည်သူ့လွှတ်တော်၏ တင်ပြချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ‘ဝ’ ဥ ခေါ် ဖျံ့ဥကို စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနိုင်ရန် နိုင်ငံတော်မှ စနစ်တကျ စီမံချက်ရေးဆွဲပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃း၅၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ တင်သွင်းထားသည့် ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသော ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ‘ဝ’ ဥ ခေါ် ဖျံ့ဥကို စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနိုင်ရန် နိုင်ငံတော်မှ စနစ်တကျ စီမံချက်ရေးဆွဲပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၀။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ချင်းပြည်နယ် အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ဦးဟာရှိန်းဘွေ၏ ပြည်နယ်နှင့် တိုင်းဒေသအသီးသီးများတွင် ‘ဝ’ ဥ စိုက်ပျိုးထုတ်လုပ်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်၏ တိုက်တွန်းချက်မှာ (က) စိုက်ပျိုးထုတ်လုပ်ရန်၊ (ခ) တင်ပို့ရောင်းချရန်နှင့် နိုင်ငံတော်က စနစ်တကျ စီမံရေးဆွဲပြီး လက်တွေ့ အကောင်အထည်ဖော်ရန် ဆိုတဲ့ အချက်(၃)ချက်ပဲ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမအချက်ဖြစ်တဲ့ စိုက်ပျိုးထုတ်လုပ်ရန်ကိစ္စကို ဆွေးနွေးသွားပါမယ်။ ‘ဝ’ဥဟာ ချင်းပြည်နယ် မည်သည့်အရပ်ဒေသမဆို အောင်မြင်ပါတယ်။ မြေအမြင့် (၄၀၀၀)နှင့် (၅၀၀၀) ကြားရှိ ဒေသမှာ သဘာဝအလျှောက် ပိုမိုဖြစ်ထွန်းပါတယ်။ မူလက သဘာဝတောထွက်ပစ္စည်း ဖြစ်ပါတယ်။ ဒေသခံပြည်သူများက စီးပွားဖြစ် စိုက်ပျိုးလာသည်မှာ အနှစ်(၂၀)ခန့်သာ ရှိသေးပါတယ်။ ‘ဝ’ဥ ကိုလည်းကောင်း ဥကိုလည်းကောင်း စိုက်ပျိုးလို့ ရပါတယ်။ မြေအနေအထား မရွေးဘဲစိုက်လို့ အောင်မြင်ပါတယ်။ သို့သော် အအေးဓာတ်များ၍ စိုစွပ်သော မြေနေရာ၌ အထွက်ပိုကောင်းပါတယ်။ အပင်တစ်ပင်၏ အဖူး၌ အစေ့(၁၀၀)ခန့်ရှိသောကြောင့် မျိုးစေ့ရရန် မခဲယဉ်းလှပါ။ မူလက သဘာဝ အလျှောက် ပေါက်ပင်ဖြစ်သော်လည်း ဒေသခံပြည်သူများက လှေကားထစ်ကဲ့သို့ မြေများ ပြင်ဆင်၍ လည်းကောင်း၊ ကန်စွန်းဥစိုက်သကဲ့သို့ စိုက်၍လည်းကောင်း၊ မြေများ မွမ်းမံပြင်ဆင်၍ စိုက်ပျိုးပါက အထွက် ပိုမို အောင်မြင်ပါတယ်။ အစေ့ကို စိုက်ပျိုးပြီး (၃)နှစ်ကြာမှ ရောင်းတန်းဝင် ဖြစ်ပါတယ်။ (၃)နှစ်ကြာလျှင် (၅)ပိဿာခန့် ရှိပါတယ်။ အိမ်ထောင်စုတစ်စုအတွက် ဧကဝက် ‘ဝ’ ဥ အပင် ခန့်မှန်း (၃၀၀၀)ခန့် စိုက်ပျိုး နိုင်ပါလျှင် မိသားစုဝမ်းစာရေးအတွက် တစ်နှစ်စာအတွက် လုံလောက်မှုရှိပါတယ်။

'ဝ'ဥ၏ ထူးခြားချက် မှာ နှစ်ခုရှိပါတယ်။ ပထမအချက်က 'ဝ'ဥ ဥကိုလည်းကောင်း အပင်နှင့် အရွက်ကိုလည်းကောင်း မည်သည့်တိရစ္ဆာန်ကမျှ စားသုံးခြင်း မရှိပါ။ ဒါကြောင့် 'ဝ'ဥဟာ အထူးသဖြင့် ခြံခတ်ရန်နှင့် စောင့်ရှောက် ရန် မလိုပါ။ ဒုတိယအချက်အနေနဲ့ 'ဝ'ဥဟာ (၃)နှစ်ကျော်ကြာပြီးမှ မတူးလျှင် ပုပ်ပျက်ပြီး အညွှန့်သာ ကျန်ရှိပါတယ်။ ၎င်းအညွှန့်က နောက်နှစ်အတွက် ပြန်ထွက်တဲ့ မျိုးစေ့ ဖြစ်ပါတယ်။ တောင်ပေါ်ဒေသ ထွက်သော 'ဝ'ဥနှင့် မြေပြန့်၌ စိုက်ပျိုးသော 'ဝ'ဥဟာ အာနိသင်ချင်း မတူဟူ၍ လေ့လာသိရှိရပါတယ်။ တောင်ပေါ်ထွက် 'ဝ'ဥ ရောင်းအား ပိုမို ကောင်းသည်။ 'ဝ'ဥ အမျိုးအစား၊ အနီမျိုး၊ အဝါမျိုး၊ အဖြူမျိုး ဟူ၍ သုံးမျိုးရှိပြီး အဖြူဥသည် ဈေးပိုနည်းပါတယ်။ ဒါကတော့ 'ဝ'ဥ ရဲ့ အကြောင်းကို ဗဟုသုတ ရစေဖို့ တင်ပြဆွေးနွေးခြင်း ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ဆွေးနွေးခြင်းသည် ချင်းပြည်နယ်ကို အခြေခံ ဆွေးနွေးရခြင်း ဖြစ်သော်လည်း အခြားပြည်နယ်နှင့် တိုင်းဒေသတွင်လည်း စိုက်ပျိုးမယ်ဆိုလျှင် ဖြစ်ထွန်းအောင်မြင် လိမ့်မယ်ဟု တင်ပြဆွေးနွေးလိုပါတယ်။ 'ဝ'ဥ သည် သဘာဝထွက်ပစ္စည်းက စီးပွားဖြစ် စိုက်ပျိုးအောင် အောင်မြင်သည်ဟု ယခင်က မသိသော်လည်း ချင်းပြည်နယ်၌ သိသည်မှာ အနှစ်(၂၀)ခန့်သာ ရှိသေး ပါတယ်။ တခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ စိုက်ပျိုးလျှင် အောင်မြင်လိမ့်မည်လို့ ထင်ပါတယ်။ ထိုနည်းတူ သစ်တောထွက်ပစ္စည်းများဖြစ်သော ဥပမာ ကရင်ပြည်နယ်၌ ဖာလာစေ့၊ ကချင်ပြည်နယ်၌ သစ်မွှေးများတို့ကိုလည်း အခြားပြည်နယ်နှင့် တိုင်းဒေသသို့ လေ့လာစိုက်ပျိုးသင့်ပါကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။ တိုင်းနှင့် ပြည်နယ်ဒေသ ကျေးရွာများ၌ 'ဝ'ဥကို စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ထောက်ပံ့ငွေနဲ့သော်လည်းကောင်း အတိုးနည်း ကမ္ဘာ့ချေးငွေနှင့် သော် လည်းကောင်း စနစ်တကျ ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ အကြောင်းမှာ 'ဝ'ဥ သည် စီးပွားဖြစ် ရောင်းရန်အတွက် (၃)နှစ်ကြာသည့်အတွက် အနည်းဆုံး (၃)နှစ်စာ နိုင်ငံတော်မှ ချေးငွေ လိုအပ်ပါတယ်။ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက တာဝန်ယူသင့်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ ဒါမှသာလျှင် ချင်းပြည်နယ်တွင် မိရိုးဖလာက လုပ်ကိုင်ခဲ့ရသော ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်က ချင်းပြည်နယ်၌ ဆင်းရဲမှု လျှော့ချရေး ရွှေ့ပြောင်း တောင်ယာစနစ် ပပျောက်စေရန်အတွက် ထင်းရှူးဆီထုတ်လုပ်ခြင်း၊ လှေကားထစ်စနစ် ဖော်ထုတ်ပေး ခြင်း၊ လက်ဖက်ပြည်နယ် သတ်မှတ်ပေးခြင်းနှင့် ကြက်ဆူပင် စိုက်ပျိုးရေးစနစ်များကို စီမံကိန်းချ၍ စေတနာနှင့် ဆောင်ရွက်ပေးခဲ့သော်လည်း ဒေသရာသီဥတုနှင့် ကိုက်ညီမှု မရှိသောကြောင့် မအောင်မမြင် ဖြစ်ခဲ့ပါတယ်။ ယခု 'ဝ' ဥ သည် ချင်းပြည်နယ် ပထဝီအနေအထား ရာသီဥတုနှင့် ကိုက်ညီသော စိုက်ပျိုး နည်းဖြစ်ပါသဖြင့် နိုင်ငံတော်အစိုးရက အထူးစီမံကိန်းဖြင့် အကောင်အထည်ဖော်ရန် လိုအပ်လျက် ရှိပါတယ်။ စိုက်ပျိုးစရိတ်သုံးစွဲရန် အနည်းဆုံး စိုက်ပျိုးနည်း ဖြစ်သည့်အပြင် ဒေသခံပြည်သူများနှင့် ရင်းနှီးကျွမ်းဝင်ပြီးသော စိုက်ပျိုးနည်းလုပ်ငန်းလည်း ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ စိုက်ပျိုးနည်း နည်းပညာ သင်ကြားပေးရန် အထူးမလိုအပ်တော့ဘဲ နိုင်ငံတော်မှ ထောက်ပံ့ငွေသို့မဟုတ် အတိုးမဲ့ ချေးငွေသာလျှင် လိုအပ်လျက် ရှိပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်ဖြစ်တဲ့ တင်ပို့ရောင်းချရန်ကိစ္စကို ဆွေးနွေးသွားပါမယ်။ ယခု ဒေသထွက် 'ဝ'ဥ ဟာ အစို တစ်ပိဿာ (၆၀၀) အခြောက် တစ်ပိဿာ (၈၀၀၀) နှုန်းဖြင့် ဒေသကုန်သည် ပွဲစားများနှင့်ဖြစ်စေ မန္တလေး ကုန်သည်များထံတွင် ကုန်ကြမ်းအဖြစ် ရောင်းချလျက်ရှိပါတယ်။ဤကဲ့သို့ ရောင်းချခြင်းအားဖြင့် တောင်သူများဟာ ဈေးနှုန်း မှန်ကန်စွာ မသိရှိခြင်း ဘာအတွက် အသုံးပြုသည် မသိရှိခြင်းတို့ကြောင့် မနစ်နာသင့်သော နစ်နာမှု မဆုံးရှုံးသင့်သော ဆုံးရှုံးမှုနှင့် ပစ္စည်း၏ ရသင့်ရထိုက်သော တန်ရာတန်ဖိုး မှန်ကန်စွာ မရရှိဘဲ ရှိသည်ကို တွေ့ရမှာ ဖြစ်ပါတယ်။ ထို့ကြောင့် ကုန်သွယ်ရေးဝန်ကြီးဌာနက သော်လည်းကောင်း၊ သမဝါယမဝန်ကြီးဌာနက သော်လည်းကောင်း၊ စနစ်တကျ အဝယ်ဒိုင် ဖွင့်ပေးရန် လိုအပ်နေပါတယ်။ ဒါမှသာလျှင် မသိ နားမလည်တဲ့ ကျေးလက်နေ တောင်သူလယ်သမားများရဲ့ ဘဝဟာ ဖြည့်တင်းပေးရာ ရောက်လိမ့်မယ်လို့ တင်ပြလိုပါတယ်။ ၎င်းအပြင် ဝ ဥ ကုန်ကြမ်းအဖြစ် မပို့ဘဲ၊ အမှုန့်ကြိတ်စက်များ ဝန်ကြီးဌာနက စီစဉ်ပေးပြီး ဒေသအသီးသီး၌ ကုန်ချော အဖြစ်သို့ အဆင့်မြှင့်တင်ပေးရန်လည်း လိုအပ်လျက်ရှိပါကြောင်း ဆွေးနွေးလိုပါတယ်။

ချင်းပြည်နယ်က ဝ ဥ ကုန်ကြမ်းကို တစ်ခြားနိုင်ငံသို့ ရောက်သောအခါ ကုန်ဈေးနှုန်းများစွာ ကွာခြားလျက်ရှိပါတယ်။ ချင်းပြည်နယ်၌ ငွေလဲလှယ်နှုန်းဖြင့် တွက်ပါက တစ်ခြားနိုင်ငံကုန်ချောအဖြစ် ပြောင်းလဲသောအခါ အဆ(၁၀၀)မက ကွာခြားပါကြောင်း စုံစမ်းသိရှိရပါတယ်။ ဝ ဥ ကုန်ကြမ်းများကို လွယ်ကူစွာတင်ပို့နိုင်ရေးအတွက် ကတ္တရာလမ်းရှိရန် ဝ ဥကုန်ကြမ်းများကို လွယ်ကူစွာတင်ပို့နိုင်ရေး အတွက် အထူးလိုအပ်လျက်ရှိပါတယ်။ ရထားလမ်းနှင့် ရေကြောင်းလမ်းမရှိပါသဖြင့် ကုန်များ အမြန် တင်ပို့နိုင်ရေးအတွက် လေယာဉ်ကွင်းလည်း ချင်းပြည်နယ်၌ လိုအပ်လျက်ရှိပါတယ်။ ဒါမှသာလျှင် စိုက်ပျိုးသူများနှင့် နိုင်ငံတော်အတွက် ဝင်ငွေနှင့် အခွန်အကောက်များ မှန်မှန်ရရှိမည်ဖြစ်၍ နှစ်ဖက် အကျိုးဖြစ်ထွန်းမည် ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်ဖြစ်တဲ့ နိုင်ငံတော်က စနစ်တကျ စီမံကိန်းရေးဆွဲ ပြီး လက်တွေ့အကောင်အထည်ဖော်ရန်ကိစ္စကို ဆက်လက်ဆွေးနွေးသွားပါမယ်။ ကျေးရွာအုပ်ချုပ်ရေး မှူးများနှင့် ကျေးရွာကော်မတီများက အနီးကပ်ကြီးကြပ်၍ တကယ်စိုက်ပျိုးမယ့် အမည်စာရင်းပြုစု၍ မြို့နယ်အုပ်ချုပ်ရေးမှူးထံ သော်လည်းကောင်း သို့မဟုတ် မြို့နယ်စီမံကိန်းမှူးထံသော် လည်းကောင်း၊ စိုက်ပျိုးသူများကို ရွာသူ/ရွာသားထဲက အမှန်တကယ် စိုက်ပျိုးသူများ တာဝန်ခံ၊ တာဝန်ယူစေသော အမိန့်ညွှန်ကြားချက်များအတိုင်း စာချုပ်ချုပ်စေပြီး လိုအပ်ပါတယ်။ တစ်ပြန်သီးဖြင့် တစ်ပြည်နယ်လုံး၌ စီမံကိန်းမချသေးဘဲ သင့်တော်သည့် မြို့နယ်များကို ရွေးချယ်သတ်မှတ်၍ အကောင်အထည်ဖော်သင့် ပါတယ်။ ချေးငွေ ချေးမယ်ဆိုပါက (၃)နှစ်အတွက် ချေးသင့်ပါကြောင်း ထပ်မံတင်ပြဆွေးနွေးလိုပါ တယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ထို့ကြောင့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈) ဦးဟာရှိန်းဘွေ ၏ ပြည်နယ်နှင့် တိုင်းဒေသများတွင် ဝ ဥကို စိုက်ပျိုးထုတ်လုပ်ခြင်း၊ တင်ပို့ရောင်းချခြင်း နဲ့ နိုင်ငံတော်မှ စနစ်တကျ စီမံကိန်းရေးဆွဲပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံ၍ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၀၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၀၂။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ ရဲ့ ရေ၊ မြေ၊ ရာသီဥတု နှင့် ကိုက်ညီသော ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ‘ဝ’ ဥ ခေါ် ဖျံဥကို စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနိုင်ရန် နိုင်ငံတော်မှ စနစ်တကျ စီမံချက်ရေးဆွဲပြီး လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ချင်းပြည်နယ်က လွှတ်တော်ကိုယ်စားလှယ်များဟာ ‘ဝ’ ဥ အကြောင်းကို မကြာခဏ ပြောကြလေ့ရှိပါတယ်။ ဒီလို ပြောကြရခြင်းအကြောင်းကလည်း ချင်းပြည်နယ်အတွက် ‘ဝ’ ဥ ဟာ ကျေးဇူးရှင်ဖြစ်တယ်လို့ ကျွန်တော် တင်ပြလိုပါတယ်။ ဘာလို့ ကျေးဇူးရှင်ဖြစ်လဲ ဆိုတဲ့အခါကျတော့ ချင်းပြည်နယ်ရဲ့ ရာသီဥတုအပြောင်းအလဲ၊ ခေတ်ကာလအပြောင်းအလဲ၊ အစာရေစာ ခေါင်းပါးတဲ့အချိန် တွေမှာ ဒီ‘ဝ’ ဥ ကသာ ကယ်တင်ခဲ့လို့ ဖြစ်ပါတယ်။

၂၀၀၆-၂၀၀၇ ခုနှစ်နောက်ပိုင်းမှာ ချင်းပြည်နယ်ဟာ ကြွက်ဘေးဒဏ် ခံခဲ့ရပါတယ်။ ကြွက်က စပါးတွေကို ကိုက်ဖြတ်တဲ့အခါကျတော့ တာဝန်ရှိတဲ့ဌာနတွေက စာရင်းကောက်ပါတယ်။ သို့သော်လည်း ပဲ ဒီလိုရရှိတဲ့စာရင်းကို အထက်ကို အမှန်အတိုင်း တင်ပြခွင့်မရကြပါဘူး။ ဒါ အမှန်ပဲဖြစ်ပါတယ်။ နိုင်ငံတော် ဘက်ကလည်း ဒီကြွက်ဘေးကြောင့် အထောက်အပံ့ပေးတာမျိုးလည်း ကျွန်တော် အထောက် အထားလည်း အခုအချိန်ထိတော့ ရှာမတွေ့ရသေးပါဘူး။ ဒီလိုအခြေအနေမျိုး ကြုံတွေ့တဲ့အခါမှာ ကျေးရွာတွေ မှာ တကယ်ရုန်းကန်လှုပ်ရှားတဲ့ ကျွန်တော်တို့ရဲ့ မိဘပြည်သူတွေဟာ ဒီ‘ဝ’ ဥ အပေါ်မှာပဲ မူတည်ပြီးမှ လုပ်ကိုင်စားသောက်ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ ‘ဝ’ ဥ အကြောင်းကို မကြာခဏ ပြောရခြင်း ဖြစ်ပါတယ်။ အခုအချိန်အထိလည်း ဒီ‘ဝ’ ဥဟာ ချင်းလူမျိုးနဲ့ ချင်းပြည်နယ်က ပြည်သူတွေ အတွက် အင်မတန်မှ အကျိုးပေးနေပါတယ်။ အဲဒီတော့ ဒီ‘ဝ’ ဥ သည် တိုင်းပြည်အတွက်လည်း အရေးကြီးနေ ပါတယ်။ ချင်းပြည်နယ်အတွက်လည်း မဟုတ်ပါဘူး။ အဲဒီတော့ တိုင်းပြည်အတွက် အရေးကြီးတဲ့ ကုန်ထုတ်လေရာ ထုတ်ကုန်တစ်ခုဖြစ်တဲ့ ‘ဝ’ ဥ ကို ကျွန်တော်တို့ တိုင်းပြည်မှာလည်းပဲ စနစ်တကျ သုသေသနပြုလုပ်ပြီးမှ တိုးချဲ့ဆောင်ရွက်မယ်ဆိုရင်၊ တိုးချဲ့ စိုက်ပျိုးမယ်ဆိုရင် နောင်တစ်နေ့ မှာ ကျွန်တော်တို့နိုင်ငံရဲ့ ဝင်ငွေကို တိုးစေမယ့် ထုတ်ကုန်သစ်တစ်ခု ဖြစ်ပေါ်လာမယ်လို့ ကျွန်တော့် အနေနဲ့ ယုံကြည်ရပါတယ်။

ကျွန်တော်တို့ ချင်းပြည်နယ်အတိုင်းအတာနဲ့ ကြည့်မယ်ဆိုရင် လွန်ခဲ့တဲ့ ရာစု (၂)ခုလောက် မှာဆိုရင် ကျွန်တော်တို့ ချင်းပြည်နယ်ဟာ တချို့နေရာမှာ တောင်ယာလုပ်ငန်းနဲ့ လုပ်စားတာ ဖြစ်တဲ့

အတွက်ကြောင့် အင်မတန် စားဝတ်နေရေးတွေ အဆင်မပြေလည်မှုတွေ ရှိခဲ့ပါတယ်။ ဒီအချိန်မှာ ချင်းပြည်နယ်က ပြည်သူတွေဟာ ဘယ်ကိုမှီခို အားကိုးရသလဲဆိုတော့ ချင်းပြည်နယ်ရဲ့ အနောက်ဘက်မှာရှိတဲ့ မီဇိုရမ် ပြည်နယ်ကို အလုပ်သမားတွေဘာဝအဖြစ်နဲ့ အားကိုးနေရပါတယ်။ အဲဒီကတစ်ဆင့် ကချင်ပြည်နယ် ဖားကန့်ကို ရောက်ပါတယ်။ ဖားကန့်ကတစ်ဆင့် ထိုင်းနိုင်ငံဘက်ကို ရောက်ပါတယ်။ ထိုင်းနိုင်ငံကတစ်ဆင့် မလေးရှား၊ အဲဒီကတစ်ဆင့် နိုင်ငံတကာမှာ အလုပ်သမား၊ ရွှေ့လျား အလုပ်သမား အနေနဲ့ ရောက်ရှိကြတာ ဖြစ်ပါတယ်။

ဒီအချိန်မှာ စောစောကပြောသလို ရာသီဥတု အပြောင်းအလဲတွေကြောင့် 'ဝ' ဥ တုံးတဲ့နှစ်တွေကြုံတဲ့အခါကျတော့ ကျွန်တော်တို့ ချင်းပြည်နယ် ပြည်သူတွေဟာ နိုင်ငံခြားက ကိုယ့်ရဲ့ဆွေမျိုးအသိုင်းအဝိုင်းထဲက ရရှိတဲ့ငွေကလေးနဲ့ တူး၊ ချင်းပြည်နယ်မှာ သဘာဝအတိုင်းရှိနေတဲ့ သဘာဝ သစ်တောထွက် ပစ္စည်းတွေ၊ ပန်းရိုးတို့၊ နောက်တစ်ခါ သစ်တောထွက်ပစ္စည်း တိရစ္ဆာန်ရဲ့ အရေခွံတို့စသည်ဖြင့် ဒီဟာတွေနဲ့ လုပ်စားကြတာ ဖြစ်ပါတယ်။ ထို့နည်းတူ တစ်ဖက်က ကျွန်တော်တို့ ပလက်ဝမြို့နယ်မှာဆိုရင် 'ဝ' ဥ အပြင် တခြား ကွမ်းစားဂမုန်း ဆိုတာ ပေါ်လာပြန်ပါတယ်။ ဒီကွမ်းစားဂမုန်းကလည်း ပလက်ဝ မြို့နယ်ရဲ့ ပြည်သူလူထုရဲ့ စားဝတ်နေရေး ခက်ခဲတဲ့အချိန်မှာ ကယ်တင်ပေးတဲ့ ထွက်ကုန်ထဲက လယ်ယာ ထွက်ကုန် တစ်မျိုး ဖြစ်ပါတယ်။ ဒီလိုမျိုး 'ဝ' ဥ နဲ့ ကွမ်းစားဆေးဂမုန်းတွေဟာ ပြည်သူလူထုရဲ့ဘဝကို ဖူလုံစေခဲ့တဲ့အခါကျတော့ ဒီအချိန်မှာကျတော့ အင်မတန်မှ ကျွန်တော်တို့ဒေသမှာ ရေပန်းစားတဲ့၊ စိုက်ပျိုးရန် သင့်တော်တဲ့၊ စိုက်ပျိုးလယ်ယာထွက်ကုန်အဖြစ်နဲ့ ရောက်ရှိသွားတာ ဖြစ်ပါတယ်။

ဒါကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ရွှေ့ပြောင်းတောင်ယာစနစ်ကို ကျင့်သုံးတဲ့အခါမှာ တောတောင်တွေကို ခုတ်ထွင်ရှင်းလင်းရတယ်။ တစ်နှစ်ပြီး တစ်နှစ် နေရာရွှေ့ပြောင်းရတယ်။ အဲဒီအခါကျတော့ တောတောင်တွေကို ချန်လှပ်ကာမှ၊ မြေဆီသြဇာကောင်းမှ၊ နောက်တစ်ကြိမ် ပြန်ခုတ်ဖို့အတွက် သင့်တော်တဲ့အခါကျတော့ လူဦးရေတိုးလာ၊ လူနေအိမ် တိုးလာတဲ့အခါကျတော့ ဒီတောတောင်တစ်ခုလုံးဟာ ပြုန်းတီးလုနီးပါး ဖြစ်နေပါပြီ။ ဆက်လက်ပြီးတော့ ဒီရွှေ့ပြောင်းတောင်ယာ စနစ်နဲ့ လုပ်စားဖို့ဆိုတာ အင်မတန် ခဲယဉ်းလာပါတယ်။

ဒါကြောင့် ဒီနေ့၊ ဒီအချိန်အခါမှာ ချင်းတောင်မှာ ရွှေ့ပြောင်းတောင်ယာစနစ်ကို ပပျောက်ဖို့ လုပ်ဖို့ဆိုတာကလည်းပဲ အင်မတန် ခက်ခဲတဲ့အလုပ်တစ်ခု ဖြစ်ပါတယ်။ ဒီနေရာမှာ ဘက်စုံ ဥယျာဉ်ခြံလုပ်ငန်းအစားထိုးဖို့အတွက် အင်မတန် သင့်လျော်တဲ့ဒေသလည်း ဖြစ်ပါတယ်။ နိုင်ငံတော်ကလည်းပဲ နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံကိန်းထဲမှာ ဘက်စုံဥယျာဉ်ခြံလုပ်ငန်းကို ထည့်သွင်းထားတာကိုလည်း တွေ့ရပါတယ်။ ဘက်စုံဥယျာဉ်ခြံလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်မယ်ဆိုရင် ဒီ 'ဝ' ဥ စိုက်ပျိုးရေးလုပ်ငန်းဟာ အင်မတန်မှ ထည့်သွင်းစဉ်းစားစရာ ဖြစ်လာပါပြီ။ ရေရှည်လုပ်ကိုင်စားသောက်နိုင်တဲ့ အသက်မွေးဝမ်းကျောင်း အနေနဲ့ ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို လျှော့ချရေးနဲ့ တစ်ဖက်က ဘက်စုံ ဥယျာဉ်ခြံလုပ်ငန်းကို ဆောင်ရွက်တဲ့အခါမှာ 'ဝ' ဥဟာ အဓိက လယ်ယာထွက်ကုန် ဖြစ်တဲ့အခါကျတော့ 'ဝ' ဥ ကို ဦးစားပေးအနေနဲ့ စဉ်းစားပြီးမှ သုတေသနပြုလုပ်တာကို သေချာလည်း နိုင်ငံတော်အနေနဲ့ ဦးစီးဦးဆောင်လုပ်သင့်ပါတယ်။ ချင်းပြည်နယ်အတိုင်းအတာနဲ့ ပြုလုပ်နိုင်သလို ချင်းပြည်နယ်ရဲ့ အတိုင်းအတာမှာရှိတဲ့

နည်းပညာဖွံ့ဖြိုးမှု မမှီနိုင်တဲ့ဟာကို နိုင်ငံတော်အဆင့်နဲ့ ကူညီပံ့ပိုးဖို့ လိုအပ်ပါတယ်။ ချင်းပြည်နယ်မှာ သုတေသနလုပ်သလို အခြားသော တိုင်းနဲ့ပြည်နယ်မှာလည်းပဲ သုတေသနလုပ်ဖို့ လိုအပ်ပါတယ်။ တခြား တိုင်းနဲ့ပြည်နယ်မှာလည်း 'ဝ' ဥ ဟာ သဘာဝအတိုင်းရှိနေတဲ့ နေရာတွေ အခုအချိန်မှာ အများကြီးရှိသလို ဒါတွေကို ကျွန်တော်တို့က စနစ်တကျ စိုက်ပျိုးဖို့အတွက် လမ်းညွှန်မှု၊ သုတေသနပြုမှု၊ ငွေကြေးပံ့ပိုးမှုတွေ ပေးရမှာ ဖြစ်ပါတယ်။

ငွေကြေးပံ့ပိုးမှုဆိုတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ ဒီအချိန်မှာ တိုင်းပြည်က ဆန်၊ စပါး စိုက်ပျိုး တဲ့သူကို ချေးငွေ ထုတ်ပေးပါတယ်။ သို့သော်လည်းပဲ လယ်ယာဖွံ့ဖြိုးမှုဘဏ် ရှိတဲ့နေရာတွေလောက်ပဲ ဒီချေးငွေတွေကို ခံစားရတာ ဖြစ်ပါတယ်။ 'ဝ' ဥ တောင်သူများဟာ (၃)နှစ် စီမံကိန်းနဲ့ဆိုတော့ ဒီခေါင်းစဉ်အောက်မှာတော့ ဘယ်လိုမှ ချေးငွေ မရရှိနိုင်ပါဘူး။ ဒါကြောင့် ပြည်ပက ချေးငွေများနဲ့သာ အဆင်ပြေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ပထောက်ပံ့တဲ့ ချေးငွေတွေ၊ အထောက်အပံ့တွေအပေါ်မှာ မူတည်ပြီးမှ 'ဝ' ဥ စိုက်တဲ့ တောင်သူတွေကို ချေးငွေတွေ ထုတ်ပေးမယ် ဆိုရင် ပြဿနာဟာ လွယ်လွယ် ကူကူနဲ့လည်းပဲ ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။

အဓိကကကျတော့ ထုတ်လုပ်ပြီးသာ ကုန်စည်တွေကိုလည်းပဲ ကမ္ဘာသိအောင် ကျွန်တော်တို့ နိုင်ငံတော်က ဦးဆောင်ပြီးတော့မှ ကုန်စည်ပြပွဲတွေထဲမှာ ဒါကိုပြသပေးဖို့ သင့်လျော်ပါတယ်။ ဘာပြုလို့ လဲဆိုရင် ဒီအချိန်မှာကျ တရုတ်နဲ့ ဂျပန်ကသာ ဝယ်တာ၊ တခြားနိုင်ငံတွေကလည်း စိတ်ဝင်စားကောင်း စိတ်ဝင်စားနိုင်တယ်။ တကယ်လို့ ကုန်စည်ပြပွဲတွေမှာ 'ဝ' ဥတွေ၊ 'ဝ' ဥက ထွက်ကုန်တွေပြသ ကြော်ငြာ ပေးမယ်ဆိုရင် ပိုမိုပြီးမှ ဒီထက် အဝယ်များလာမှာ ဖြစ်ပါတယ်။ ဒေသပြည်သူလူထုကလည်းပဲ 'ဝ' ဥ လုပ်ငန်း ပိုမိုလုပ်ကိုင် စားသောက်ဖို့အတွက် အခွင့်အလမ်း ပိုရှိလာမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် နောင်တစ်ချိန်မှ ချင်းတောင်မှာ သဘာဝမြေဆီဩဇာတွေကို ပြုန်းတီးစေတဲ့ ရွှေ့ပြောင်းတောင်ယာ စနစ်ဟာ တဖြည်းဖြည်း ပျောက်ကွယ်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ရွှေ့ပြောင်းတောင်ယာစနစ်ကို လျှော့ချဖို့အတွက် ဘက်စုံ ဥယျာဉ်ခြံလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်တဲ့အချိန်မှာ ဒီ 'ဝ' ဥ ကို အဓိကစိုက်ပျိုးသီးနှံအဖြစ်နဲ့ သတ်မှတ်ပေးမှ နိုင်ငံတော်က အစီအစဉ်တကျ လိုအပ်သောငွေကြေးထောက်ပံ့မှု နည်းပညာများကို ပံ့ပိုးပေးဖို့အတွက် သင့်လျော် ပါကြောင်း၊ နိုင်ငံတော်က ဦးစီးဦးဆောင် ဆောင်ရွက်သင့်ပါကြောင်း ဤအဆိုအပေါ်မှာ အလေးအနက် ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၀၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၀၉။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီး၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်

ဦးညွန့်တင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ရဲ့ အဆိုဖြစ်တဲ့ ရေ၊ မြေ၊ ရာသီဥတု နှင့် ကိုက်ညီသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် 'ဝ' ဥ ခေါ် ဖျံဥကို စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနိုင်ရန် နိုင်ငံတော်မှ စနစ်တကျ စီမံချက်ရေးဆွဲပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန်ကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ အင်္ဂလိပ်စာ အသုံးအနှုန်းအနည်းငယ် ပါရှိပါ၍ ခွင့်ပြုပေးပါ ခင်ဗျား။

ကျွန်တော်ကတော့ ချင်းပြည်နယ်က မဟုတ်ပါဘူး။ ရှေ့က ဆွေးနွေးသွားတာကတော့ ချင်းပြည်နယ်က ကိုယ်စားလှယ်တွေ များပါတယ်။ ကျွန်တော်တို့ ရောင်းရင်းကိုယ်စားလှယ်တွေကို အားပေးတဲ့အနေနဲ့ ကျွန်တော် 'ဝ' ဥ အကြောင်းကတော့ ဆွေးနွေးစရာ မလိုတော့ပါဘူး။ ရှေ့က ဦးဟာရှိန်းဘွေ တို့၊ နောက်တစ်ခါ ဦးပေါ်လျှံလွင်၊ ဦးဆလိုင်းခွဲယန် တို့က အသေးစိတ် ဆွေးနွေးသွားပြီဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ကတော့ ဒီ 'ဝ' ဥ ကို အားပေးတဲ့နေရာမှာ (၂)ပိုင်း တွေ့ပါတယ်။ တစ်ပိုင်းကတော့ ခုနက ဦးဟာရှိန်းဘွေ တင်ပြသလို နိုင်ငံတော် အစိုးရပိုင်းကနေပြီးတော့ ပံ့ပိုးကူညီပေးဖို့ ဒါ အစိုးရပိုင်းကလည်း လုပ်လည်း လုပ်နေမှာပါ။ ပြီးတော့ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ရှင်းတဲ့အခါမှာလည်း ပါမှာပါ။ အဲဒီတော့ အစိုးရပိုင်းက လုပ်တဲ့အပြင်မှာ ကျွန်တော့်အနေနဲ့ တစ်ပိုင်းက တင်ပြချင်တာကတော့ ပုဂ္ဂလိကပိုင်းပေ့ါ။ ပုဂ္ဂလိကပိုင်း ဆိုတဲ့နေရာမှာ စိုက်ပျိုးသူ၊ ထုတ်လုပ်သူ၊ ရောင်းချသူ၊ (Exporter) နိုင်ငံခြားကို တင်ပို့တဲ့သူတွေ ဒီလူတွေဟာ ပူးပေါင်းပြီးတော့ ဆောင်ရွက်လို့ရှိရင် 'ဝ' ဥက ပိုမိုတွင်ကျယ်လာလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံတကာအတွေ့အကြုံမှာလည်း ကျွန်တော်ရခဲ့တဲ့ အရဆိုလို့ရှိရင် နိုင်ငံတကာမှာလည်း အဲဒီလိုပဲ အစိုးရချည်းပဲ အားကိုးမနေဘဲနဲ့ စိုက်ပျိုးသူ၊ ထုတ်လုပ်သူ၊ ရောင်းဝယ်သူ၊ Exporter၊ ဒါတွေဟာ အားလုံးစုပေါင်းပြီးတော့ အသင်းအဖွဲ့တွေဖွဲ့ပြီးတော့ ဒီလိုပဲ စိုက်ပျိုးသီးနှံ ထွက်ကုန်တွေကို Marketing လုပ်တာပေ့ါ။ နိုင်ငံတကာမှာ လှည့်လည်ပြီးတော့ ကြော်ငြာ၊ နောက်တစ်ခါ ရောင်းချဖို့လုပ်တာ ရှိပါတယ်။ အဲဒါကို အခု ခေတ်စားနေတာကတော့၊ နိုင်ငံတကာမှာ ခေတ်စားနေတာ CSR လို့ခေါ်ပါတယ်၊ Corporate Social Responsibility။ မြန်မာလိုဆိုရင်တော့ လူမှုစီးပွားကူညီပံ့ပိုးမှုအစီအစဉ်ပေ့ါ၊ CSR လို့ခေါ်ပါတယ်။ အဲဒါ အင်မတန် ခေတ်စားနေပါတယ်။

ဘာလို့လဲဆိုတော့ ခုနက 'ဝ' ဥ ပဲ ဥပမာ ပေးပါမယ်။ 'ဝ' ဥကို ချင်းပြည်နယ်က တောင်သူတွေ စိုက်တဲ့အတွက်ကြောင့် 'ဝ' ဥက ထွက်လာပြီးတော့ ကုန်သည်တွေက ရောင်းချတယ်။ ကုန်သည်တွေက ရောင်းချပြီးတော့ အဲဒီကုန်သည်တွေကတစ်ဆင့် ဝယ်ပြီးတော့ နိုင်ငံခြားကို Export လုပ်တယ်။ အဲဒီတော့ M-Exporter ပါလာတယ်။ ကုန်သည်ပါလာတယ်။ သူတို့တွေက အကျိုးအမြတ် ရှိတယ်။ အကျိုးအမြတ်ရှိတဲ့အတွက်ကြောင့် သူတို့က ဘာတာဝန်ရှိလဲဆိုတော့ Responsibility ဆိုတာ အဲဒါ။ သူတို့က ဘာတာဝန်ရှိလဲဆိုတော့ ခုနက စိုက်ပျိုးတဲ့တောင်သူတွေကို ပြန်ပြီးတော့ ကြည့်ရမယ်။

နောက်တစ်ခုကတော့ Environment ပေ့ါ။ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် သူတို့က စောင့်ရှောက်ရမယ်။ အဲဒါကို Corporate Social Responsibility လို့ ခေါ်ပါတယ်ခင်ဗျာ။ အဲဒါကို ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကိုလာတဲ့ ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံခြားသားတွေ၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူတွေကို အမြဲတမ်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်က CSR လုပ်ခိုင်းပါတယ်။ သူက ဘယ်လောက်ပေးရသလဲ ဆိုတော့ 2 to 5 Percent of the Netprofit သူက အသားတင် အမြတ်ငွေရဲ့ (၂)ရာခိုင်နှုန်းကနေ (၅)ရာခိုင်နှုန်းကြားပေါ့။ သင့်တော်သလိုပေါ့၊ စေတနာရှိသလောက် ပေါ့။ အဲဒါကို ပြန်ပြီးတော့ ခုနက လယ်သမားတွေအတွက် ပြန်အကျိုးပြုရမယ်။ နောက်တစ်ခါ Market Research တွေအတွက် ပြန်အကျိုးပြုရမယ်။ ခုနက ဦးဆလိုင်းခွဲယန် ပြောသလိုပေါ့။ Marketing အတွက် ပြန်ပြီးတော့ အကျိုးပြုရမယ်။ အဲဒါတွေကို ကျွန်တော်တို့ ဘာလိုလဲဆိုတော့ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီထုတ်လုပ်သူ၊ စိုက်ပျိုးသူ၊ ပို့ဆောင်တဲ့သူတွေက အသင်းအဖွဲ့တွေ ဖွဲ့ထားဖို့ လိုပါတယ်။ အဲဒီအသင်း အဖွဲ့တွေက ဆော်ဩရမယ်။ ဆော်ဩပြီးတော့မှ ဒါတွေကို စုပြီးတော့ ထုတ်လုပ်သူတွေကို ဥပမာအားဖြင့် အဲဒီကရတဲ့ငွေတွေကို ထုတ်လုပ်သူတွေကို ချေးမယ်။ လယ်သမားတွေကို ခုနက ဦးဆလိုင်းခွဲယန် ပြောသလို အတိုးမဲ့နဲ့ ချေးမယ်။ နောက်တစ်ခါ ကြော်ငြာမယ် ဒီပိုက်ဆံတွေနဲ့ပဲ။

ကျွန်တော်တို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဆို တစ်ပတ်ကို ရင်းနှီးမြှုပ်နှံမှုက ကုမ္ပဏီ ပေါင်း(၂၀)ကနေ (၃၀)ကြား လာတယ်။ အဲဒီတော့ ကုမ္ပဏီ (၂၀)၊ (၃၀)ကနေ အဲဒီလို အာမခံချက်တွေ ကျွန်တော်တို့ ယူပြီးတော့ ပေးတဲ့အခါမှာ အခု ပြန်ပြီးတော့ သူတို့က အကျိုးပြုတယ်။ ဥပမာအားဖြင့် 'ဝ' ဥ စိုက်တဲ့ လူတွေပဲ ဆိုပါတော့၊ 'ဝ' ဥ Exporter တွေက သူတို့ Machine သွင်းချင်တယ်။ 'ဝ' ဥကို ကြိတ်ဖို့ စက်သွင်းချင်ရင် MIC က TAX Free ပေးတယ်။ ဒါပေမဲ့ တစ်ခု ဘာပြောင်းတောင်းလဲ၊ CSR ပြန်လုပ်ပါ။ မင်းတို့ 'ဝ' ဥ စိုက်ပျိုးတဲ့တောင်သူတွေကို ပြန်အကျိုးပြုပါတယ်။ အဲဒီအပိုင်းက လုပ်နိုင်လို့ရှိရင် ခုနက အစိုးရက ကူညီတာက တစ်ပိုင်း၊ မိမိတို့ ပြည်သူပြည်သားတွေကလည်း အကျိုးအမြတ်ရတဲ့သူတွေက၊ ခုနက ကျွန်တော်လည်း ဖတ်လိုက် ရပါတယ်။ ဦးဟာရှိန်းဘွေ ရဲ့ အစီရင်ခံစာမှာဆိုရင်၊ တချို့ တစ်ကြိမ်၊ နှစ်ကြိမ် ရုပ်သိမ်းရင်တောင်မှ သိန်း (၁၅၀)နဲ့ (၂၀၀) ကြားရတယ်။

နောက်တစ်ခါ ခုနက Exporter တွေဆိုရင်တော့ ဒါထက်ပိုရမှာပါ အများကြီး။ အဲဒီတော့ အဲဒီလို အကျိုးရှိတဲ့လူတွေဆီက ပိုက်ဆံတွေကို စုပြီးတော့ Market Research ၊ နောက်ပြီးတော့ စိုက်ပျိုးသူတွေ၊ တောင်သူတွေကို ပြန်ပြီးတော့ ပေးမယ်ဆိုလို့ရှိရင် ဒါ ပေးအောင် ဆော်ဩနိုင် မယ်ဆိုရင်၊ ကျွန်တော်တို့ကတော့ ဒီနိုင်ငံကိုလာတဲ့ Investor တွေအားလုံးကို၊ ဥပမာအားဖြင့် ကျွန်တော် ပြောမယ်။ ဟိုတစ်လောကဆိုရင် ဘိလပ်ရည်၊ အချိုရည် သယ်လာလို့ရှိရင် ကျွန်တော်တို့က တစ်ခါတည်း သူတို့ကို ပြောတယ်။ မင်းတို့ အချိုရည်ကနေ ထွက်တဲ့ ပလပ်စတစ်တွေကို ဘယ်လိုပြန်ကောက်မလဲ။ အဲဒီအတွက် ကို မင်းတို့ ရန်ပုံငွေ ထားပါ။ 2 Percent (CSR)။ အဲဒီရန်ပုံငွေကို စုပြီးတော့၊ ဝန်ကြီးဌာနကနေ စုပြီးတော့ ခုနက ထွက်လာတဲ့ အချိုရည်ပုလင်းတွေကို ပြန်ပြီးတော့ ဘယ်လိုသိမ်းဆည်းမလဲ၊ ဘယ်လို Recycle လုပ်မလဲ။ ဒါတွေ ကျွန်တော်တို့ ပြောပါတယ်။ အဲဒီအတိုင်းပါပဲ။ ကျွန်တော်တို့ ချင်းပြည်နယ်က 'ဝ' ဥ ကိစ္စ မှာလည်း အဲလိုသာ CSR လုပ်နိုင်လို့ရှိရင် အစိုးရကလုပ်တာ တစ်ပိုင်း၊ ပြည်သူပြည်သားတွေကလည်း တစ်ပိုင်း ဝိုင်းဝန်းပံ့ပိုး ကြမယ်ဆိုရင် ပိုပြီးတော့ မြန်မြန်ဆန်ဆန် ချင်းပြည်နယ်ကြီးက တိုးတက်လာမယ်။

အဲဒါဘာလို့ ကျွန်တော်ပြောလဲဆိုတော့ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံ ဆိုတော့ ဗမာတင်မဟုတ်ဘူးပေါ့၊ တိုင်းရင်းသားတွေ အားလုံးပေါ့နော်။ စကားပုံလည်းရှိပါတယ်။ တစ်မူး ရလို့ တစ်ပဲလျှော့ တို့ရှမ်းတောင်သူ၊ ယှဉ်နိုင်ရိုးလား။ ဒါက ရှမ်း။ ကချင်၊ ကရင် သူတို့မှာလည်း စကားပုံတွေ

ရှိပါတယ်။ ဒီလို လှူတတ်၊ တန်းတတ်တဲ့လူမျိုး၊ အလှူဒါန အင်မတန် ရက်ရောတဲ့လူမျိုး။ အဲဒါ ကျွန်တော်ပြောတာ မဟုတ်ပါဘူး။ ကမ္ဘာက အသိအမှတ်ပြုထားတာ။ အဲဒါလေး ကျွန်တော် ဟိုတစ်နေ့က ဖတ်ရလို့။ ဒါလေးကို ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ Slide လေးနဲ့ တစ်ချက်လောက်၊ တစ်မိနစ်လောက်။ ကျွန်တော်တို့ WGI ဆိုတာကတော့ World Giving Impact ပါ။ Giving ဆိုတာက ပေးကမ်းတာ ပေါ့နော်။ အဲဒီမှာ ကျွန်တော်တို့ ကနေဒီယမ်ကုမ္ပဏီပါ။ Market Research From Garlux ဆိုတာကနေ ပြီးတော့ သူတို့ဟာ သူတို့ Research လုပ်ထားတာ။ မြန်မာပြည်က လုပ်တာ မဟုတ်ပါဘူး။ အဲဒီတော့ ကမ္ဘာပေါ်မှာ အပေးကမ်းဆုံး၊ အရက်ရောဆုံး၊ ဒါနအပြုဆုံးနိုင်ငံက မြန်မာနိုင်ငံ ဖြစ်နေတယ်။

အဲဒီတော့ ဒီမှာ ကြည့်လိုက်ရင် တွေ့ပါတယ်။ Top Twenty Country in World Giving Impacts ပါ။ မြန်မာက ကမ္ဘာပေါ်မှာ အချမ်းသာဆုံးဖြစ်တဲ့ US နဲ့ နံပါတ်တစ်မှာ အတူတူပဲ။ အဲဒါ ကနေဒီယမ်ကုမ္ပဏီက။ ဒါက ကျွန်တော်တို့ ဂုဏ်ယူဖို့ ကောင်းပါတယ်။ ဒါကြောင့် ကျွန်တော်က ဒါလေးကို ပြတာပါ။ အချမ်းသာဆုံးဖြစ်တဲ့ US နဲ့ World Giving Impacts မှာ 64 စီ အမှတ် (၆၄)မှတ်စီ ရတယ် Percent။ Helping Stranger ဆိုတဲ့ မသိတဲ့သူတွေကို ကူညီတာမှာပေါ့ US က နဲနဲပိုများတယ် (79)။ ကျွန်တော်တို့က (49)။ ဒါပေမဲ့ Donation Money Score ပိုက်ဆံကို ရက်ရက်ရောရော လှူတဲ့နေရာ မှာတော့ ဗမာကို ဘယ်သူမှမမှီဘူး။ ဗမာက (91)။ ကျန်တဲ့လူတွေက အမြင့်ဆုံးက ကနေဒါ (74)၊ အိုင်ယာလန် (74)၊ US က (68)၊ Voluntaries Time Score ဆိုတာကတော့ ကိုယ့်ရဲ့အချိန်ကိုပေးပြီးတော့ သူများကို ကူညီတတ်တာ။ မြန်မာက (51)၊ US က (44)၊ အဲဒီမှာ မြန်မာကို တစ်ယောက်မှ မမှီဘူး။ ရှီလန်ကာက (50)၊ ဒါက ဘာဖြစ်လဲဆိုတော့ မြန်မာနိုင်ငံသားတွေ၊ မြန်မာနိုင်ငံသားတွေဆိုတာ အားလုံး တိုင်းရင်းသားတွေ ပါပါတယ်။ မြန်မာနိုင်ငံသားတွေက အင်မတန်မှ ရက်ရောကြတယ်။ အင်မတန်မှ လှူဒါန်းတတ်တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကသာ ဆော်ဩပေးနိုင်မယ်ဆိုရင် ခုနက ကျွန်တော် ပြောတဲ့ CSR ။ 2 to 5 Percent of the Netprofit ၊ ခုနက ‘၀’ ဥ ကုန်သည်ကြီးတွေ ရတဲ့ အသားတင် အမြတ်ရဲ့ 2 Percent လောက်ပါပဲ။

အဲဒါလေးတွေကို ကျွန်တော်တို့ ဒီလို အသင်းအဖွဲ့တွေကနေပြီးတော့ ဆော်ဩပြီးတော့ အဲဒါ လှူကြပါဆိုရင် လှူမှာ။ အဲဒီမှာ ကျွန်တော်တို့ ကြည့်လို့ရှိရင် ယူအက်၊ ကနေဒါ၊ အိုင်လန်၊ နယူးစီလန် ဘူတန်၊ နယ်သာလန်၊ အင်ဒိုနီးရှား၊ ကင်ညာ၊ မယ်လ်တာ၊ ဩစတေးလျ၊ ဒိန်းမတ်တို့က အောက်မှာ ဟိုမှာ အီတန်၊ ဂျမေကာဒါ Top 20 ပေါ့။ top ten Country by participation and Donation money ခုနကကျွန်တော်ပြောသလိုပါပဲသူတို့က ထပ်ထုတ်လိုက်တယ်။ အဲဒီထဲမှာ ငွေကြေးအရက်ရောဆုံးနိုင်ငံ ကတော့ ဗမာက နံပါတ်(၁) လူအနေနဲ့ပေါ့၊ မာလ်တာက(၂)၊ ထိုင်လန်(၃)၊ အိုင်ယာလန်(၄)၊ ယူကေ(၄) လောက်ဖြစ်ပါတယ်။ နောက်ပြီးတော့ ကနေဒါတို့ အိုက်စ်လန်တို့ အဲဒီတော့(၁၀)ခု ကျွန်တော် ဒါ ဘာပြချင်တာလဲဆိုတော့ ဒါ ဂုဏ်ယူစရာလည်းကောင်းလို့ပါ ကျွန်တော်တို့အနေနဲ့ ဒါကြောင့် ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ချင်းပြည်နယ်ကြီးကို ဆင်းရဲမှုလျှော့ချရေးအတွက်ကို ‘၀’ဥကို အားပေးတဲ့နေရာမှာ ကျွန်တော်တို့ ခုနလိုနည်း CSR နည်းနဲ့များ ဆောင်ရွက်လို့ရှိရင် ပြည်သူ လူထုက ပါဝင် ဆောင်ရွက်တာဖြစ်တဲ့အတွက်ကြောင့် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အဲဒါကို

လည်း ဆောင်ရွက်သင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၂၁။**

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်းပြီးတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီးက နေပြီးတော့ ပြန်လည်ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၂၁။**

**ဦးဝင်းမြင့် (ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးဝင်းမြင့် ဖြစ်ပါတယ်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ အခုလို ဆွေးနွေးခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်များကို နယ်စပ်ကုန်သွယ်ရေးနည်းလမ်းများဖြင့် တရုတ်နိုင်ငံကို အဓိကတင်ပို့တဲ့အပြင် ပင်လယ်ရေကြောင်းလမ်းနဲ့ လေကြောင်းလမ်းများ လမ်းတွေကပါ တိုးမြှင့် တင်ပို့ နိုင်ရေးအတွက်လည်းပဲ ပြည်ပဈေးကွက်များရှာဖွေခြင်းကို မြန်မာနိုင်ငံ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းနဲ့ ဌာနဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်လျက်ရှိ ပါတယ်။

အဆိုပါ မြန်မာနိုင်ငံ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူ များအသင်းဆိုတာ UMSCCI ရဲ့ ဒီအသင်းဝင်ဖြစ်ပါတယ်။ 'ဝ'ဥပေါ့လေ၊ ဖျုံဥ ဆိုတဲ့ ရန်ကျူးဘား ဆိုတာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒီ ပြည်နယ် တိုင်းနဲ့ပြည်နယ် အစိုးရအဖွဲ့များရဲ့ ပြန်လည် ဖြေကြားချက် များအရပေါ့လေ၊ ကရင်ပြည်နယ်မှာ ရေ၊ မြေဒေသနဲ့ ကိုက်ညီတဲ့ ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီး၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြဝတီ၊ ဖာပွန်မြို့နယ်တို့မှာ စိုက်ပျိုးပါတယ်။ ချင်းပြည်နယ်ပေါ့လေ၊ စောစောကတင်ပြခဲ့တဲ့ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နဲ့ မင်းတပ်မြို့မှာ အများဆုံးစိုက်ပျိုးပြီးတော့ တီးတိန်၊ ဟားခါးမြို့များမှာ စမ်းသပ်စိုက်ပျိုးပါတယ်။

ကျွန်တော် ချင်းပြည်နယ်ကို သွားပြီးတော့ ကုန်သွယ်မှု Trade Promotion သွားလုပ်တဲ့ အချိန်မှာ ကျွန်တော်တို့ တီးတိန်၊ ဟားခါးက ဒီ 'ဝ'ဥစိုက်ပျိုးတဲ့ ပုဂ္ဂိုလ်တွေနဲ့ ကျွန်တော် တွေ့ပါတယ်။ တွေ့ပြီးတော့ သူတို့လည်းပဲ သူတို့ရဲ့ အခက်အခဲတွေကို ကျွန်တော့် တင်ပြတယ်၊ တင်ပြပြီးတော့ စောစောက ပြောသလို၊ စောစောက ဆွေးနွေးခဲ့သလိုပဲ ကျွန်တော်တို့ ဒါကို အသင်းအဖွဲ့တွေ ဖွဲ့ပေးဖို့ ဆိုပြီးတော့ ဆွေးနွေးခဲ့တာရှိပါတယ်။ ပြီးတော့လည်း နည်းပညာလိုတယ်၊ အရင်းအနှီးလိုတယ်၊ (၃)နှစ် စိုက်ပျိုးရတယ်၊ အဲဒီအတွက် အခက်အခဲတွေ တင်ပြခဲ့တာကို ဆွေးနွေးချက်တွေကိုလည်းပဲ ကျွန်တော် စောစောက မြန်မာနိုင်ငံ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူများအသင်း UMSCCI ကိုလည်း ကျွန်တော် ပြန်လည်အကြောင်းကြား ခဲ့ပြီးလည်းဖြစ်ပါတယ်။ ထိုကဲ့သို့ပါပဲ စစ်ကိုင်းတိုင်း

ဒေသကြီးအတွင်း အင်းတော်၊ ဗန်းမောက်၊ ပင်လယ်ကူး၊ ဝင်းသို၊ ဖောင်းပြင်မြို့နယ်များမှာလည်းပဲ ဒါ 'ဝ'ဥ ထွက်ရှိပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းမှာလည်းပဲ သီးနှံနဲ့ကိုက်ညီမှုရှိတဲ့ တောင်ငူခရိုင်မှာ ပေါက်ရောက်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်၊ သာပေါင်း၊ ရေကြည်၊ လေးမျက်နှာ၊ မြန်အောင်၊ အင်္ဂပူမြို့များမှာလည်းထွက်ရှိကြောင်း ဒါ သက်ဆိုင်ရာ တိုင်းနဲ့ ပြည်နယ်အစိုးရအဖွဲ့များကနေတစ်ဆင့် ဖြေကြားထားတာ ရှိပါတယ်။ 'ဝ'ဥတင်ပို့မှုအနေနဲ့ ကြည့်မယ်ဆိုရင်လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ပင်လယ်ရေကြောင်းမှာ တန်ချိန်(၃၂၅)တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ(၀.၇၂၁)သန်း၊ နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းကတော့များပါတယ်။ တန်ချိန်(၅၆၉၇)တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၁၀.၅၄၆)သန်း စုစုပေါင်းတန်ချိန် (၆၀၂၂)တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၁၁.၂၆၇)သန်း ကျွန်တော်တို့ ပို့ခဲ့သလို၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာလည်း ပင်လယ်ရေကြောင်းက(၃၁၂)တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ (၀.၆၅၈)သန်း၊ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှာ တန်ချိန်(၅၂၅၂)တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ (၉.၂၃၄)သန်း စုစုပေါင်းတန်ချိန် (၅၅၆၄)တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ (၉.၈၉၂)သန်း တင်ပို့ခဲ့ပါတယ်။

ဒီတင်ပို့မှုတွေနဲ့ပတ်သက်လို့လည်းပဲ တရားဝင်တင်ပို့ဖို့ဆိုပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာ အသင်းအဖွဲ့တွေနဲ့ ညှိနှိုင်းခဲ့တာတွေရှိပါတယ်။ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာနှစ်ပေ့ါလေ၊ ဇန်နဝါရီလ (၁၆) ရက်နေ့ထိတော့ ပင်လယ်ရေကြောင်းမှာ တန်ချိန်(၃၁)တန်၊ အမေရိကန်ဒေါ်လာ (၀.၁၀၄)သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှာ တန်ချိန်(၃၄၉၄)တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ (၆.၃၈၅)သန်း၊ စုစုပေါင်းတန်ချိန်(၃၅၂၅)တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ(၆.၄၈၉)သန်း တင်ပို့ခဲ့ပါတယ်။ ဈေးကွက်အသင့်အတင့် ရှိပြီးတော့ ဈေးနှုန်းအင်မတန် ကောင်းတဲ့အတွက် 'ဝ'ဥ စိုက်ပျိုးထုတ်လုပ်မှုကို ယခုထက်တွင်ကျယ်အောင် အဖက်ဖက်ကနေပြီးတော့ စောစောက ပြောသလို အသင်းဖွဲ့တွေရော သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကပါ ပံ့ပိုးဆောင်ရွက် ပေးခြင်းအားဖြင့် စိုက်ပျိုးထုတ်လုပ်သူများအတွက် တစ်ဖက်တလမ်းက အပိုဝင်ငွေရရှိပြီးတော့ လူမှုဘဝမြှင့်တင်ရေးကို ဆောင်ရွက်ပေးရာကျပြီး နိုင်ငံတော့်အတွက်လဲ ပြည်ပဝင်ငွေ တိုးတက်ရရှိလာမှာဖြစ်သလို ထုတ်လုပ်တဲ့ပမာဏအတိုင်း ဈေးကွက်ကို တင်ပို့နိုင်ရေး ဈေးကွက်ချိတ်ဆက် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ 'ဝ'ဥ တင်ပို့မှုပမာဏမှာလည်း ဈေးကွက်လိုအပ်ချက်အတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ဂျပန်ကုန်စည်ပြပွဲတွေပေ့ါလေ၊ အရင်တုန်းကသွားခဲ့တဲ့အချိန်မှာ UMSCCI ကပေ့ါလေ၊ မြန်မာညွန့်ကုမ္ပဏီက ကျွန်တော့်မိတ်ဆွေတွေဆိုလို့ရှိရင် 'ဝ'ဥကို အထူးပြုပြီးတော့ ပို့ခဲ့တာရှိပါတယ်။ သူတို့မှာလည်း ဈေးကွက်တွေလဲရှိတယ်၊ ဒီမှန်ကန်တဲ့ပေ့ါလေ၊ ဒီကုမ္ပဏီတွေနဲ့လည်း ချိတ်ဆက် ပြီးသား ဖြစ်ပါတယ်။ တောင်သူများစိုက်ပျိုးထုတ်လုပ်တဲ့ သီးနှံများရဲ့ အရည်အသွေးနဲ့ အရေအတွက် တိုးမြှင့်ထုပ်လုပ်ရေး ပြည်ပဈေးကွက်ဝေစုပိုမိုရရှိရေး အရည်အသွေးတူလျှင် ဈေးနှုန်းယှဉ်ပြိုင်နိုင်ရေးနှင့် နာမည်ကောင်းရရှိပြီးသား သစ်သီးဝလံများကို တွင်ကျယ်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူတွေ၊ ပြည်တွင်းပြည်ပ ရောင်းဝယ်ဖောက်ကားသူတွေ Supply Change, Value Change ပိုမိုမှန်ကန်လာစေဖို့ ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းအောက်မှာ သစ်သီးဝလံ၊ ဟင်းသီး

ဟင်းရွက် အမျိုးအစားအလိုက် အစုအဖွဲ့များ ဖွဲ့စည်းထားပါတယ်။ စောစောက အန်ကယ် ဦးညွန့်တင် ဆွေးနွေးတဲ့ အတိုင်းပါပဲ 'ဝ'ဥအစုအဖွဲ့ကိုလဲ ထည့်သွင်း ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။ ဒ့ါပြင် စိုက်ပျိုး ထုတ်လုပ်မှုနဲ့ ရောင်းဝယ်စျေးကွက် ကြီးမားတဲ့ဒေသတွေမှာလည်းပဲ သရက်သီးဖုံ၊ အာလူးဖုံ၊ ဂေါ်ဖီဖုံ၊ လက်ဖက်ဖုံ၊ ပန်းမန်ဖုံများအဖြစ် ဖွဲ့စည်း ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

အလားတူ 'ဝ'ဥ စိုက်ပျိုးထုတ်လုပ်တဲ့ဒေသများမှာ 'ဝ'ဥဖုံများ ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာ အသင်းအဖွဲ့များကိုလည်း နှိုးဆော်ထားပြီးလည်းဖြစ်ပါတယ်။ အဲဒီတော့ CSI နည်းပေါ့ လေ၊ ကျင့်သုံးဖို့ကိုလည်း သက်ဆိုင်ရာ အသင်းအဖွဲ့တွေကိုလည်း ကျွန်တော် တိုက်တွန်းပြောကြား ပေးပါ့မယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ပြည်ပစျေးကွက်မှာ လိုအပ်ချက်မြင့်မားတဲ့ သီးနှံတွေကို စိုက်ပျိုး ထုတ်လုပ်ဖို့ အခြေခံအရင်းအမြစ်ကောင်းများ ရရှိပြီးဖြစ်တဲ့ နိုင်ငံဖြစ်ပါတယ်။ လက်ရှိ စိုက်ပျိုး ထုတ်လုပ်လျက် ရှိတဲ့ သီးနှံအချို့အား နည်းပညာပိုင်း၊ ထုတ်လုပ်မှုပိုင်းနဲ့ ထုတ်ပိုးမှုပိုင်းတွေကို ပြုပြင် ပြောင်းလဲလိုက်ယုံလေးနဲ့ ထုတ်လုပ်သူ တောင်သူလယ်သမားများ၊ ရောင်းဝယ်တင်ပို့သူများအတွက် အကျိုးများစွာ ရရှိလာနိုင် ကြောင်းလဲ သိရှိရပါတယ်။ 'ဝ'ဥနဲ့ ပတ်သက်လို့လည်းပဲ အခြောက်ခံခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းစတဲ့ လုပ်ငန်းစဥ်အဆင့်ဆင့်ကို နည်းစနစ်ကျကျနန ဆောင်ရွက်ပေးနိုင် ပါက 'ဝ'ဥစိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်သလို ယခုထက်လည်း စျေးနှုန်းပိုမိုရရှိလာမှာ ဖြစ်ပါတယ်။

မြန်မာ့'ဝ'ဥကို ဂျပန်နိုင်ငံကို တင်ပို့တဲ့နေရာမှာ ဂျပန်နိုင်ငံက အကောက်ခွန်ကင်းလွတ်ခွင့် ဆိုင်ရာ တစ်ဖက်သတ်အခွင့်အရေး GSP (Generalized Life System of Preferences) ပေးထားတဲ့ အတွက်ကြောင့် မြန်မာနိုင်ငံအကြိုက်အဆင့်မီ 'ဝ'ဥ တင်ပို့နိုင်ရင်စျေးကောင်းလည်း ရရှိပါတယ်။ အကောက်ခွန်သက်သာခွင့်ကြောင့်လည်း ပြည်ပဝင်ငွေပိုမိုရရှိလာမှာ ဖြစ်ပါတယ်။ ဂျပန်စျေးကွက်ဝင် 'ဝ'ဥချောင်းများ ထုတ်လုပ်နိုင်ရေးနဲ့ အထက်မှာဖော်ပြခဲ့တဲ့ စိုက်ပျိုးခြင်း၊ အခြောက်ခံခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းစတဲ့ လုပ်ငန်းစဥ် အဆင့်ဆင့် Supply Chain တစ်ခုလုံး တိုးတက်ဖွံ့ဖြိုးစေရေးနဲ့ စျေးကောင်းရရှိရေးအတွက် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူအသင်းနဲ့ 'ဝ'ဥ အစုအဖွဲ့တို့ပူးပေါင်းပြီး စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပါတယ် လို့ပြောကြားလိုပါတယ်။ တင်ပြလိုပါတယ်။ စီးပွားရေးနှင့် ကူးသန်းရေးဝယ်ရေးဝန်ကြီးဌာနအနေနဲ့ အစိုးရအသစ် တာဝန်ယူချိန်ကစပြီးတော့ ကုန်သွယ်မှုနဲ့ ပတ်သက်ပြီးတော့ Trade Participation, Trade Levelization, Trade Promotion, Trade Education တွေကို ဒါ ဟန်ချက်ညီညီ ဆောင်ရွက်နေတဲ့ဆိုတာလည်း ဒါ အားလုံးသိရှိပြီးဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနကိုလည်း ကျွန်တော်တို့ ကုန်သွယ်လယ်ယာကို ပြောင်းပြီးဖွဲ့စည်းခဲ့ပြီးတဲ့နောက် တိုင်းဒေသကြီး ပြည်နယ်ရုံးများ ဖွင့်လှစ်ပြီး ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ်မှာလည်း ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ(၁)ရက်နေ့စပြီး ချင်းပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနကို ဖွင့်လှစ်ပေးပြီးလည်း ဖြစ်ပါတယ်။ စိုက်ပျိုး ထုတ်လုပ်သူများ တိုင်းရင်းသား ကုန်သည်လုပ်ငန်းရှင်များစျေးကွက် သတင်းအချက်အလက်များ ရရှိရေး၊

ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်နှင့် အသိပညာတိုးပွားလာစေရေးအတွက်လည်း ကုန်သွယ်မှု သတင်းဌာန Trade Center များကို တိုင်းဒေသကြီး/ပြည်နယ်များမှာ ဖွင့်လှစ် ပေးလျက် ရှိပါတယ်။

ကျွန်တော်တို့ ကချင်ပြည်နယ်ဆိုရင် မနောပွဲနဲ့အတူပဲ Trade Center များဖွင့်လှစ်ပေးပြီးတော့ အဲဒီမှာပဲ ကျွန်တော်တို့ ကုန်သွယ်မှုနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ၊ Information တွေ ကျွန်တော်တို့ လုပ်ရမယ့် ကုမ္ပဏီအဖွဲ့ဒါကစပြီးတော့ ဒါ ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ စိုက်ပျိုးထုတ်လုပ်သူတောင်သူများရဲ့ အကျိုးစီးပွား မြှင့်တင်ပေးနိုင်ရေးကို ရည်ရွယ်ပြီးတော့ အရည်အသွေးမှီတဲ့ မျိုးစေ့ထုတ်လုပ်တဲ့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသရေမြေသဘာဝနဲ့ ကိုက်ညီတဲ့ ခေတ်မီ စိုက်ပျိုးရေးနဲ့ မွေးမြူရေးဆိုင်ရာ နည်းပညာများ၊ ဒီနေရာမှာလည်း ဥပမာ စောစောက တင်ပြခဲ့သလိုပါပဲ ချင်းပြည်နယ်ဆို ‘ဝ’ဥ အင်မတန် ဖြစ်ပါတယ်။ အဲဒီအတွက်လည်းပဲ ‘ဝ’ဥ ပြည်နယ် ဟာမျိုး လုပ်သင့်ပါတယ်လို့ ကျွန်တော် အကြံဉာဏ်ပေးချင်ပါတယ်။ ‘ဝ’ဥဟာ ကျွန်တော်ကိုယ်တိုင်လည်း လေ့လာခဲ့တယ်၊ အင်မတန်လည်း ဈေးကွက်လည်းရှိပါတယ်။ အထူးသဖြင့် ဂျပန်ကလည်း အင်မတန်မှ အထူးပြု နှစ်ခြိုက်တာမျိုး ရှိပါတယ်။

ထို့ကဲ့သို့ပါပဲ လယ်ယာထွက်ကုန်တန်ဖိုးမြှင့်ဆိုင်ရာ နည်းပညာများရရှိရေး၊ မိုးလေဝသနဲ့ ဇလဗေဒဆိုင်ရာ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ၊ ကူးစက်ရောဂါဆိုင်ရာ၊ ပိုးမွှားရောဂါဆိုင်ရာ သတင်းအချက်အလက်ရရှိစေရေး၊ ပြည်တွင်းပြည်ပဈေးကွက်ရရှိရေးအတွက် ဈေးကွက်နဲ့ ဈေးနှုန်းဆိုင်ရာ အချက်အလက်များ ဖြန့်ဝေပေးနိုင်ရေး၊ လယ်ယာသုံးကိရိယာများ အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်ရေး၊ လယ်ယာသုံးကိရိယာတွေနဲ့စာရင် ကျွန်တော်တို့ အတတ်နိုင်ဆုံး အခွန်တွေ လျှော့ပေါ့ပြီးတော့ အခွန်ကင်းလွတ်ခွင့်တွေ ဆောင်ရွက်ပေးခဲ့တယ်၊ လွယ်လွယ်ကူကူလည်း လုပ်ပေးပါတယ်။

နေပြည်တော်၊ ရန်ကုန်နဲ့ တိုင်းနဲ့ပြည်နယ်ဒေသတွေမှာလည်း ဒါ လိုင်စင် ထုတ်ပေးနေပါတယ်လို့ ပြောကြားလိုပါတယ်။ အဲဒီတော့ လယ်ယာသုံးကိရိယာများ အဆင်ပြေ ချောမွေ့စွာ ဝယ်ယူရရှိစေရေး၊ စံချိန်စံညွှန်းနဲ့ ကိုက်ညီပြီး အန္တရာယ်ကင်းတဲ့ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးများ သုံးစွဲမှုရှိစေရေးအတွက် လိုအပ်သော ဥပဒေများ ရေးဆွဲခဲ့ပြီး မကြာမီ လိုအပ်သော နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ရဲ့ ရေ မြေ၊ ရာသီဥတုနဲ့ကိုက်ညီတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးများမှာ ‘ဝ’ဥ ခေါ် ဖျံဥကို စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနိုင်ရန် နိုင်ငံတော်မှ စနစ်တကျ စီမံရေးဆွဲပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၃၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုရှင် သဘောထားပြောပါ။ ဦးဟာရှိန်းဘွေ။

**အချိန်၊ ၁၄း၃၃။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်များခင်ဗျား။ အခု ဝန်ကြီးက ပြန်လည်ရှင်းလင်းတဲ့နေရာမှာလည်း ဒီ စီးပွားကူးသန်းအနေနဲ့ အတတ်နိုင်ဆုံး ဒါ ဈေးကွက်ရရှိစေရေးနဲ့ ဆောင်ရွက်နေတယ်

ဆိုတာကိုလည်း ကျွန်တော် ကြားသိရတဲ့အတွက်ကြောင့် အထူးပဲဝမ်းသာပါတယ်။ ဒါပေမဲ့ ကျွန်တော် ဒီနေရာမှာ အဓိကကတော့ လယ်ဆည်ဝန်ကြီးဌာနလည်း ကျွန်တော်တော့ အရေး ကြီးမယ်လို့မြင်ပါတယ်။

ဘာကြောင့်လည်းဆိုတော့ စိုက်ပျိုးထုတ်လုပ်တဲ့နေရာမှာ ကျွန်တော်တို့က နည်းပညာပေးဖို့ရယ်၊ နောက်ပြီးတော့မှ အခုပြောတဲ့ ဒီ စိုက်ပျိုးစရိတ်ချေးငွေတွေဟာ အဓိကလိုအပ်တယ်၊ ပြီးတော့မှလည်း ကျွန်တော်က ဒီ ချင်းပြည်နယ်တစ်ခုတည်းမဟုတ်ဘဲနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တကယ် ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီတဲ့နေရာတွေမှာ အားလုံး စိုက်ပျိုးနိုင်အောင် လယ်ဆည်ဝန်ကြီးဌာနအနေနဲ့လည်း ကျွန်တော်တို့က အားပေးဖို့၊ ကူညီပံ့ပိုးဖို့၊ ပြီးတော့မှလည်း ရရှိလာတဲ့ ဒီကုန်ပစ္စည်းကိုလည်း ခုလိုဒါ စီးပွားကူးသန်းအနေနဲ့ ဒါ ဂျပန်နဲ့ တရုတ်လိုင်းမှာ အဓိကသုံးနေတဲ့ စားသုံးသီးနှံဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါ တစ်ဖက်တစ်လမ်းကလည်း အတတ်နိုင်ဆုံး ဈေးကွက် ရှာပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ ဒါကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ပြည်သူတွေဝင်ငွေရဖို့ ဒါ ဘာပဲပြောပြော တခြားလုပ်ငန်းထက်စာမယ်ဆိုရင်တော့ ဒီ 'ဝ'ဥစိုက်ပျိုးရေး လုပ်ငန်းဟာ တောင်သူတွေအတွက် တကယ့်ကို ဝင်ငွေရရှိတဲ့ လက်တွေ့ခံစားနေကြရတာ တွေ့တဲ့အတွက်ကြောင့်မို့ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ တောင်သူ တွေ ရေ၊ မြေ၊ ရာသီဥတုနဲ့ ကိုက်ညီတဲ့နေရာမှာ တောင်သူတွေ ဝင်ငွေရစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဒီအဆိုကို ကျွန်တော် တင်သွင်းတာဖြစ်ပါတယ်။ ဒါကြောင့် အခုလည်း စီးပွားကူးသန်းအနေနဲ့ ထောက်ခံပါ ဆိုတာ ကျွန်တော့်အနေနဲ့ အများကြီးဝမ်းသာပါတယ်။ ဒါကြောင့် ဒါကို ကျွန်တော်တို့ ကိုယ်စားလှယ်တွေ အားလုံးအနေနဲ့ ဒါ အတည်ပြုပေးနိုင်ဖို့ ဆန္ဒရယူလို့ဖို့ ကျွန်တော့်အနေနဲ့ ဆန္ဒပြုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကို ဦးဟာရှိန်းဘွေ က ဘယ်လိုသဘောရှိသလဲ။ သဘောထားကလေး။

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ သဘောတူပါတယ်။ အတည်ပြုပေးဖို့ သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ရုပ်သိမ်းဖို့ သဘောတူလား။ ဟုတ်ကဲ့ပါ။

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ ကျွန်တော်က ဘာလည်းဆိုတော့ ဒီ စီးပွားကူးသန်းအနေနဲ့ ဒါ သဘောတူပြီးသား ဖြစ်တယ်၊ ဝန်ကြီး ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော် ဖြစ်စေချင်တာက လယ်ဆည်ဝန်ကြီးဌာနအနေနဲ့လည်း အတတ်နိုင်ဆုံးစိုက်ပျိုးတဲ့ နေရာမှာလည်း တကယ် နည်းပညာတွေ ပေးဖို့တယ်၊ ပြီးတော့မှ အခုပြောသလို စိုက်ပျိုးစရိတ်ချေးငွေတွေ ဈေးနှုန်းသက်သက်သာသာနဲ့ အတိုးနှုန်းသက်သက်သာသာနဲ့ တောင်သူတွေကိုချေးပေးဖို့လိုတယ်။ အဲဒါလေးလည်း ကျွန်တော် ပါစေချင်ပါတယ်။ ဒါမှ ကျွန်တော်တို့က ဒီလုပ်ငန်းကအောင်မြင်မှာ ဖြစ်ပါတယ်။ အဲဒါလေးလည်း ပါစေချင်ပါတယ်။ ဟုတ်ကဲ့ပါ။

**ဒုတိယဥက္ကဋ္ဌ။** ။ အဲဒီတော့ ကျွန်တော်တို့က စီးပွားကူးသန်းဝန်ကြီးကို မေတ္တာရပ်ခံတာပေါ့၊ နော်။ ဒီကတော့ ဆောင်ရွက်ပေးမယ်၊ သို့သော် ခုနက လယ်ဆည်ဝန်ကြီးဌာနနဲ့လည်း ပေါင်းစပ်ပြီးတော့ ဆောင်ရွက်ပေးလိုက်ပါလို့၊ လွှတ်တော်အနေနဲ့ မေတ္တာရပ်ခံပါတယ်။

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ ဟုတ်ကဲ့ပါ။

**ဦးဝင်းမြင့် (ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ ဟုတ်ကဲ့ပါ။ ဌာနနဲ့ပတ်သက်ပြီးတော့၊ စောစောက ဦးဟာရှိန်းဘွေ ဆွေးနွေးသွားတဲ့ နည်းပညာနဲ့ စိုက်စရိတ်ချေးငွေ သက်သက်သာသာရရှိရေးကိုလည်း ကျွန်တော် ညှိနှိုင်းဆောင်ရွက်ပေးမှာပါ။

**ဒုတိယဥက္ကဋ္ဌ။** ။ အဲဒီတော့ ဦးဟာရှိန်းဘွေ ရဲ့ အဆိုကို ဦးဟာရှိန်းဘွေ ကလည်း ပြန်လည်ရုပ်သိမ်းခြင်းကို ခွင့်ပြုရန် သင့်/မသင့် ကျွန်တော်တို့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ယူပါမယ်။ ဦးဟာရှိန်းဘွေ ရဲ့ အဆိုကို ပြန်လည် ရုပ်သိမ်းခွင့်ပြုရန်

လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

မဟုတ်ဘူးလေ၊ ခုနက ရုပ်သိမ်းတယ် ဆိုတော့၊ အခု ဒါဆို မရုပ်သိမ်းဘူးပေါ့။ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ယူမယ်ပေါ့။ ဟုတ်ပါပြီ။

**အချိန်၊ ၁၄း၃၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးဟာရှိန်းဘွေ ရဲ့ သူ့အဆိုကို ကျွန်တော်တို့လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူဖို့ တင်ပြတဲ့အတွက် ကျွန်တော် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူတဲ့နေရာမှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြုပြီးတော့ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၉၄) မဲ၊ ကန့်ကွက်ဆန္ဒမဲ(၂) မဲ၊ ကြားနေဆန္ဒမဲ(၃) မဲ ဖြစ်ပါတယ်။

ထောက်ခံဆန္ဒမဲ များတဲ့အတွက် ဦးဟာရှိန်းဘွေရဲ့ အဆိုကို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) ၏ အခြေခံပညာအဆင့် အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၃၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် က အခြေခံပညာအဆင့် အထက်တန်းကျောင်းများတွင် ကျောင်း စာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်ပေးရန် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးဆလိုင်းခွဲယန် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၈။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခြေခံ ပညာအဆင့် အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်း စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ပညာရေးမျှော်မှန်းချက်ဟာ မျက်မှောက်ကာလ ဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကိုရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန် ဆိုတာကို အားလုံးပဲသိရှိကြပြီး ဖြစ်ပါတယ်။ ဒီမျှော်မှန်းချက်ထဲမှာ အဓိကအကျဆုံးကတော့ အစဉ်လေ့လာသင်ယူနေသော လူ့အဖွဲ့အစည်းကို ဖန်တီး ပေးနိုင်ရေး ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ အစဉ်လေ့လာသင်ယူနေသော လူ့အဖွဲ့အစည်း ပေါ်ပေါက် လာဖို့ဆိုရင် ငယ်ရွယ်ကတည်းကပဲ ကိုယ်တိုင်လေ့လာသင်ယူတတ်တဲ့ အလေ့အကျင့်ကို ပျိုးထောင် ပေးရမှာ ဖြစ်ပါတယ်။ အခြေခံကျကျ တွေးကြည့်မယ်ဆိုရင် စာသင်ကျောင်း က စတင်ရမှာ ဖြစ်ပါတယ်။ တကယ်တော့စာသင်ကျောင်းဆိုတာ ပညာဖြန့်ဖြူးရာဌာနဖြစ်သလို ကျောင်းရဲ့ အစိတ်အပိုင်း တစ်ခုဖြစ်တဲ့ ကျောင်းစာကြည့်တိုက်ဟာလည်း ကိုယ်တိုင်သင်ယူလေ့လာသူများအတွက် ဗဟုသုတများ အဆင်သင့် သိုလှောင်ပေးထားတဲ့ ပညာ့ဘဏ်တိုက်တစ်ခုလည်း ဖြစ်ပါတယ်။ လောကရဲ့ ပြတင်းပေါက်တစ်ခု လို့လည်း ဆိုစမှတ်ပြုကြပါတယ်။ ဆရာတစ်ယောက်ဟာ စာသင်ခန်းထဲမှာ ပညာရေးအခြေခံလောက် ကိုသာ သင်ကြားပေးနိုင်တာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်ဝေါဟာရအချို့ ပါလာမှာဖြစ်တဲ့အတွက်ကြောင့် ခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ကိုယ်တိုင်သင်ယူမှုနဲ့ဆိုင်တဲ့ အင်္ဂလိပ်စကားပုံတစ်ခုမှာ a teacher can open the door but you must enter yourself လို့ ဆိုထားပါတယ်။ ဆရာဟာ တံခါးပေါက်ကိုသာ ဖွင့်ပေးနိုင်ရုံသာ ဖြစ်ပါတယ်။ အထဲမှာကိုယ်တိုင်ဝင်ရောက်ရမှာဖြစ်ပါတယ်လို့ ဆိုထားတာဖြစ်ပါတယ်။ သိပ်ကိုမှန်ပါတယ်။ သင်ယူသူကျောင်းသားဟာပညာရဲ့ အနှစ်သာရကို လိုချင်ရင် ကိုယ်တိုင်ဝင်ရောက် လေ့လာ ရှာဖွေစူးစမ်းမှ သာရရှိနိုင်မှာဖြစ်ပါတယ်။ စာသင်ကျောင်းရဲ့ သင်ကြားမှုကို အဓိကထောက်ပံ့ပေး နိုင်တဲ့အရာကတော့ ကျောင်းစာကြည့်တိုက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် စာသင်ကျောင်းတစ်ခုရဲ့နှလုံးဟာ စာကြည့်တိုက်လို့ ဆိုရ မှာဖြစ်ပါတယ်။ စာသင်ကျောင်းတစ်ခုရဲ့ အရည်အချင်းကို သတ်မှတ်စံထားမယ်ဆိုရင် ကျောင်းစာကြည့် တိုက်ဟာ အဓိကထည့်သွင်းစဉ်းစားရမယ့် အင်္ဂါရပ်တစ်ခုပဲ ဖြစ်ပါတယ်။

ကျောင်းစာကြည့်တိုက် ဆိုတာ ပညာဗဟုသုတရှာဖွေရန် နေရာသပ်သပ် မဟုတ်ပါဘူး။ ကျောင်းသားလူငယ်များ ကျောင်းနေပျော်အောင်ဖြစ်စေ၊ စိတ်အပန်းဖြေရန်ဖြစ်စေ ဖန်တီးပေးတဲ့ ကျောင်းရဲ့ သင်ယူမှုဝန်းကျင် တစ်ခုလည်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် အခြေခံပညာမူလတန်းကစပြီး တက္ကသိုလ်ကောလိပ်အဆင့်အထိ ကျောင်းတိုင်းမှာစာကြည့်တိုက်တွေရှိသင့်တယ်ဆိုတာကိုတော့ အထူး ပြောစရာမလိုအပ်ပါဘူး။ ကျွန်တော့်အနေနဲ့ ကျောင်းတိုင်းမှာစာဖွင့်လှစ်ရေး၊ စာကြည့်တိုက်များခေတ်မီ

တိုးတက်ရေးကို ဆောင်ရွက်သင့်တယ်လို့ ယုံကြည်ယူဆပေမယ့် လက်ရှိ မြန်မာနိုင်ငံရဲ့ စီးပွားရေး ခနအင်အားနဲ့ လူသား အရင်းအမြစ်ရရှိနိုင်မှု အနေအထားကိုမူတည်ပြီးတော့မှ အခြေခံပညာအဆင့် အထက်တန်း ကျောင်းများကိုသာ ရည်ညွှန်းပြီး တိုက်တွန်းပြောဆိုရခြင်း ဖြစ်ပါတယ်။

အရင်က အခြေခံပညာ အထက်တန်းကျောင်းတိုင်းမှာ စာဖတ်ခန်းတွေ၊ စာကြည့်တိုက်တွေ ရှိခဲ့ပါတယ်။ ၁၉၈၈ နောက်ပိုင်းနှစ်များမှာတော့ ကျောင်းစာကြည့်တိုက်တွေဟာ တစ်ဖြည်းဖြည်း မှေးမှိန် လာပြီးတော့ တချို့ကျောင်းများမှာဆိုရင် လုံးဝပျောက်ကွယ်တဲ့အထိ ဖြစ်သွားတာကို သတိထားမိပါတယ်။ တစ်ဖက်မှာ ကျေးရွာစာကြည့်တိုက်များ တစ်စခန်းထလာတာကိုလည်း တွေ့ကြရမှာ ဖြစ်ပါတယ်။ လက်ရှိ အခြေအနေမှာတော့ စာပေရေချမ်းစင်လေးတွေ ပေါ်လာတာကိုလည်း အားလုံး သတိထားမိကြမှာပါ။ ကျေးရွာစာကြည့်တိုက်များ ဘယ်လောက်ထိ အောင်မြင်သလဲဆိုတာကိုတော့ အားလုံးသိရှိကြပြီး ဖြစ်ပါ တယ်။ ကျေးရွာ စာကြည့်တိုက်အများစုဟာ ဆိုင်းဘုတ်ကလေးသာ ချိတ်ထားပြီးတော့ နေ့စဉ် သော့ခတ် ထားတာမျိုး၊ အဆောက်အဦလေးသာ ရှိပြီးတော့ စာအုပ်မရှိ၊ စာဖတ်သူမရှိနဲ့ ဘယ်သူက တာဝန်ယူ ဆောင်ရွက်သလဲ ဆိုတာတောင် အစရှာမရတဲ့ အနေအထားမျိုး ဖြစ်သွားပါတယ်။

ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါကြောင့် ယနေ့ဒီအချိန်အခါမှာ ဘာကြောင့်ကျောင်း စာကြည့် တိုက်တွေ မှေးမှိန်ရသလဲဆိုတာကို ဆန်းစစ်ဖို့ အချိန်တန်ပြီဖြစ်ပါတယ်။ စာသင်ကျောင်းဟာ စာကြည့် တိုက် ကြီးကြပ်နိုင်တဲ့ သင်ကြားရေးဆရာတွေ ရှိပါတယ်။ ရုံးဝန်ထမ်းတွေလည်း ရှိပါတယ်။ စာဖတ်မယ့် ကျောင်းသူ၊ ကျောင်းသားတွေ ရှိပါတယ်။ ဘာကြောင့်စာကြည့်တိုက်တွေဟာ သော့ခတ်ထားရပါသလဲ။ စာအုပ်တွေဘီရိုတွေ အပြင်ဘက်ကို ဘာဖြစ်လို့ ရောက်မလာတာလဲ။ သုံးသပ်ဖို့လိုနေပြီ ဖြစ်ပါတယ်။ ကျောင်းစာကြည့်တိုက် တစ်ခုဖြစ်မြောက်ဖို့အတွက် Building Books Brain Budget Borrower ဆိုပြီး B (၅)လုံးဟာ လိုအပ်တယ်လို့ မှတ်သားဘူးပါတယ်။ ပထမ B ကတော့ Building ဆိုတဲ့ အဆောက်အဦ ဖြစ်ပါတယ်။ သီးသန့်အဆောက်အဦ ဒါမှမဟုတ် လိုအပ်သော အခန်း အကျယ်အဝန်း ဖြစ်နိုင်ပါတယ်။ ကျောင်းတစ်ကျောင်းရဲ့ ကျောင်းသားအင်အားနဲ့လည်း ကိုက်ညီရပါမယ်။ လေဝင် လေထွက်ကောင်းပြီး အလင်းရောင် လိုအပ်ပါတယ်။ အနံ့အသက်ကင်းပြီး သန့်ရှင်းသပ်ရပ်နေရပါမယ်။ မိုးဒဏ်လေဒဏ် လုံခြုံရပါမယ်။ စာကြည့်တိုက်ခန်းသုံး၊ စာအုပ်စင်၊ ဘီရို၊ စားပွဲ၊ ကုလားထိုင် စတာတွေ လုံလောက်အောင် လိုအပ်သလို စာဖတ်ချင်တဲ့စိတ် ရှိလာအောင် နှိုးဆော်ပေးတဲ့ နေရာထိုင်ခင်းမျိုးဖြစ်ဖို့၊ ဇိမ်ကျကျ စီစဉ်ထားပေးမယ်ဆိုရင် ပိုမိုအောင်မြင်ထိရောက်စေမှာ ဖြစ်ပါတယ်။

ဒုတိယ B ကတော့ Books and Other Resources ဖြစ်ပါတယ်။ စာကြည့်တိုက်မှာ အဓိက အကျဆုံးကတော့ စာအုပ်ပဲဖြစ်ပါတယ်။ ကမ္ဘာ့နာမည်ကြီး တက္ကသိုလ်တွေရဲ့ အရည်အချင်းကို တိုင်းထွာ တဲ့နေရာမှာ စာကြည့်တိုက်နဲ့ အခြားအထောက်အကူပြုပစ္စည်းတွေ ဘယ်လောက်ရှိသလဲဆိုတဲ့ အပေါ် မှာပဲ တိုင်းထွာတယ်လို့ မှတ်သားဘူးပါတယ်။ ကျောင်းစာကြည့်တိုက်မှာ ကျောင်းသင်ရိုးကို အထောက် အကူပြုတဲ့ စာအုပ်တွေ၊ ကျောင်းသူ/ကျောင်းသားများ စိတ္တ၊ ဗလမြှင့်တင်ပေးတဲ့ စာအုပ်တွေ၊ သင်ကြား ရေး ဆရာ/ဆရာမများအတွက် အထောက်အကူပြုစာအုပ်၊ စာစောင်တွေလုံလုံ လောက်လောက် ရှိသင့် ပါတယ်။ စွယ်စုံကျမ်းတွေ၊ အနှစ်ချုပ်၊ အဘိဓာန်လက်စွဲ၊ ဆရာလက်စွဲ လမ်းညွှန်စာအုပ်၊ မြေပုံစာအုပ်၊ နိုင်ငံတော် ပြန်တမ်းများ၊ ရည်ညွှန်းစာအုပ်များ၊ ရုပ်ပြစာအုပ်၊ ကျောင်းသင်ဘာသာ ရပ်ဆိုင်ရာ ဂျာနယ်များ၊ စာစောင်များ ထားရှိရမှာ ဖြစ်ပါတယ်။

ကျောင်းစာကြည့်တိုက်အတွက် လိုအပ်သော စာအုပ်များကို ဘယ်လိုရအောင် စီစဉ်သင့်သလဲ။ နိုင်ငံတော်ရဲ့ အလှူရှင်များ များစွာလိုအပ်ပါတယ်။ ကျောင်းအစီအစဉ်နဲ့လည်းဆောင်ရွက်နိုင်ပါတယ်။ အလှူရှင်များနဲ့လည်းချိတ်ဆက်နိုင်ပါတယ်။ အရပ်ဘက်အဖွဲ့အစည်းများနဲ့လည်းချိတ်ဆက်နိုင်ပါတယ်။ တကယ်တော့ ကွန်ပျူတာနဲ့တကွ VCD,DVD တို့နဲ့ E-Library နဲ့ အစပြုထားဖို့ ဖြစ်ပါတယ်။ စာကြည့်တိုက် အခန်းကိုလည်း စနစ်တကျခင်းကျင်းထားဖို့ လိုအပ်ပါတယ်။ သမိုင်းဝင် ပန်းချီကားချပ်၊ ဓာတ်ပုံများ၊ ပိုစတာများ၊ သင်ထောက်ကူမြေပုံကားချပ်များ၊ ကျောင်းသူ ကျောင်းသားများရဲ့ လက်ရာနံရံကပ်စာစောင်များ၊ ဆုရပန်းချီကားများကိုပါ ခင်းကျင်းချိတ်ဆွဲထားပေးဖို့ လိုအပ်ပါတယ်။

အလှူရှင်များကဆီက စာအုပ်လှူဒါန်းမယ် ဆိုရင်တောင် ကျောင်းအတွက် လိုအပ်တဲ့ စာအုပ်မျိုး ဖြစ်ရပါမယ်။ တတိယ B ကတော့ Brain ဦးနှောက်ပဲဖြစ်ပါတယ်။ စာကြည့်တိုက် တစ်ခု ရှင်သန်ဖို့ ဘယ်လိုဦးနှောက်သုံးပြီးစီမံခန့်ခွဲမလဲဆိုတဲ့ အချက်ဖြစ်ပါတယ်။ စီမံမှုကောင်းရင် ကောင်းသလို စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ကျောင်းစာကြည့်တိုက်ရဲ့ မူဝါဒ သတ်မှတ်မှု၊ စာကြည့်တိုက်အတွင်း အခင်းအကျင်း၊ ကျောင်းစာကြည့်တိုက် ထိန်းသိမ်းခြင်း၊ ကြပ်မတ်ခြင်းတို့ဟာ အလွန်အရေးကြီးပါတယ်။ စာကြည့်တိုက်ဆို ကတည်းက ကျောင်းကိုအကျိုးပြုဖို့ စီမံရမှာဖြစ်ပါတယ်။ အခင်းအကျင်းအနေနဲ့တော့ကျောင်းသူ ကျောင်းသားများ ကျောင်းနေပျော်၍ စာဖတ်ချင်စိတ်ရှိလာရေး အတွက် စီစဉ်တတ်ရပါတယ်။ ကျောင်းစာကြည့်တိုက် တာဝန်ခံအပါအဝင် ကျောင်းစာကြည့်တိုက် အကျိုးပြုအဖွဲ့၊ အထောက်အကူအဖွဲ့ ထားရှိရပါမယ်။ စာကြည့်တိုက်အချိန်စာရင်းသတ်မှတ်မှု၊ အထူးသဖြင့် ရန်ပုံငွေစီမံခန့်ခွဲမှု၊ ခွဲဝေမှုတို့ကို ကျွမ်းကျင်ပါးနပ်ဖို့ လိုအပ်ပါတယ်။ ဒါမှသာ စာကြည့်တိုက် အဆင့် အတန်းတိုးတက်လာမှာ ဖြစ်ပါတယ်။ အရပ်ဖက် အဖွဲ့အစည်းများနဲ့ ချိတ်ဆက် နိုင်မှု နိုင်ငံတကာမှ စာကြည့်တိုက် အဖွဲ့အစည်းများနဲ့ ချိတ်ဆက်ပြီး နည်းပညာ အထောက်အပံ့ ရယူနိုင်တာမျိုးလည်း စာကြည့်တိုက်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေနိုင်မှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်အနေနဲ့ စာကြည့်တိုက်အတွက် သီးသန့်ဝန်ထမ်း ခန့်ထားဖို့ လိုအပ်ပါတယ်။ ဒါမှသာ စာကြည့်တိုက်လုပ်ငန်းကို ပီပီပြင်ပြင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ကျောင်းဆရာအတတ်သင်ကျောင်းတွေမှာ စာကြည့်တိုက် အတတ်ပညာကို သင်ရိုးမာတိကာထဲမှာ ထည့်သွင်းထားဖို့ လိုအပ်လာပြီ ဖြစ်ပါတယ်။ ဆရာတိုင်းက ကျောင်းစာကြည့်တိုက်လုပ်ငန်းကို နားလည်မှသာ ကျောင်းသူ ကျောင်းသားများကို အထောက်အပံ့ပြုနိုင်မှာ ဖြစ်ပါတယ်။

စတုတ္ထ B ကတော့ Budget ဆိုတဲ့ ဘဏ္ဍာငွေ ဖြစ်ပါတယ်။ ဘဏ္ဍာငွေမရှိဘဲနဲ့တော့ စာကြည့်တိုက် ရပ်တည်လို့ မရနိုင်ပါဘူး။ စာကြည့်တိုက်အတွက်စာအုပ်အထောက်အပံ့ပစ္စည်းအသစ်တွေ နှစ်စဉ်ဖြည့်ဆည်းပေးရန်လိုသလို နှစ်စဉ်ပျက်စီးဆုံးရှုံးမှုအတွက်ကိုပါ အစားထိုးပေးဖို့ဘဏ္ဍာငွေ လိုအပ်ပါတယ်။ အထက်တန်းကျောင်းတွေမှာ သိပ္ပံအကူခန့်ထားခြင်းထက် စာကြည့်တိုက်ဝန်ထမ်း တစ်ယောက် ခန့်ထားပေးမယ်ဆိုရင် တစ်ကျောင်းလုံးကို ပိုပြီးမှ အကျိုးပြုနိုင်မယ်လို့ ဆိုချင်ပါတယ်။ နိုင်ငံတော်အနေနဲ့ နှစ်စဉ် စာကြည့်တိုက်အတွက် အသုံးစရိတ် ခွင့်ပြုသင့်ပါတယ်။ ကျောင်းစာကြည့်တိုက် ဖောင်ဒေးရှင်းများ ပေါ်ထွက်လာဖို့လည်း စီမံပေးသင့်ပါတယ်။ အရင်ကမိဘဆရာ အသင်းရန်ပုံငွေထဲမှာ ASL ဆိုပြီး သုံးစွဲတာ ရှိပါတယ်။ L ဆိုတဲ့ Library ဟာ (၃း၂း၁)ထဲမှာ အနည်းဆုံး ဖြစ်ပြီးတော့ နေ့စဉ်ထုတ်သတင်းစာဖိုးတောင် မကာနိုင်တဲ့ အနေအထား ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်ရဲ့ School Grant ထဲမှာ ဘတ်ဂျက်ခေါင်းစဉ် ၀၃/၀၉ ခေါင်းစဉ်နဲ့ စာအုပ်စာနယ်ဇင်း၊ သတင်းစာနဲ့ငွေစာရင်းခေါင်းစဉ်နဲ့ ရုံးနဲ့ဌာနသုံးစွဲရန်အတွက် စာအုပ်ဝေရန်သာ စာအုပ်ပါရှိပါတယ်။ ကျောင်းစာကြည့်တိုက်အတွက် အသုံးစရိတ် မပါဝင်သေးတာကို သတိပြုမိပါတယ်။ ထည့်သွင်း စဉ်းစားပေးသင့်တယ်လို့ ယူဆပါတယ်။ ကျောင်းရဲ့ လှုပ်ရှားမှုအနေနဲ့ (၁)စာကြည့်တိုက် အသင်းဝင်ကြေး၊ သတ်မှတ်ခြင်း၊(၂)စာအုပ်ငှားရမ်းခသတ်မှတ်ခြင်း၊ အသင်းဝင်ကြေးသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်မယ် ဆိုရင်လည်း ပျက်စီးဆုံးရှုံးမှုအတွက် ထိန်းသိမ်းခအဖြစ် တစ်ဖက်တစ်လမ်းမှ ရန်ပုံငွေ ရှာပေးနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရန်ပုံငွေ ရရှိနိုင်မှုအပေါ် အခြေခံပြီးတော့ စာကြည့်တိုက် ရှင်သန် ဖွံ့ဖြိုးအောင် ဆောင်ရွက်သင့်ပါတယ်။

နောက်ဆုံး B ကတော့ Borrower ဆိုတဲ့စာအုပ်ငှားရမ်းသူများဖြစ်ပါတယ်။ Borrower အနေနဲ့ အဓိကဖြစ်သင့်တာကတော့ စာကြည့်တိုက်တွေရှိရာကျောင်းရဲ့ သင်ကြားရေးဆရာများ ၊ ကျောင်းသားများပဲ ဖြစ်သင့်ပါတယ်။ ဒုတိယအနေနဲ့ ကျောင်းပတ်ဝန်းကျင်မှာရှိတဲ့ဆရာနဲ့ ကျောင်းသားများ ဖြစ်သင့်ပါတယ်။ နောက်တစ်ခု စဉ်းစားရမှာက ကျောင်းသားဟောင်းများပဲ ဖြစ်ပါတယ်။ ကျောင်းသား အဟောင်းတွေဟာ မိခင်ကျောင်း အဟောင်းပေါ်မှာစေတနာနဲ့ တတ်နိုင်သလောက်ပံ့ပိုးကူညီပေးတာကြောင့် သူတို့ကိုလည်း ဝင်ရောက်ဖတ်ရှုခွင့်၊ ငှားရမ်းခွင့်ပြု ပေးသင့်ပါတယ်။ ကျောင်းစာကြည့်တိုက် အဓိက ဦးတည်ချက်ဟာ သင်ကြားရေးကို အထောက်အကူပြုစေဖို့ ကလေးတွေရဲ့ ကိုယ်တိုင်သင်ယူ ရှာဖွေတတ်တဲ့ စိတ်ဓာတ်ကို မြှင့်တင် ပေးဖို့၊ စာဖတ်တဲ့အလေ့အထကို ပျိုးထောင်ပေးဖို့၊ စာရိတ္တမြှင့်တင်ပေးဖို့ ဖြစ်တာကြောင့် စာဖတ်သူ၊ စာငှားသူများလေ စာကြည့်တိုက် အောင်မြင်လေဖြစ်မှာ သေချာပါတယ်။

ဒါကြောင့် စာဖတ်သူများစေဖို့ စီမံခန့်ခွဲမှုပြုပေးရမှာ ဖြစ်ပါတယ်။ ကျောင်းစာကြည့်တိုက် ခင်းကျင်းမှုပုံစံကိုလည်း ဘီရိုထဲမှာသော့ခတ်ပြီး စာအုပ်ထိန်းသိမ်းတဲ့စနစ်က ရုန်းထွက်ပြီးတော့ ဖတ်ရှုရမယ့် စာအုပ်ကိုလွယ်လွယ်ကူကူ ရှာဖွေနိုင်တဲ့ စာအုပ်စင်စနစ်မျိုး ပြောင်းလဲလာဖို့ လိုအပ်နေတာ ဖြစ်ပါတယ်။ တကယ်တော့ ကျောင်းသားလူငယ်များ စာများများဖတ်နိုင်ဖို့ ကျောင်းစာကြည့်တိုက် အခန်းကဏ္ဍဟာ အလွန်ပဲအရေးပါပါတယ်။ ဒါကြောင့်ယခုအချိန်မှာ နိုင်ငံတကာစာကြည့်တိုက် အဖွဲ့အစည်းတွေလည်း အများအပြားပေါ်ပေါက်လာပြီဖြစ်ပါတယ်။ SLA ဆိုတဲ့ School Library Association, IASL International Association of School Librarian တို့ဟာ နိုင်ငံပေါင်းများစွာနဲ့ ချိတ်ဆက် ပူးပေါင်း ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ International Association of School Librarians အဖွဲ့ဟာ အောက်တိုဘာလကို International School Library Month လို့သတ်မှတ်ပြီးတော့ International School Library Day ကို ကျင်းပခဲ့ကြပါတယ်။

၂၀၁၄ နှစ်မှာဆိုရင် လွန်ခဲ့တဲ့ အောက်တိုဘာ (၆)ရက်နေ့တုန်းက UK နိုင်ငံလန်ဒန်မြို့မှာ ကျင်းပခဲ့ကြပါတယ်။ အဖွဲ့ဝင်နိုင်ငံများက အကောင်းဆုံးစာကြည့်တိုက်မှူး ဂုဏ်ပြုဆုကိုလည်း ပေးအပ်ခဲ့ကြောင်း သိရှိရပါတယ်။ ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာကျောင်းစာကြည့်တိုက်နေ့ ဆောင်ပုဒ်ကတော့ Your School Library Mind Must Centre ဖြစ်ပါတယ်။ သင့်ကျောင်း စာကြည့်တိုက်က စိတ်ကူး ဗဟိုချက်မလို့ ကျွန်တော့်အနေနဲ့ ဘာသာပြန်ထားလိုက်ချင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကျောင်းစာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ ခေတ်မီလာဖို့၊ နိုင်ငံတကာ စာကြည့်တိုက်အဖွဲ့အစည်းတွေ၊ စာကြည့်တိုက် ဖောင်ဒေးရှင်းတွေနဲ့ ချိတ်ဆက် ပူးပေါင်းသင့်ပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ ရှိတဲ့စာကြည့်တိုက်

ဖောင်ဒေးရှင်းဟာလည်း မြန်မာပြည် မှာရှိတဲ့ ကျောင်းစာကြည့်တိုက်တွေကို ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် တည်ထောင်ခြင်း ဖြစ်မယ်လို့ ယုံကြည်ပါတယ်။

ပြည်တွင်းမှာ စာကြည့်တိုက်ဖောင်ဒေးရှင်းတွေများများ ပေါ်ပေါက်လာဖို့လည်း လိုအပ်ပါတယ်။ အထူးသဖြင့် ကျောင်းတွေမှာ စာကြည့်တိုက်တွေ ပီပီပြင်ပြင်ရှိလာပြီး ကျောင်းစာကြည့်တိုက်တွေဆက်လက်ရှင်သန် ခေတ်မီဖွံ့ဖြိုးတိုးတက်လာဖို့၊ ပံ့ပိုးကူညီဖို့ အများကြီးလိုအပ်နေပါတယ်။ တာဝန်ရှိတဲ့ ပုဂ္ဂိုလ် အကြီးအကဲများအနေနှင့်လည်း ရန်ပုံငွေခွဲဝေပေးရင်တောင် ဥပေက္ခာပြုထားလို့ မရပါဘူး။ တာဝန်ရှိတဲ့အတိုင်း အဆင့်ဆင့် ကြပ်မတ်မှု၊ စစ်ဆေးမှု၊ ဂုဏ်ပြုချီးမွမ်းမှုတွေနဲ့ လုပ်ပေးရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအဖွဲ့ဟာ ကျောင်းတွေစစ်ဆေးတိုင်း စာကြည့်တိုက်များကို ဝင်ရောက် စစ်ဆေးခြင်း၊ အကြံပြုတိုက်တွန်းပေးခြင်းများပြုလုပ်ပေးသင့်ပါတယ်။ ဆက်စပ်တင်ပြရမယ်ဆိုရင် ကျွန်တော့်အနေနဲ့ ၂၀၀၄ ခုနှစ်ကစပြီး ၂၀၀၉ ခုနှစ်အထိ အခြေခံပညာ အထက်တန်းကျောင်း ပလက်ဝမှာ စာကြည့်တိုက် တာဝန်ခံအဖြစ် (၅)နှစ်တာ စေတနာ အလျောက် တာဝန်ယူကြီးကြပ်ပေးစေကာ ပြည်နယ်ပညာရေး ကြီးကြပ်ရေးအဖွဲ့တွေ အကြိမ်ကြိမ်ကျောင်းစစ်ဖို့ လာရောက်ခဲ့ကြ ပေမယ့် ကျွန်တော့်ရဲ့ ကျောင်းစာကြည့်တိုက်အခန်းကို တစ်ကြိမ်တစ်ခါလောက်တောင် ဝင်ရောက်ကြည့်ရှု မသွားခဲ့ကြတာကိုတော့ ယနေ့အချိန်ထိ စိတ်မကောင်း ဖြစ်မိပါတယ်။

ဒါကြောင့် လွှတ်တော်ကတစ်ဆင့် တင်ပြတောင်းဆိုလိုတာကတော့ အခြေခံပညာအထက်တန်းကျောင်းတွေမှာ ကျောင်းစာကြည့်တိုက်တွေ ပေါ်ပေါက်အောင်ဆောင်ရွက်ပေးဖို့နဲ့ ရှိပြီးကျောင်းစာကြည့်တိုက်ကို ရှင်သန်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။ တစ်ချက်ချင်း တင်ပြရမယ်ဆိုရင် ကျောင်းစာကြည့်တိုက်အားဖြင့် တစ်ကျောင်းလုံး စာဖတ်တဲ့အလေ့အကျင့် ရှိလာဖို့စီမံပေးပါ။ ကျောင်းစာကြည့်တိုက်တွေ ဖွံ့ဖြိုးဖို့ဆောင်ရွက်နိုင်ဖို့အတွက် အချိန်ပြည့်ဝန်ထမ်းခန့်ထားရေး ဆောင်ရွက်ပေးပါ။ ကျောင်းစာကြည့်တိုက်တွေမှာ အရင်းအမြစ် အဟောင်းတွေအစား အရင်းအမြစ်အသစ်တွေဖြည့်တင်းပေးဖို့ နှစ်စဉ် ရန်ပုံငွေခွဲဝေပေးပါ။ ကျောင်းစာကြည့်တိုက်ကို ပျော်ရွှင်ဖွယ်၊ စိတ်အေးချမ်းသာဖွယ် သင်ယူမှုဝန်းကျင်တစ်ခုဖြစ်စေဖို့ နေရာထိုင်ခင်းတွေကိုလည်း ဖန်တီးပေးပါ။ ကျောင်းစာကြည့်တိုက်ကို ကျောင်းစာကြည့်တိုက်နဲ့တူစေဖို့၊ အလုပ်ရုံ၊ သိုလှောင်ရုံမဖြစ်စေဖို့ ဆောင်ရွက်ပေးပါ။ ကျောင်းစာကြည့်တိုက်မှာ ကျောင်းသားတွေကို လမ်းညွှန်ကူညီပေးနိုင်ဖို့အတွက် ဆရာ/ဆရာမများကို စာကြည့်တိုက် အသိပညာ ရရှိအောင် စီစဉ်ပေးပါ။

ရေရှည်လုပ်ငန်းစဉ်အနေနဲ့ ပညာရေးကောလိပ်၊ ပညာရေးတက္ကသိုလ်၊ သင်ရိုး၊ မာတိကာတွေမှာ စာကြည့်တိုက်ပညာကိုပါ ဘာသာရပ်တစ်ခုအနေနဲ့ ထည့်သွင်းပေးစေလိုပါတယ်။ ကျောင်းစာကြည့်တိုက်တွေအားလုံး E-Library ကို ဦးတည်စေမယ့် မူဝါဒချပေးဖို့ လိုအပ်ပါတယ်။ ကျောင်းတွေမှာ ကျောင်းစာကြည့်တိုက် အထောက်အကူပြုအဖွဲ့တွေ ဖွဲ့စည်းပြီး စာကြည့်တိုက်ကို စနစ်တကျစီမံခန့်ခွဲဖို့ လိုအပ်ပါတယ်။ ကျောင်းစာကြည့်တိုက် လှုပ်ရှားမှုတွေကိုလည်း ဆောင်ရွက်စေလိုပါတယ်။ ကျောင်းစာကြည့်တိုက်ကိုလည်း အဆင့်ဆင့် ကွင်းဆင်းစစ်ဆေးမှု၊ တိုက်တွန်း အားပေးမှုပြုပေးပါလို့ အဆိုပြုတင်ပြချင်ပါတယ်။ အချုပ်အားဖြင့် ကျောင်းစာကြည့်တိုက်ဟာ ကျောင်းသား/ကျောင်းသူများအတွက် ကျောင်းရဲ့စာသင်ချိန်နှင့် ကျောင်းပုံမှန်လှုပ်ရှားမှုနဲ့ ကျောင်းပြင်ပ စာသင်ချိန်

လုပ်ရှားမှုတွေအတွက် အရေးကြီးတဲ့ လူမှုနယ်ပယ်တစ်ခု ဖြစ်ပါတယ်။ ကျောင်းစာကြည့်တိုက် ဝင်ချိန် အခိုက်အတန့်ကာလတစ်ခုကတော့ သူတို့ရဲ့ ဘဝကို ပြောင်းလဲသွားစေနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ Power Point နဲ့ အနည်းငယ် တင်ပြခွင့်ပြုပါလို့ တောင်းဆိုပါတယ်။ အဲဒါ ကျွန်တော်တို့ကျောင်းမှာ လိုအပ်တဲ့စာအုပ်စင် နဲ့ပရိဘောဂ ဒီဇိုင်းတွေဖြစ်ပါတယ်။ မကောင်းတာကို စုစည်းထားတာ မကောင်းတာကို အတုယူတာ မဟုတ်ဘဲ စုစည်းတင်ပြခြင်း ဖြစ်ပါတယ်။ ဒါက နိုင်ငံတကာမှာရှိတဲ့ ကျောင်းတစ်ကျောင်း ကျောင်းစာကြည့်တိုက်ရဲ့ စာအုပ်စင်ဖြစ်ပါတယ်။ ဒါလည်းအားလုံးမြင်တွေ့ရတဲ့အတိုင်း ကျောင်းရဲ့ ခင်းကျင်းထားတဲ့စာကြည့်တိုက်ပုံစံဖြစ်ပါတယ်။ ဒါလည်း နေရာထိုင်ခင်းကို ဇိမ်ကျကျထိုင်နိုင်ဖို့ အတွက် ဖန်တီး စီစဥ်ထားတာ ဖြစ်ပါတယ်။ ဒါလည်း ကျောင်းရဲ့စာအုပ်စင် ဒီဇိုင်းလေးတွေ ဖြစ်ပါတယ်။ ဒါလည်း ကျောင်းစာကြည့်တိုက်မှာ ခင်းကျင်းထားတဲ့ စာအုပ်စင် အနေအထားလေး ဖြစ်ပါတယ်။ ဒါလည်း ကျောင်းရဲ့စာကြည့်တိုက်ပရိဘောဂတွေ၊ စာအုပ်စင်တွေတည်ရှိတဲ့ အနေအထားဖြစ်ပါတယ်။ ဒါလည်း စာအုပ်စင်ဒီဇိုင်းတစ်မျိုးပဲ ဖြစ်ပါတယ်။ နောက်တစ်ခါ စာကြည့်ခန်းမှာ အလှအပတွေနဲ့ စိတ်ဝင်စားစရာ အလှအပတွေနဲ့ ပြင်ဆင်ထားတာ ပြသဖို့ဖြစ်ပါတယ်။ ဒါစာကြည့်တိုက်ခန်းထဲမှာ ကလေးတွေ စိတ်ချမ်း သာအောင် စိတ်ဝင်စားမှုကောင်းအောင်၊ ဆွဲဆောင်မှုကောင်းအောင် လုပ်ထားတဲ့ကျောင်းတစ်ကျောင်း စာကြည့်တိုက် ဖြစ်ပါတယ်။ ဒါလည်းပဲ အလှအပနဲ့ မွမ်းမံချယ်လှယ်ထားတာ ဖြစ်ပါတယ်။ ဒါလည်းပဲ အားကစားကွင်းပုံစံတွေကို စာကြည့်တိုက်ထဲမှာ ဒီလိုဖော်ဆောင်ထားတာ ဖြစ်ပါတယ်။ ဒါစာကြည့်တိုက် အတွင်း ပျော်ရွှင်ဖွယ် ဖြစ်အောင်၊ ကလေးတွေ ပုံဆွဲတာဘာညာ အကုန်လုံး လုပ်ခွင့်ပြုထားတဲ့ အနေအထား ဖြစ်ပါတယ်။ ဒါ E-Library ကွန်ပျူတာ သုံးတဲ့စာကြည့်တိုက်စနစ် ဖြစ်ပါတယ်။ ဒါ E-Library အခန်းထဲမှာ ကျောင်းသားတွေ ပညာဆည်းပူးနေတဲ့၊ ကိုယ်တိုင်သင်ယူနေတဲ့ အနေအထားကို ပြသခြင်း ဖြစ်ပါတယ်။ ဒါ စာကြည့်တိုက်ခန်းထဲမှာ လွတ်လွတ်လပ်လပ် စာဖတ်ခွင့် အနှောင်အဖွဲ့မဲ့ စာဖတ်ခွင့်ပြု ထားတဲ့ ကျောင်းစာကြည့်တိုက် အနေအထား ဖြစ်ပါတယ်။ ဒါလည်းပဲ စာကြည့်တိုက်ခန်းထဲ ဆော့စရာ ကလေးတွေ လွတ်လွတ်လပ်လပ်နဲ့ ဆော့စရာ ရအောင် စီမံထားတဲ့ ကျောင်းစာကြည့်တိုက် အခန်းတစ်ခု ဖြစ်ပါတယ်။ ဒါလည်းပဲ ကိုယ့်ဟာကို လွတ်လွတ်လပ်လပ်နဲ့ Free Style စာဖတ်လို့ရအောင် လုပ်ထားတာဖြစ်ပါတယ်။ ဒါလည်း အတူတူ ဖြစ်ပါတယ်။ ဒါတော့စာဖတ်တဲ့အချိန်မှာ စာကြည့်တိုက်က ကြီးကြပ်သူက၊ လမ်းညွှန်မှုပေးတာ၊ ကူညီမှုပေး တာ လုပ်ပေးတဲ့ လမ်းညွှန်ကူညီမှုပေးတဲ့ အနေအထား ဖြစ်ပါတယ်။

ဒါလည်းလမ်းညွှန်မှု၊ အားပေးမှု၊ ကူညီမှုပေးတဲ့ အနေအထားဖြစ်ပါတယ်။ လမ်းညွှန်မှု၊ ကူညီမှုပေးတာ ဖြစ်ပါတယ်။ ဒါလည်းလမ်းညွှန် ကူညီမှုပေးတဲ့ ပုံတွေဖြစ်ပါတယ်။ ဒါကလေးတွေနဲ့အတူတူ တာဝန်ရှိတဲ့ စာကြည့်တိုက်က ဝန်ထမ်းတွေက ကူညီပေးတာဖြစ်ပါတယ်။ အဲဒီတော့ စာကြည့်တိုက် အခန်းထဲမှာ ငြိမ်ငြိမ်သက်သက်နဲ့ စာဖတ်ဖို့၊ စိတ်ငြိမ်သက်အောင်ထားပြီးမှ စာဖတ်ဖို့ အတွက် လေ့ကျင့်ပေးတဲ့ အနေအထား ဖြစ်ပါတယ်။ ဒါ ကလေးတွေ စာဖတ်နေတဲ့ပုံ ဖြစ်ပါတယ်။ ကလေးတွေ စာဖတ်နေတဲ့ပုံ ဖြစ်ပါတယ်။ ဒါတွေလည်း အတူတူဖြစ်ပါတယ်။ အဲဒီတော့ကျောင်းစာကြည့်တိုက်တွေမှာ စာကြည့်တိုက် ဆိုင်ရာပိုစတာများကို ချိတ်ဆွဲထားတာဖြစ်ပါတယ်။ ဒါ Find Yourself ကိုယ့်ဟာကို သင်ယူပါ၊ ရှာဖွေပါ ပိုစတာဖြစ်ပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့က စာအုပ်ကိုချစ်တဲ့ သူတွေပါလို့ ဖော်ညွှန်းထားတဲ့ ကျောင်းသားတွေရဲ့ ပိုစတာ ဖြစ်ပါတယ်။ Read Learn Enjoy ဖတ်ပါ၊ သင်ယူပါ၊

ပျော်ရွှင်ပါဆိုတဲ့ ပိုစတာကပ်ထားတာဖြစ်ပါတယ်။ ဒါစာကြည့်တိုက်ရဲ့ စည်းမျဉ်းစည်းကမ်းတွေကို ရေးဆွဲထားတဲ့ ပိုစတာလေး ဖြစ်ပါတယ်။ ဒါလည်းပဲ စာကြည့်တိုက်ရဲ့ ပိုစတာတွေ ဖြစ်ပါတယ်။ ဒါစာကြည့်တိုက်ရဲ့ ပိုစတာတွေ ဖြစ်ပါတယ်။ International School Library day ဆိုပြီးမှ သတ်မှတ်ထားတဲ့ဟာ ဖြစ်ပါတယ်။ ဒါ Love Library စာကြည့်တိုက်ကို ချစ်ပါ၊ မြတ်နိုးပါဆိုတဲ့ ပိုစတာ ဖြစ်ပါတယ်။ ဒါ ကျွန်တော်စောစောက စာကြည့်တိုက်ဗဟိုချက်မ Mind ကျောင်းစာကြည့်တိုက်ကို အဓိကနေရာမှာ ထားပါဆိုပြီး Central Topic အနေနဲ့ စိတ်ကူးဗဟိုချက်မလို့ ကျွန်တော့် ဘာသာပြန်ပြီးတော့မှ ဒါလုပ်ထားတာ ဖြစ်ပါတယ်။ ဒါ ပိုစတာဖြစ်ပါတယ်။ ဒါလည်းပဲ ကိုယ့်စာကြည့်တိုက် ခန်းထဲမှာ ကိုယ့်ဟာကိုယ် စိတ်ကူးယဉ်ပြီးမှ ကိုယ့်ဟာကို အတွေးသစ် အမြင်သစ် ဆန်းသစ်အောင် လုပ်တဲ့ ပုံစံလေး ပိုစတာ ဖြစ်ပါတယ်။

ဒါ စာအုပ်ဖတ်ပြီးရင်တော့ သူငယ်ချင်းတွေကို မျှဝေဖို့အတွက်၊ အပေါင်းအဖော်တွေကို မျှဝေဖို့အတွက် လုပ်ထားတဲ့ပိုစတာ ဖြစ်ပါတယ်။ ဒါကမ္ဘာလုံးပုံနဲ့စာကြည့်တိုက်ပိုစတာတစ်ခု ဖြစ်ပါတယ်။ ဒါ R (၃)လုံးဆိုပြီးမှ Recreation၊ Relax၊ Retain ဆိုပြီးမှ စာကြည့်တိုက်ပိုစတာ ပြထားတာဖြစ်ပါတယ်။ ဒါလည်း We Love Our Library ကျွန်တော်တို့က ကျောင်းစာကြည့်တိုက်ကို ချစ်ပါတယ် ဆိုပြီး ကျောင်းစာကြည့်တိုက်ရဲ့ ပိုစတာလေးဖြစ်ပါတယ်။ ဒါ ကျောင်းစာကြည့်တိုက်ကို နိုင်ငံ့ခေါင်းဆောင်တွေ တောင်မှ သွားရောက်အားပေးပြီးမှ လုပ်ပေးတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါ နိုင်ငံ့ခေါင်းဆောင်တစ်ဦးမှ စာကြည့်တိုက်မှာကလေးတွေကိုအားပေးတဲ့ ပုံစံ ဖြစ်ပါတယ်။ ဒါကျွန်တော်တို့အမျိုးသားလွှတ်တော်ရဲ့ စာကြည့်တိုက်ပုံ၊ ဒါ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ခန်းမ၊ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကတော့ ဒီလိုပဲစာအုပ်ပေါင်းများစွာ လေ့လာခွင့်ရတဲ့ အနေအထား ဖြစ်ပါတယ်။ ဒါကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ E-Library ခန်းမှာ လေ့လာသင်ယူနေတဲ့အခန်း ဖြစ်ပါတယ်။ ဒါက ကျောင်းသား၊ ကျောင်းသူများက တောင်းဆိုထားတဲ့ စာတမ်းလည်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက ကျွန်တော့်ရဲ့ဘဝကို မြှင့်တင်ပေးကြပါပုံ စာအုပ်ချစ်သူကျောင်းသားများဆိုတဲ့ ပိုစတာလုပ်ထားတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးသူငယ် အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်ရဲ့ Article 13 မှာလည်းကလေးတွေက သတင်းတွေကို ရယူခွင့်၊ ပြန်လည်မျှဝေခွင့် ရှိပါတယ်။ Article 17 မှာလည်းရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများ ကတစ်ဆင့်ကလေးတွေ ကြားသိယုံကြည်ခွင့်ရှိကြောင်း ဖော်ပြထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၆ မှာလည်း ပညာသင်ကြားခွင့်၊ စူးစမ်းရှာဖွေဖန်တီးခွင့်ပေးအပ်ထားပြီးဖြစ်ပါတယ်။

ဒါကြောင့်နိဂုံးချုပ်အနေနဲ့ အခြေခံပညာအဆင့် အထက်တန်းကျောင်းတိုင်းမှာ ကျောင်းစာကြည့်တိုက် ဖွင့်လှစ်ထားဖို့အချိန် တန်ပြီဖြစ်ပါတယ်။ The Reader Today, The Leader Tomorrow ဒီနေ့ စာဖတ်သူ မနက်ဖြန် ဦးဆောင်သူ ဆိုတဲ့စကားပုံ ရှိပါတယ်။ ကျောင်းသားလူငယ်များ စာဖတ်တဲ့ အလေ့အထရလေလေ၊ ထူးချွန်ထက်မြက်စဉ်းစားဉာဏ်ရှိတဲ့၊ တိုင်းပြည်ကိုချစ်တဲ့၊ ပရဟိတစိတ်ရှိတဲ့၊ ပညာကို တန်ဖိုးထားတတ်တဲ့၊ စာပေကို ချစ်မြတ်နိုးတတ်တဲ့ လူငယ်များ ဖြစ်လာကြမှာ ဖြစ်ပြီးတော့ တစ်နေ့မှာတော့ နိုင်ငံ့ခေါင်းဆောင်ကောင်းများအဖြစ်ကို ရောက်ရှိနိုင်ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးမျှော်မှန်းချက်ပါ အစဉ်လေ့လာသင်ယူနေသော လူ့အဖွဲ့အစည်းကို ဖန်တီးပေးနိုင်ရေးအတွက်

ကျွန်တော့်ရဲ့ အဆိုဖြစ်တဲ့ အခြေခံပညာအဆင့် အထက်တန်းကျောင်းများမှာ ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနဲ့ ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေး အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

နိုင်ငံတကာမှာရှိသည့် စာကြည့်တိုက်နှင့် စာအုပ်စင်များ မြင်ကွင်းပုံ (၄)




စာကြည့်တိုက် စာကြည့်ခန်းတွင် အလှအပများနှင့် စိတ်ဝင်စားစရာများ မြင်ကွင်းပုံ(၄-၁)



စာကြည့်တိုက်အတွင်း စာဖတ်နေသော မြင်ကွင်းပုံ (၅-၂)



**အချိန်၊ ၁၅း၀၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၅း၀၂။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)က ဦးဆလိုင်းခွဲယန်တင်သွင်းသွားတဲ့ အခြေခံပညာအဆင့် အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ဦးအောင်ချိုဦး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၀၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဆလိုင်းခွဲယန် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ အခြေခံ ပညာအဆင့် အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်း စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးဆလိုင်းခွဲယန် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးဆလိုင်းခွဲယန် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၂)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၃) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၅း၀၄။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၅း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]